
http://www.cherrythitsar.org

ဇာတ်ညွှန်း

ဆိုအကောင်မင်းဝေဝိမ်း

ဒါရိုက်တာ ဇာဂနာ



# ဘာအရေးကြီးဆုံးလဲ



ရုပ်ရှင်ကားကြီး ဇာတ်ညွှန်း





ရုပ်ရှင်ပါသနာပါသူတိုင်း ဖတ်ရှုခံစားကြည့်ပါ။

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အချာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.cherrythitsar.org

မြန္မာစာအုပ် - ၁၂ -

# ဘာအရေးကြီးဆုံးလဲ

ဇာတ်ညွှန်း

ကိုအောင်မင်းသိမ်း

ဒါရိုက်တာ

ဇာဂနာ ရိုက်ကူးသည်။

[ ထုတ်ဝေလ
၂၀၀၄၊ မေ။ ]

http://www.cherrythitsar.org


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၃/၂၀၀၄(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၀၁/၂၀၀၄(၄)

•

ထုတ်ဝေသူ– ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)(မြဲ ၀၉၁၀)၊ အမှတ်(၁၁၁)၊ ၃၃ လမ်း၊ ကျောက်တံတား။ ပုံနှိပ်သူ – ဒေါ်မြင့်မြင့်အေး (ရွှေတြိဂံအော့ဖ်ဆက်)၊ ၆/က၊ ဒေါနလမ်း၊ ရေကျော်၊ ပုဇွန်တောင်။ ကွန်ပျူတာ – မြနန်း[ာ။ မျက်နှာဖုံး– ကွန့်မြူး

•

အကြိမ် – ပထမအကြိမ်။
အုပ်ရေ – ၅၀၀
တန်ဖိုး – ၅၀၀ ကျပ်

## ဖြန့်ချိရေး

မြနန္ဒာစာအုပ်တိုက် – အမှတ် ၁၄၅၊ ၃၆လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
ဖုန်း – ၀၁–၂၅၆၁၈၂၊ ၂၅၃၂၉၅
ထွန်းဦးစာပေ – ၈၄လမ်း၊ ၂၉–၃၀လမ်းကြား၊ မန္တလေး။

http://www.cherrythitsar.org


## အမှာစာ

**"ဘာအရေးကြီးဆုံးလဲ"** ရဲ့ မူလနာမည်က **"အမှိုက်မပစ်ပါနဲ့"** ဖြစ်ပါတယ်။ တည်ငြိမ်နေတဲ့ ရေပြင်တစ်ခုပေါ်ကို အမှိုက်ပစ်ချလိုက်တော့ ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကို တင်ပြချင်တဲ့သဘောနဲ့ ကိုအောင်မင်းသိမ်းက အဲဒီနာမည် ပေးခဲ့တာပါ။ ဒါပေမဲ့ ဇာတ်လမ်းစိစစ်ရေးကို တင်ပြတဲ့အခါမှာ **"'ရေနဲ့ငါးမှာ နှင့်'"** ဆိုတဲ့အမည် ပြောင်းလဲခဲ့ရပါတယ်။ **"စိတ်ထားတတ်ရင် အေးချမ်းတယ်"** ဆိုတဲ့ သဘောနဲ့ ပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီနာမည်(၂)ခုလုံးကို ကျွန်တော် မကြိုက်ခဲ့ပါဘူး။ ဒါကြောင့် နီးစပ်ရာ မိတ်ဆွေများဆီကနေ အကြံဉာဏ် အကူအညီတောင်းခံခဲ့ပါတယ်။

ဒါရိုက်တာ မောင်တင်ဦး၊ ဒါရိုက်တာမိုက်တီး၊ ဒါရိုက်တာ သျှိုညိုထွန်းသိမ်း၊ စာရေးဆရာ သစ္စာနီ၊ စာရေးဆရာ တာရာမင်းဝေတို့က နာမည်မျိုးစုံ ပေးခဲ့ကြပါတယ်။ သူတို့ပေးတဲ့ နာမည်တွေအားလုံးက စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ကျွန်တော် တော်တော် သဘောကျခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်အာသီသ တစ်မျိုးဖြစ်နေပါတယ်။

ဒီလိုပါ။ ဒီဇာတ်လမ်းလေး ကျွန်တော့်ရင်ထဲ ရောက်နေတာ (၁၆)နှစ်ရှိပါပြီ။ "လူတစ်ယောက်ရဲ့ဘဝကို ငွေက ပြဌာန်းပေးနိုင်သလား" ဆိုတဲ့ အတွေးလေးပါ။ A million Pound noteဆိုတဲ့ဇာတ်ကား ဇာတ်လမ်းကို ဖတ်မိရာက ရခဲ့တဲ့ စိတ်ကူးပါ။ မမျှော်လင့်ဘဲနဲ့ ငွေတွေ တနင့်တပိုး ရလိုက်တဲ့အခါမှာ ရူးကြောင်ကြောင် ဖြစ်သွားတဲ့ ဓါတ်ဆီဆိုင်အလုပ်သမားတစ်ယောက်ရဲ့အဖြစ်ကလဲ သူဌေးကြီးဖေါင်းဝတ်ဟူးလ်ရဲ့ အတ္ထုပ္ပတ္တိထဲမှာ စိတ်ဝင်စားစရာ ကောင်းခဲ့ပြန်ပါတယ်။ ဒီတော့ "ကိုယ်ဘယ်လိုမှ မျှော်လင့်မထားတဲ့၊ အိပ်မက်တောင် မမက်ဖူးတဲ့ ငွေကြေးပမာဏတစ်ခု" ကိုယ် ရလိုက်ပြီဆိုပါတော့။ ဘာဖြစ်သွားမလဲ ?။ ဒီလိုအတွေးနဲ့ ကျွန်တော် ဇာတ်လမ်းဖွဲ့ဖြစ်ပါတယ်။

http://www.cherrythitsar.org



ဗွီဒီယိုရိုက်ဖို့ ရေးခဲ့ပါတယ်။ မကောင်းပါဘူး။ ဘယ်လိုနေမှန်းမသိ။ ဟာတာတာကြီး ဖြစ်နေပါတယ်။ ဒါနဲ့ပဲ ဒီဇာတ်လမ်းဟာ ကျွန်တော်ရင်ဘတ်ထဲမှာ အိပ်နေခဲ့ပါတယ်။

သူ ပြန်နိုးလာတာ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလမှာပါ။ ဩော်င်း ရုပ်ရှင်ထုတ်လုပ်ရေးက မင်းသားလေး မောင်သီဟက သူနဲ့လိုက်မယ့် ဇာတ်တစ်ပုဒ်လောက် ပေးပါလို့ လာတောင်းပါတယ်။ သူ့မျက်နှာ သူ့အမူအယာနဲ့ လိုက်မယ့်ဇာတ်ကို စဉ်းစားရင်း ရင်ဘတ်ထဲက "ဇာတ်"ဟာ ပြန်လည်နိုးထလာပါတယ်။ အမေအိုကြီးကို လုပ်ကျွေးနေတဲ့ သားတစ်ယောက်၊ အားအားရှိ အရက်မူးနေတဲ့ ပထွေး၊ ဆင်းရဲပေမယ့် မာနရှိတဲ့ မိဖြူ နည်းမျိုးစုံနဲ့ ပိုက်ဆံရှာစားတတ်တဲ့ သူငယ်ချင်း၊ ပိုက်ဆံတွေပေါပြီး အချိန်တွေပိုနေတဲ့ သူဌေး(၂)ယောက်၊ အဲဒီလို ဇာတ်ကောင်တွေ ထွက်လာပါတယ်။ "ချစ်တာကြိုက်တာ ရည်းစားထားတာ အသည်းကွဲတာတွေ မပါချင်ဘူး" "ပိုက်ဆံရှိရင် ဘာမဆိုဖြစ်တယ်" "ပိုက်ဆံရှိတိုင်း ဘာမဆို မဖြစ်ဘူး" ဒီအယူအဆနှစ်ခုကို အားပြိုင်ချင်တယ်။ ငြင်းခုန်စေချင်တယ်။ အဖြေကို ကိုယ်က မပေးချင်ဘူး။ ဒီသဘောအခြေခံနဲ့ပဲ ကိုအောင်မင်းသိမ်းနဲ့ ကျွန်တော်တို့ ဆွေးနွေးဖြစ်ကြတယ်။ ပိုက်ဆံကြောင့် ဆိုးတာတွေရောကောင်းတာတွေရော ဖြစ်မယ်။ နောက်ဆုံးမှာ ဒီသရုပ်ဆောင်ဟာ ပိုက်ဆံဆိုတာ သူ့အတွက် အဓိကပစ္စည်းမဟုတ်ဘူးလို့ သိသွားချင်တယ်။ ဇာတ်လမ်း အခရာ မဟုတ်ဘူး။ ဇာတ်ကောင်က အခရာဖြစ်ရမယ်။ ဒီလိုတွေးပြီး ရေးလိုက်ကြတာ ရုပ်ရှင်ဇာတ်လမ်း စိစစ်ရေးကိုတင်ပြခဲ့တဲ့ "အမှိုက်မပစ်ပါနဲ့" ဆိုတဲ့ ဇာတ်လမ်း ပေါ်ပေါက်လာခဲ့တာပါပဲ။

အဲဒီတော့ အားကောင်းမယ်ထင်တဲ့ နာမည်ကို ရှာလိုက်တာ "ဘာအရေးကြီးဆုံးလဲ" ဆိုတဲ့ စကားလုံးကို သွားတွေ့တယ်။ ဒီနာမည်နဲ့ ဆရာကြီးမောင်တင်က ပြဇာတ်ရေးဖူးတယ်။ ဒါနဲ့ပဲ ဆရာကြီးဆီက ခွင့်ပြုချက် သွားတောင်းခဲ့တယ်။ ရှောရှောရှူရှူပဲ ခွင့်ပြုခဲ့ပါတယ်။

ဒီတော့ ဇာတ်လမ်းရပြီ၊ နာမည်ရပြီ။ ပြီးတော့ ဘာဆက်လုပ်မလဲ။ ဇာတ်လမ်းအခန်းစဉ်ဆိုတာ လိုလာပြီ။ ဇာတ်ညွှန်းမရေးခင် ဇာတ်ညွှန်းထဲမှာ ဘာတွေပါသင့်တယ်ဆိုတဲ့ ပုံစံတစ်ခုပဲ။ ဒီအခန်းစဉ်ခွဲပြီးရင် ဇာတ်ညွှန်းရေးတဲ့အလုပ် ငါးဆယ်ရာခိုင်နှုန်းလောက် ပြီးစီးသွားတယ်လို့တောင် ဆိုနိုင်ပါတယ်။

ဝတ္ထုမရှိတဲ့ဇာတ်လမ်းကို အခန်းစဉ်ခွဲတဲ့အခါမှာ ဇာတ်ညွှန်းရေးဆရာတစ်ယောက်နဲ့ တစ်ယောက်ဟာ ဘယ်တော့မှ မတူကြပါဘူး။ ဒီအချက်ကို အခြေခံပြီး ကျွန်တော်ရယ်၊ ကိုအောင်မင်းသိမ်းရယ်၊ ကိုယ်ယဲရယ်၊ ဗရေချမ်းရယ် လေးယောက်ကိုယ့်စိတ်ကြိုက် အခန်းစဉ်တွေ ခွဲခဲ့ကြပါတယ်။ ဘယ်သူ ဘာရေးတယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး။ အဲဒီအခန်းစဉ် လေးခုလေးမျိုးကို ပါပါကြီးလက်ထဲထည့် စိတ်တိုင်းကျ ပြင်ဆင်မွမ်းမံ တည်းဖြတ်ပါလို့ အပ်လိုက်ပါတော့တယ်။ ဒီနေရာမှာတင် ပါပါကြီးကလဲ လက်စွမ်းပြ ဉာဏ်စွမ်းပြပြီး **အခန်းစဉ်(၅၅)ခန်း**ကို မွမ်းမံတည်းဖြတ်ပြီး

http://www.cherrythitsar.org



ပြန်ပေးပါတယ်။ အဲဒါကိုမှ အခြေခံပြီး ဇာတ်ညွှန်းအချောကို ကိုအောင်မင်းသိမ်းက ရေးခဲ့ပါတော့တယ်။

ဒါတွေ တင်ပြနေရတာ ဇာတ်ညွှန်းတစ်ပုဒ် ဖြစ်လာဖို့အတွက် ဘယ်လိုအား ထုတ်ခဲ့ရတယ်ဆိုတာ သိစေလိုလို့ပါ။ တကယ်တမ်း ရုပ်ရှင်ရိုက်ကြတဲ့ အခါကျတော့ အဲဒီဇာတ်ညွှန်းအတိုင်းလဲ ဟုတ်ချင်မှ ဟုတ်ပါတော့တယ်။ ကြုံတွေ့နေရတဲ့ အခြေအနေ အရ ပြောင်းလဲ ရိုက်ကူးရတာတွေလဲရှိပါတယ်။ ဇာတ်ညွှန်းကို လေ့လာချင်တဲ့ လူငယ် တွေအတွက် အဓိက ရည်စူးပြီး အခုလို စီစဉ် ထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်။ ဒီဇာတ် ညွှန်းနဲ့ ဇာတ်ကားနဲ့ တိုက်ကြည့်တဲ့အခါ ဘာတွေကွဲလွဲတယ်ဆိုတာ တွေ့လာပါလိမ့် မယ်။

ဒါကြောင့် မူလဇာတ်လမ်းအကျဉ်း အခန်းစဉ်ဖွဲ့စည်းပုံ ဇာတ်ညွှန်းအပြင် ရုပ်ရှင်ရိုက်ကူးရေး ဇယားကိုပါ ထည့်သွင်းပေးလိုက်ပါတယ်။ အဲဒီဇယားဟာ ဇာတ် ကားတစ်ကား ရိုက်ကူးရာမှာ ဘယ်နေ့ဘယ်သရုပ်ဆောင်ပါမယ်။ ဘာပစ္စည်းလိုမယ်၊ ဘယ်နေရာမှာ ရိုက်မယ် ဆိုတာတွေကို ပြည့်ပြည့်စုံစုံ ဖော်ပြထားတဲ့ "စီမံချက်" တစ်ခု ပါပဲ။ ဒါဟာလဲ ဇာတ်ညွှန်းတစ်ခုရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လို့ ထည့်သွင်း ဖော်ပြပေးလိုက်တာပါ။

ဒီစာအုပ်ကို ဖတ်ရှုပြီးရင် ရုပ်ရှင်ကိုလေ့လာချင်တဲ့ ဝါသနာပါတဲ့သူတွေ အတွက် တစ်စုံတစ်ရာ ဖြစ်ထွန်းလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဇာဂနာ**

မှတ်ချက်။ ဒီနေရာမှာတင် အရေးကြီးဆုံးကွဲလွဲချက် (၂)ခု ဖြစ်နေပါပြီ။

တစ်,က ဇာတ်သိမ်း မတူတော့တာပါ။ နှစ်,က တကယ်ရိုက်ဖြစ် သွားတာ သရုပ်ဆောင် လူမင်းနဲ့ သုခမိန် ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သူ ဖြစ်သွား ခဲ့တာပါပဲ။

http://www.cherrythitsar.org


## အမိုက်မပစ်ပါနဲ့
## (ဇာတ်လမ်းအကျဉ်းချုပ်)

**"ဦးကျော်ဇော"** နှင့် **"ဦးအောင်ခန့်"** တို့မှာ အောင်မြင်ကျော်ကြားသည့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြသည်။ နှစ်ဦးစလုံးမှာ ငယ်သူငယ်ချင်းများဖြစ်ကြပြီး ပရဟိတ လူမှုရေးလုပ်ငန်းများကို စိတ်ဝင်စားမှုလည်း တူညီကြသူများဖြစ်ကြသည်။

တစ်နေ့တွင် ဦးကျော်ဇောနှင့်ဦးအောင်ခန့်တို့နှစ်ဦး ဟိုတယ်တစ်ခုတွင် စားသောက်ပြောဆိုနေကြရင်း ဟိုတယ်နှင့်ကပ်လျက် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ချို့တဲ့စွာထမင်းစားနေသော အလုပ်သမားတစ်ဦးကို သတိပြုမိကြသည်။ ထိုသို့ သတိပြုမိရာမှအစ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းဆိုသော အကြောင်းအရာကို နှစ်ဦးသား ဆွေးနွေးမိကြသည်။

"ဆင်းရဲလွန်းသော အလုပ်သမားတစ်ဦးကို ပိုက်ဆံသိန်းတစ်ရာ ပေးလိုက်လျှင် ဘာဖြစ်သွားမည်နည်း" ဟူသောအကြံကို ဦးကျော်ဇောက စတင်ပြောဆိုရာမှ နှစ်ဦးသား အငြင်းအခုံ ဖြစ်ကြတော့သည်။

ဖြစ်နိုင်သောအကြောင်းအရာများ များစွာရှိနေသဖြင့် ထိုကိစ္စကို လက်တွေ့စမ်းသပ်ကြည့်ရန် နှစ်ဦးသဘောတူလိုက်ကြတော့သည်။ ထိုအလုပ်သမား၏အမည်မှာ "မောင်ခွေး" ဖြစ်ပြီး၊ ၎င်းမှာ မိခင်လူမမာနှင့် ဖခင်အရက်သမားကို လုပ်ကိုင်ကျွေးမွေးနေသည့် လူရိုးလူအ တစ်ဦးဖြစ်သည်။

ဦးကျော်ဇောနှင့်ဦးအောင်ခန့်တို့က မောင်ခွေးကို သိန်းတစ်ရာပေးမည်ဟု ပြောရာ မောင်ခွေးမှာ မယုံနိုင်အောင် ဖြစ်နေခဲ့ရသည်။ ဦးကျော်ဇောတို့က မောင်ခွေး၏ ဘဝကိုကူညီလို၍ဖြစ်ကြောင်း ပြောဆိုရှင်းပြသည်။ မောင်ခွေး သုံးလိုသမျှကို အကြောင်းအရာပြော၍ မိမိတို့ထံတွင်ထုတ်ယူနိုင်ကြောင်း ပြောဆို၍ လောလောဆယ် ငွေတစ်သိန်း ထုတ်ပေးလိုက်သည်။ (မောင်ခွေး သွားလာလှုပ်ရှားသမျှကို ခြေရာခံစောင့်ကြည့်ရန်လည်း တပည့်တစ်ယောက်ကို တာဝန်ပေးခဲ့သည်။)

http://www.cherrythitsar.org


မောင်ခွေးတစ်ယောက် ပိုက်ဆံတစ်သိန်းနှင့် ပျော်ရွှင်စွာ အိမ်ပြန်သွားခဲ့သည်။ မိဘများကို အကြောင်းစုံပြောပြရာ မိခင်ဖြစ်သူမှာ မယုံနိုင်စရာစကားကို ကြားလိုက်၍ စိတ်လှုပ်ရှားပြီး သတိလစ်မေ့မျောသွားတော့သည်။ မိခင်ဖြစ်သူအား ဆေးရုံအမြန် ပို့သော်လည်း နှလုံးရောဂါသည် မိခင်ကြီးမှာ အသက်မရှိတော့ချေ။ မောင်ခွေး၏မိခင် ဆုံးသွားကြောင်း သိရသောအခါ ဦးကျော်ဇောတို့နှစ်ဦး စိတ်မကောင်းဖြစ်ကြရပြီး မိမိတို့၏ကူညီမှု အမှားအမှန်ကို ငြင်းခုံကြရပြန်သည်။

မောင်ခွေးမိခင်၏အသုဘကိစ္စအဝဝကိုလည်း ဦးကျော်ဇောတို့ကပင် တာဝန်ယူပေးခဲ့ကြသည်။

မိခင်ကြီး၏ကိစ္စ ပြီးဆုံးသွားသောအခါ ဖခင်ဖြစ်သူ အရက်သမားကြီးက မိမိမှာ ဇနီးနှင့်သားဖြစ်သူအတွက် နောင်ရေး စိတ်မအေးသဖြင့် အရက်ကိုသာ ဖိသောက်နေခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ဇနီးသည်လည်းမရှိ၊ သားမှာလည်း နောင်ရေးစိတ်အေးရပြီ ဖြစ်၍ အရက်ဖြတ်၍ ရိပ်သာသို့ သွားတော့မည်ဟု ဆုံးဖြတ်ကြောင်း ပြောပြသည်။

ထို့ပြင် မောင်ခွေးမှာ သူဌေးဖြစ်တော့မည်ဖြစ်၍ သူဌေးကြီးမောင်ခွေးဆိုသည်မှာ ခေါ်မကောင်းကြောင်း၊ နာမည်ပြောင်းသင့်ကြောင်း အကြံပေးသည်။ ထို့ကြောင့် မောင်ခွေးမှ "စွန်ရဲ" ဟု အမည်ပြောင်းလိုက်၍ မိမိတို့ငှားနေသောအိမ်ကို အပိုင်ဝယ်လိုက်သည်။ ဝယ်ပြီးကာမှ မတန်တဆဈေး ဖြစ်နေကြောင်းသိရသဖြင့် အိမ်ရှင်နှင့် စကားများရန်ဖြစ်ကာ ထိုအိမ်အား သူငယ်ချင်း ဆိုက္ကားသမားကို အလကားပေးလိုက်တော့သည်။

မူလအိမ်ထက် ပိုကောင်းသော အိမ်တစ်လုံးကို ထပ်ဝယ်လိုက်၍ နေ့စဉ်ဝင်ငွေအတွက် ဆိုက္ကားနှစ်စီးဝယ်၍ သူငယ်ချင်းများအား ပေးထားလိုက်သည်။ ထို့နောက် ကားဝယ်စီးရန် အကြံဖြင့် ကားမောင်းသင်နေစဉ် မိမိဆိုက္ကားကို မိမိပြန်တိုက်ပြီး ဆိုက္ကားပျက်စီးသွားခဲ့သည်။ ကားပိုင်ရှင်ကိုလည်း အလျော်ပေးလိုက်ရသည်။

ထိုအတောအတွင်း ဆင်းရဲသောသူငယ်ချင်းများ တစ်ဦးပြီးတစ်ဦး ငွေလာချေးကြသည်။ ရသူများက ကျေးဇူးတင်ကြသော်လည်း မရသူများက အပြစ်ပြောကြသည်။ ရပ်ကွက်ထဲနေ ခပ်လည်လည် မိန်းကလေးတစ်ဦးက အတွေ့အကြုံမရှိသော စွန်ရဲထံ လာကပ်၍ ညာစားနေစဉ် ထိုမိန်းကလေး၏ယောကျ်ားဆိုသူ ပေါ်လာပြီး စွန်ရဲကို ပြဿနာရှာသောကြောင့် အမှုမလုပ်ဖြစ်ရန် ငွေများကြိတ်လျော်ပေးလိုက်ရသည်။ ထိုကိစ္စများကြောင့် စိတ်ညစ်နေသော စွန်ရဲမှာ အရက်သောက်တတ်လာသည်။

ရိပ်သာသို့ သွားနေမည်ဟုပြောသွားသော ဖခင်မှာ နယ်တွင် မိန်းမယူထားကြောင်း သိရသဖြင့် ဖခင်ထံလိုက်သွားရပြန်သည်။ ဖခင်မှာ ကလေးငါးယောက်နှင့် မိန်းမကို ယူထားပြီး၊ ယခင်အတိုင်း ယစ်ထုပ်ကြီးဖြစ်နေကြောင်း တွေ့ရသဖြင့် စိတ်ညစ်ကာ ပြန်ခဲ့ရပြန်သည်။

သူငယ်ချင်း ကားပွဲစားတစ်ဦးက ကားအရောင်းအဝယ်လုပ်ရန် မြှူဆွယ်သဖြင့် အိမ်ကိုရောင်း၍ ကားအရောင်းအဝယ်လုပ်ရန် သဘောတူလိုက်သည်။ ပထမဝယ်ထားသောအိမ်တွင် ပြန်နေရန်စီစဉ်ရာ၊ နေနေသော သူငယ်ချင်းက အလွယ်တကူ

http://www.cherrythitsar.org



ဖယ်မပေးချင်ဘဲ ပြဿနာရှာသည်ကို ကြုံရတော့သည်။

စွန်ရဲ၏သတင်းကို အမြဲမပြတ်စောင့်ကြည့်နေသော ဦးအောင်ခန့်နှင့် ဦးကျော်ဇောတို့မှာ မိမိတို့၏စမ်းသပ်မှုကြောင့် မောင်ခွေးတစ်ယောက် အဆင်မပြေဘဲ ဒုက္ခရောက်နေပုံကိုကြည့်ကာ စိတ်မကောင်းဖြစ်နေကြရသည်။ မည်သို့ဆက်ကူညီရမည် နည်းဟု တိုင်ပင်ကြရာ နှစ်ဦးသား သဘောကွဲလွဲကြတော့သည်။

ဦးအောင်ခန့်က ဒီလိုလူမျိုးကို ဆက်လက်ကူညီရန် မသင့်ဟု ဆုံးဖြတ်ပြီး ဦးကျော်ဇောက မိမိတို့ကြောင့်ဖြစ်နေ၍ ဆက်ကူညီသင့်သည်ဟု ဆုံးဖြတ်သည်။ ထိုသို့သော သဘောထားကွဲရာမှအစ မူလက သဘောတူထားသော (မောင်ခွေးကိုကူညီငွေ) တစ်ယောက်တစ်ဝက် ကျခံမည်ဟူသော ကိစ္စတွင်ပါ စကားများကြတော့သည်။

ထိုအချိန်တွင် မောင်ခွေးထံမှ စာတစ်စောင်နှင့် ငွေသိန်းတစ်ရာငါးဆယ်တန် ချက်လက်မှတ်တစ်စောင် ရောက်လာသည်။ မောင်ခွေးက မိမိသည် ကြည်လင်နေသော စမ်းရေအိုင်တစ်ခုဖြစ်၍ ရေအိုင်ထဲသို့ အမှိုက်ပစ်ခဲ့သူများမှာ ဦးအောင်ခန့်တို့သာဖြစ်ကြောင်း၊ သို့သော် မိမိအား ယခုကဲ့သို့ ကူညီခဲ့သည့်အတွက် ကျေးဇူးတင်ပါသည်။ ကူညီခဲ့သော ငွေများကိုလည်း ပြန်ပေးလိုက်ပါသည်ဟု စာထဲ၌ ရေးထားလေသည်။

ဦးအောင်ခန့်တို့ အံ့သြသွားခဲ့ရသည့်။ အဘယ့်ကြောင့် ထိုငွေများကို ပြန်ပေးနိုင်သနည်းဟု စဉ်းစားမရဖြစ်နေ၍ မောင်ခွေးရှိရာသို့ လိုက်ကြတော့သည်။

မူလရပ်ကွက်တွက် မောင်ခွေးမရှိတော့ဘဲ၊ ဇာတိရွာသို့ ပြန်သွားကြောင်း ပိုင်ဆိုင်မှုအားလုံးကို ပေးထားခဲ့ကြောင်းသာ သိခဲ့ရသည်။ ထို့ကြောင့် မောင်ခွေး၏ဇာတိရွာသို့လိုက်ကြပြန်ရာ မောင်ခွေးအဖြစ် မဟုတ်တော့ဘဲ ဦးပဥ္စင်း ဦးကော်ဝိဒအဖြစ် အံ့သြဖွယ် တွေ့လိုက်ရတော့သည်။

ဦးပဥ္စင်းက မိမိဘဝ အဆင်မပြေမှုများကို ဖန်တီးပေးခဲ့သဖြင့် ကျေးဇူးတင်ကြောင်း၊ ထိုအကူအညီကြောင့် လူတွေရဲ့အကြောင်းကို မိမိ သိခဲ့ရကြောင်း၊ ချမ်းသာမှုဆိုသည်မှာ ငွေကြေးဖြင့် တိုင်းတာ၍ မရကြောင်း၊ မိမိ နောက်ဆုံးအခြေအနေတွင် မမျှော်လင့်ဘဲ သိန်းသုံးရာဆုပေါက်ခဲ့ကြောင်း၊ ထို့ကြောင့် ကံဆိုသော အကြောင်းအရာကိုလည်း မိမိ သဘောပေါက်ခဲ့ကြောင်း၊ ထို့ကြောင့် ပိုင်ဆိုင်မှုအားလုံးကိုစွန့်၍ ရဟန်းဘောင်သို့ ဝင်ခဲ့ခြင်းဖြစ်ကြောင်းများ ရှင်းပြသည်။

ထို့ကြောင့် ဦးအောင်ခန့်တို့နှင့် ဦးကျော်ဇောတို့အားလည်း သူတစ်ပါးကို ကယ်ဖို့ထက်၊ မိမိကိုယ်ကို ကယ်တင်ဖို့ အရင်ကြိုးစားရန် တရားပြပြောဆိုရင်း ထွက်ခွာသွားလေတော့သည်။

ဦးအောင်ခန့်နှင့်ဦးကျော်ဇောတို့နှစ်ဦးမှာကား မိမိတို့ပြုခဲ့သော အမှုသည် "ကောင်းကျိုးကို ဖြစ်စေသည်လား၊ ဆိုးကျိုးကို ဖြစ်စေသည်လား" ဆိုသည်ကို ဝေခွဲမရစွာဖြင့် ကျန်ရစ်ခဲ့ကြလေတော့သည်။

http://www.cherrythitsar.org


## ပညာရပ်ဆိုင်ရာ ရှင်းလင်းချက်

**အခန်းစဉ်(၁)**တွင် ရန်ကုန်မြို့၏ရှုခင်းကို အပေါ်စီးမှမြင်ရသော ပြကွက်အား သိသာစေချင်သည်။ သို့မှသာ ကော်ဖီသောက်နေသော လူအားလုံးကို အပေါ်မှ ကြည့်နေသူများအဖြစ်ဖြင့် မိတ်ဆက်ပေးရာ ရောက်၏။ သို့အတွက် WIDE(ခေါ်) အကျယ်ပြကွက်နှင့် ရန်ကုန်လမ်းမ ရှုခင်းကိုပြကာ ထိုမှတဆင့် CRANE DOWN ခေါ် မောင်းတက်ကရိန်းပေါ်တွင် ကင်မရာတင်ထားပြီး ဖြည်းဖြည်းချင်း နိမ့်လာကာ ရိုက်ယူစေခြင်း ဖြစ်သည်။ ဤနေရာတွင် အနည်းငယ် ရှင်းပြလိုသည်မှာ Camera ကို ခေါင်းမော့သလို မော့ခြင်း(TILT-UP)၊ ခေါင်းငုံ့သလို ငုံ့ခြင်း (TILT-DOWN) ဟူသော အမျိုးအစားနှစ်ရပ်နှင့် လုံးဝကွဲပြားပါသည်။ TILT-UP နှင့် ရိုက်သော လမ်းပေါ်ရှုခင်းကိုမရဘဲ တိမ်တွေကိုသာ မြင်ရပါမည်။ ထိုမှ TILT-DOWN လုပ်သော် လမ်းတစ်ပိုင်း ကော်ဖီခွက်တစ်ပိုင်း ဖြစ်သွားပါလိမ့်မည်။

ဤအခန်းစဉ်(၁) ရုပ်ရှင် ဝေါဟာရများကို ရှင်းပါမည်။

F/G ။ Foreground ကို အတိုကောက် ရေးထားခြင်း ဖြစ်ပါသည်။ ဇာတ်ဝင်ခန်းတစ်ခုတွင် နောက်ခံအရုပ်ထက် ရှေ့မှအရုပ်ကို ပိုမိုသိသာထင်ရှားစေလိုသော် Foreground အဖြစ် သုံးပါသည်။ သက်ရှိသက်မဲ့ နှစ်မျိုးလုံး အသုံးပြုနိုင်ပါသည်။

BCU ။ Big Close Up ကို အတိုကောက် သုံးထားခြင်းဖြစ်ပါသည်။ မျက်နှာအပြည့်၊ မျက်လုံးနှစ်လုံးတည်း၊ မျက်လုံးတစ်လုံးတည်း၊ နားရွက်တစ်ဖက်တည်း၊ ထိုကဲ့သို့ ရိုက်ကူးခြင်းကို ဆိုလိုပါသည်။

STATIC ။ ကင်မရာကို လုံးဝလှုပ်ရှားမှုမပြုဘဲ ငြိမ်သက်စွာ ရိုက်ကူးထားခြင်း ဖြစ်ပါသည်။

Z.OUT ။ Zoom Out ကို အတိုကောက် ဖော်ပြထားခြင်းဖြစ်သည်။ ကင်မရာ၌ တပ်ဆင်ထားသော Zoom မှန်ဘီလူးနှင့် အနီးကပ်(အရုပ်ကြီး) ရိုက်ကူးထားရာမှ အဝေးမြင်(အရုပ်သေး)ဖြစ်သွားအောင် ရိုက်ကူးခြင်း

http://www.cherrythitsar.org


ဖြစ်၏။ Zoom-In၏ ဆန့်ကျင်ဘက်ဖြစ်သည်။

INTER ။ Intermediate cut ကို Inter ဟူ၍ အလွယ် ခေါ်ဝေါ်သုံးစွဲခဲ့သည်ဟု ယူဆပါသည်။ နိုင်ငံတကာ ရုပ်ရှင်ဝေါဟာရများတွင် ရှာဖွေမတွေ့ပါ။ မူလဇာတ်ကောင်တစ်ယောက် (သို့မဟုတ်) အများနှင့် မသက်ဆိုင်သော အခြားရုပ်ပုံ၊ အရာဝတ္ထု၊ သက်ရှိ တစ်ခုခုကို ကြားညှပ်ထည့်သွင်း ဖော်ပြခြင်းကို ဆိုလိုပါသည်။ INSERT, CUT-AWAY တို့နှင့် ဆင်ဆင်တူပါသည်။ (INSERT လည်း အရုပ်တစ်ရုပ် ကြားညှပ်ထည့်သုံးခြင်းဖြစ်သကဲ့သို့ CUT-AWAY သည်လည်း ကြားညှပ်ထည့်သွင်း အသုံးပြုခြင်းဖြစ်၏။ သို့တစေ INSERT က ပြကွက်ပြကွင်းကို ပိုမိုထိရောက်စေပြီး CUT -AWAY ကမူ အချိန်ကာလ အကွာအဝေး ခရီးအကွာအဝေးကို ချုံ့သည့်အခါတွင် အသုံးပြုသည်။

ဥပမာ။ ။ ထိုင်ခုံတစ်လုံးတွင် ထိုင်နေသူတစ်ဦး။ သူ စိတ်လှုပ်ရှားနေသည်ကို ပြလိုသဖြင့် မီးခြစ်အဖုံး ဖွင့်လိုက်ပိတ်လိုက် လုပ်နေသည်ကို ကြားညှပ်အသုံးပြုလိုက်၏။ ယင်းမှာ INSERT ဖြစ်သည်။ မနက်ဖြန် မန္တလေးသွားမယ်ဟု စကားပြောအပြီး "မန္တလေးကျုံးကြီး အရုပ်ကို ထည့်သွင်းညှပ်ပြလိုက်သော်" မန္တလေးရောက်သွားပြီဟု အလိုလို သိသွား၏။ ယင်းမှာ CUT-AWAY ဖြစ်သွားလေသည်။

**အခန်းစဉ်(၂)**၏အဖွင့်မှာ မော်တော်ကားတစ်စင်းနှင့်တစ်စင်း ဖြတ်အမောင်း ကားနှစ်စင်းကွယ်ထားတာ ပျောက်သည်နှင့် အရက်မူးလာသူ ပထွေးကို ဖော်ပြလိုက်ခြင်းဖြစ်သည်။ ကား Shutter ဟု ခေါ်ဝေါ်သုံးစွဲခြင်းမှာ မော်တော်ကားကို ကန့်လန့်ကာကဲ့သို့ အသုံးပြုခြင်း ဖြစ်၏။ ဇာတ်ကောင်တစ်ဦးကို ပရိသတ်စိတ်ဝင်စားစေရန် မိတ်ဆက်လိုခြင်းကြောင့် ထိုသို့ဖော်ပြခြင်း ဖြစ်သည်။ လူတို့၏ သဘောသဘာဝ အရ "ဖုံး" ထားသောအရာကို "မြင်" လိုသည့်ဆန္ဒ ရှိကြ၏။ သည်စိတ်ကို အသုံးချခြင်းပင် ဖြစ်လေသည်။

**အခန်းစဉ်(၃)**တွင်လည်း အရှုးဆယ်ပြားကို မိတ်ဆက်ပေးခြင်းဖြစ်သည်။ မည်သို့မည်ပုံ မိတ်ဆက်ပေးရမည်ဟု ဇာတ်ညွှန်းရေးဆရာက အတိအကျ ရေးသားဖော်ပြထားခြင်း မရှိချေ။ ရိုက်ကွင်းပေါ်သို့ရောက်မှ ရိုက်ကွင်း၏အနေအထားပေါ်မူတည်၍ ဒါရိုက်တာနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်သဖြင့် "အရှုးဆယ်ပြား၏ Opening" ဟူ၍သာ ရေးသားထားခြင်း ဖြစ်သည်။

အခန်းစဉ်(၃)မှ ရုပ်ရှင်ဝေါဟာရများကို ရှင်းပါဦးမည်။

L.S ။ Long Shot ကို အတိုကောက် သုံးနှုန်းထားခြင်း ဖြစ်၏။ အဝေးမှ မြင်ရပုံကို ဖော်ကျူးပါသည်။ SHOT ဆိုသည် ကင်မရာ စတင်လည်ပတ်ချိန်မှ ရပ်သွားချိန်အထိ ရိုက်ကူးလိုက်ခြင်းကို ခေါ်ဆိုပါသည်။

SHOT ကို အဓိက (၂)မျိုး ခွဲခြားထားပါသည် –

http://www.cherrythitsar.org


(၁) STATIC SHOT (ကင်မရာ လုံးဝမလှုပ်ဘဲ ရိုက်ကူးခြင်း)
(၂) DYNAMIC SHOT (ကင်မရာ လှုပ်ရှား၍ ရိုက်ကူးခြင်း)

STATIC SHOT တွင် –

(က) Establishing Shot(ရိုက်ကူးသည့် မြင်ကွင်းကို မိတ်ဆက်ပေးလိုသည့်သဘောဖြင့် ရိုက်ကူးပြလေ့ရှိပါသည်။ ဥပမာ–ကျောင်း၊ ဈေး၊ ဆေးရုံ စသည်တို့ကို သိစေလိုသည့်သဘောဖြင့် ရိုက်ကူးပြလေ့ရှိပါသည်။)

(ခ) Long Shot (အဝေးမှ မြင်ရသည့် ပုံသဏ္ဌာန်အတိုင်း ရိုက်ကူးခြင်းဖြစ်ပါသည်။ တောင်ကုန်းပေါ်မှနေ၍ ကြည့်နေသူမြင်သည့်အတိုင်း တောင်အောက်ကားလမ်းပေါ်မှ မောင်းနှင်သွားသောကားများကို ရိုက်ပြခြင်းမျိုး ဖြစ်ပါသည်။)

(ဂ) Medium Shot(လူတစ်ကိုယ်လုံးဖြစ်စေ တစ်ကိုယ်လုံးနီးပါးဖြစ်စေ မည်သည့်နေရာတွင် ထိုင်နေသည်ကို ပေါ်လွင်စေရန် ရိုက်ပြခြင်းမျိုး ဖြစ်ပါသည်။)

(ဃ) Close-Up (OR) Close Shot (လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အရာဝတ္ထုဖြစ်စေ သိသာသောလှုပ်ရှားမှုတစ်ခုခုကို ပေါ်လွင်အောင်ပြသနိုင်စေရန် အရုပ်အရွယ်အစား ခပ်ကြီးကြီး ရိုက်ပြခြင်းမျိုးဖြစ်ပါသည်။ လူတစ်ဦး၏ရင်ညွန့်လောက်အထိရှိသော အရုပ်ကိုရိုက်ပြသောအခါ ထိုလူနှုတ်ခမ်းမဲ့တာ မျက်ခုံးပင့်တာက,အစအသေးစိတ် ပေါ်လွင်စေနိုင်လေသည်။)

(င) Detail Shot (အသေးစိတ်ပြလိုသောအခါတွင် အသုံးပြုလေ့ရှိပါသည်။ သေနတ်ထဲသို့ ကျည်ဆံထည့်ပုံမျိုး ဝါယာ အနီနှင့်အနက်မှားပြီး မဖြတ်မိအောင် လုပ်ကိုင်နေပုံမျိုးကို ပေါ်လွင်စေရန် ရိုက်ကူးပြလေ့ရှိပါသည်။)

DYNAMIC SHOT တွင် –

(က) Pan (ကင်မရာကို ရေပြင်ညီမျဉ်းအတိုင်း ဘယ်ဘက်မှ ညာဘက်သို့ဖြစ်စေ၊ ညာဘက်မှ ဘယ်ဘက်သို့ဖြစ်စေ ရွှေ့ပြောင်းရိုက်ကူးခြင်း ဖြစ်သည်။)

(ခ) TILT (ကင်မရာကို အထက်မှအောက်သို့ဖြစ်စေ၊ အောက်မှအထက်သို့ဖြစ်စေ ရွှေ့ပြောင်းရိုက်ကူးခြင်းဖြစ်ပါသည်။)

(ဂ) FOLLOW (သက်ရှိသက်မဲ့တို့ လှုပ်ရှားမှုအတိုင်း ကင်မရာလိုက်၍ လှုပ်ရှားရိုက်ကူးခြင်း ဖြစ်သည်။)

(ဃ) DOLLY SHOT / TROLLY SHOT(ရထားလမ်းကဲ့သို့သော သံလမ်းပေါ်တွင် ကင်မရာကိုတင်၍ ရွှေ့လျားရိုက်ကူးခြင်းကို

http://www.cherrythitsar.org



TROLLY SHOTဟုခေါ်ဆိုပြီး သံလမ်းမပါဘဲ ဘီးလုံးပေါ်တွင် ကင်မရာတင်ပြီး ရွေ့လျားရိုက်ကူးခြင်းကို TROLLY SHOT ဟု ခေါ်သည်။)

(င) CRANE SHOT မီးပြင်သည့် ကားများကဲ့သို့ အထက်အောက် ဝဲယာ လှုပ်ရှားနိုင်သော မောင်းတံများပေါ်တွင် ကင်မရာတင်၍ ရိုက်ကူးခြင်း ဖြစ်သည်။)

(စ) ZOOMING (Zoom မှန်ဘီလူးအကူအညီဖြင့် အဝေးမှအနီး အနီးမှအဝေး ပြောင်းလဲရိုက်ကူးခြင်းဖြစ်သည်။)

**အခန်းစဉ်(၄)**သည် အကြော်သည်မလေး မိဖြူကို မိတ်ဆက်ပေးခြင်း ဖြစ်၏။ ထိုအတွက် စိတ်ဝင်စားမှု ပို၍ရလာစေရန် ဦးစွာ ငါးကျပ်တန်အနွမ်းလေး တစ်ရွက်၊ ပြီးမှ လှမ်းယူလိုက်သောလက်၊ ထိုလက်မှ Camera TILT-UP(မော့လိုက်) သောအခါ မိဖြူမျက်နှာ ပေါ်လာလေပြီ။ ဤနေရာတွင် Black-bound ဆိုသည်မှာ ဘာမှမရှိသည့် မြင်ကွင်းတစ်ခုကို ဆိုလိုပါသည်။ ထိုမြင်ကွင်းတွင်းသို့ ပိုက်ဆံငါးကျပ် တန်တစ်ရွက်ဝင်လာခြင်းအားဖြင့် ထိုပိုက်ဆံ၏ပေါ်လွင်မှုကို အရယူနိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

**အခန်းစဉ်(၅)**အတွက် အထူးအထွေ ရှင်းပြရန်လိုမည် မဟုတ်ပါ။ O/L ဟူသည့် အသုံးအနှုန်းမှာ Overlap ကို အတိုကောက် သုံးထားခြင်းဖြစ်ပါသည်။ ဤ အခန်းစဉ်တွင် "အသံ Overlap" ကို အဓိက ဖော်ပြထားပါသည်။ စကားပြောနေသူ နှစ်ယောက်ကို ပရိသတ်သိပြီးဖြစ်သည်ဟု ယူဆသည့်အတွက် ကော်ဖီခွက်ပေါ်တွင် သူတို့နှစ်ယောက်၏အသံကို ပိုးပေးထားခြင်းသက်သက် ဖြစ်ပါသည်။

**အခန်းစဉ်(၅)နှင့်(၆)**တို့တွင် အထူးအထွေ ရှင်းပြရန်မလိုသော ကိစ္စရပ်များသာ ပါဝင်ပါသည်။ **အခန်းစဉ်(၇)**တွင် "ည" ဟုသိသာစေလိုခြင်း၊ ဆိုက္ကားစီးလာသူ "အမျိုးသမီး၏စရိုက်"ကို ပေါ်လွင်စေလိုခြင်း၊ ထို့ကြောင့် ကင်မရာရိုက်ကွင်းရှုထောင့် သုံးလေးမျိုးမှရိုက်ကူးရန် ဖော်ပြထားခြင်းဖြစ်သည်။ ထိုသို့ ဖော်ပြထားမှသာ ဇာတ်ဆောင်တစ်ယောက် စကားမပြောသေးခင် ပရိသတ်၏ခန့်မှန်းတွေးထင်နိုင်မှုမှတစ်ဆင့် စိတ်ဝင်စားမှု ရလာစေ၏။

**အခန်းစဉ်(၈)နှင့်(၉)**အတွက် ရှင်းပြစရာအကြောင်းအရာ မရှိလောက်ဘူးဟု ထင်မိသည့်အတွက် **အခန်းစဉ်(၁၀)**မှ Focus ကိစ္စကို ရှင်းလင်းပါမည်။ ကင်မရာမှန်ဘီလူးမှ ပြတ်သားထင်ရှားသော ပုံရိပ်များကို ဖော်ယူဖမ်းထားနိုင်ခြင်းကို Focus ဟု အားလုံးသိပြီး ဖြစ်ပါလိမ့်မည်။ ယခု ဤနေရာတွင် သုံးခဲ့သော Focus မှာမူ မတူညီသော အရာနှစ်ခုကို နှိုင်းယှဉ်ချင်သောသဘောဖြင့် ပုံရိပ်(၂)ခုကို Focus ဖမ်းယူခြင်းပင်။ ထမင်းစားခြင်းလည်း တူ၏။ ထမင်းစားချိန်လည်း တူ၏။ သို့သော် ထမင်းချင်း ဟင်းချင်းမတူ။ သည်သဘောကို ယှဉ်ပြချင်သဖြင့် ဦးအောင်ခန့်တို့၏ ထမင်းဝိုင်းကို ဦးစွာ Focusပြတ်သားစေပြီး၊ နောက်မှ မောင်ခွေးတို့ထမင်းဝိုင်းကို

http://www.cherrythitsar.org



Focus ထပ်မံပြတ်သားစေလိုက်ခြင်းပင်။

**အခန်းစဉ်(၁၁)နှင့်(၁၂)**တွင် Quick-Pan ဟူသော ဝေါဟာရကို တွေ့ရပါလိမ့်မည်။ ဤသည်မှာ Dynamic (လှုပ်ရှားသက်ဝင်) သဘောပင် ဖြစ်ပါသည်။ အထက်မှာဆိုခဲ့ပြီးသလို ကင်မရာ ဘယ်ညာရွှေ့လျားခြင်းသည် Pan ။ ယင်းကိုပင် လျင်မြန်စွာ ရွှေ့လျားလိုက်ခြင်းဖြင့် မြန်ဆန်သော အရှိန်အဟုန်ဖြင့် ပြောင်းလဲသွားမှုကို ဖော်ညွှန်းလိုက်ပါသည်။ မောင်ခွေး၏ "အမေ" အော်သံကို High Angle (အပေါ်စီးအမြင်)မှ ပြသခြင်းမှ မောင်ခွေး၏ အော်သံများ နေရာအနှံ့ လွင့်ပျံ့သွားခြင်းကို ဖော်ကျူးရန် ရေးသားထားခြင်းဖြစ်၏။

**အခန်းစဉ်(၁၃၊၁၄၊၁၅၊၁၆)**တို့တွင် အထွေအထူး အချက်အလက်များ မရှိလောက်တော့ပါဟု ယူဆသဖြင့် **အခန်းစဉ်(၁၇)**သို့ တိုးလိုက်ပါသည်။ ဤနေရာတွင် ဇာတ်ညွှန်းရေးဆရာတစ်ဦး၏ အရည်အသွေးကို ဖော်ပြနေသည့် အချက်တစ်ချက် ပါရှိနေပါသည်။ ဇာတ်ကားတစ်ကား တည်းဖြတ်မှု၊ ဇာတ်ကားအခန်းစဉ် ဆက်သွယ်ဆီလျော်မှုတို့ကို ထည့်သွင်းစဉ်းစား စီစဉ်ရေးသားနိုင်သူသည် ဇာတ်ညွှန်းရေးဆရာတော် ဇာတ်ညွှန်းရေးဆရာကောင်းတစ်ယောက် ဖြစ်ပါသည်။ အခန်းစဉ်(၁၇)၏ အဆုံးတွင် ဦးကျော်စောက "လက်ဖက်ရည်တစ်ခွက်တော့ သောက်ရချေသေးရဲ့" ဟုပြောရာ ထိုစကားကို **အခန်းစဉ်(၁၈)**သို့ ပို့ပေးလိုက်ပါသည်။ အခန်းစဉ်(၁၈)၏ အစမှာလည်း လက်ဖက်ရည်ခွက်နှင့်ပင်ဖြစ်ရာ ကျိုးကြောင်းဆက်နွယ်မှုအား ထင်ပေါ်သွားစေပါတော့သည်။

နောက်ပိုင်းအခန်းစဉ်များအား ဖတ်ရှုရင်းနှင့် ပြဇာတ်တစ်ခုကဲ့သို့ အနည်းဆုံး နားလည်သွားမည်ဟု မျှော်လင့်ပါသည်။ ဤစာရေးသူအနေဖြင့် စာဖတ်သူအား ဝင်ဝင်ပြီး နှောင့်ယှက်နေသလို ဖြစ်မှာကိုလည်း ကြောင့်ကြမိပါသည်။ သို့တစေ ဇာတ်ညွှန်းသည် စာရွက်ပေါ်တွင် ရုပ်ရှင်ရိုက်ခြင်းပင်ဖြစ်ရာ ဇာတ်ညွှန်းသည် ရုပ်ရှင်ဇာတ်ကားတစ်ခုဖြစ်လာဖို့ အရေးပါသောအရာတစ်ခုပင် ဖြစ်ပေသည်။ မည်သည့်အတွက်ကြောင့် ဤသို့ ရေးရသနည်း၊ ဝတ္ထုနှင့် မည်သို့ကွာခြားသနည်း ဆိုသည်ကို ဦးစွာသိစေလိုပါသည်။ ပြချင်သည့်အရာကိုပြပြီး ဖျောက်ချင်သည့်အရာကို ပျောက်စေနိုင်တာလည်း ဇာတ်ညွှန်းပင် ဖြစ်ပါသည်။ နောက်ပိုင်း **အခန်းစဉ်(၄၇)**တွင် ဆယ်ပြားကို ပြန်ထည့်ထားခြင်းမှာ ဇာတ်ညွှန်းရေးဆရာသရော်လိုသော အကြောင်းအရာတစ်ခုကို မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် **အခန်းစဉ်(၅၃)**၌ ပုံစံမျိုးစုံ နှင့် အရူးမျိုးစုံကို ပြသထားခြင်းအားဖြင့် ပရိသတ်အား "မောင်ခွေး" ရူးနေပြီဟူသော အထင်ရောက်အောင် ခေါ်ဆောင်လာခြင်း ဖြစ်ပါသည်။ နောက်မှ ရုတ်တရက် ကွေ့ချိုးသွားသော မောင်ခွေး၏ ဘဝကို သိလိုက်ရ၍ ဘာတွေလဲ၊ ဘာကြောင့်လဲ ဆိုသော သိချင်စိတ် မေးခွန်းများနှင့်အတူ ပရိသတ်၏ အာရုံကို ဖမ်းလိုက်နိုင်ပါမည်။

**အခန်းစဉ်(၅၄)**တွင် နောက်ကြောင်းပြခန်း(ခေါ်) Flash Back ကို အသံတိတ် (SILENCE) ပြကွက်ကို (Short cut) တစ်ရောင်တည်း (Black & White) တို့ဖြင့် အခန်းပြု ပြစေခြင်းမှာ ဇာတ်ညွှန်းရေးဆရာ၏ စိတ်ကူးဖြစ်ပါသည်။ အထူး

http://www.cherrythitsar.org



အထွေ ရှင်းပြရန်မလိုသော်ငြား စိတ်ဝင်စားစေလိုသောသဘောဖြင့် ထိုကဲ့သို့ "အပြောင်း အလဲ" တစ်ခုကို ဖန်တီးစေလိုက်ခြင်းမှာ ဇာတ်ညွှန်းရေးဆရာ၏ပညာ ဖြစ်ပါသည်။

ဇာတ်သိမ်းခန်းကို မည်သည့်အတွက် ဤသို့သိမ်းသည်၊ ဤကဲ့သို့ ရေးသည်ဆိုခြင်းမှာ ပရိသတ် စဉ်းစားရန်သာဖြစ်ပါသည်။ ဇာတ်ညွှန်းရေးဆရာက အလုပ်ပေးလိုက်ပါသည်။ မည်သို့ဆိုစေ ရုပ်ရှင်ဝါသနာရှင်များအတွက် လိုအပ်နေသော ထောင့်ကလေးတစ်ခုကို ဖြည့်ပေးနိုင်သည်ဆိုပါက ကျေနပ်ကြရမည်သာ။ ရုပ်ရှင် မပြခင်မှာ ဇာတ်ညွှန်းထုတ်ဝေခွင့်ပြုခဲ့သော ဦးကျော်ကျော် (စိတ်ပညာ) အားလည်း ကျေးဇူးတင်ရမည်သာ။ ဇာတ်ညွှန်းရေးဆရာ ကိုအောင်မင်းသိမ်း၏စေတနာကိုလည်း အသိအမှတ်ပြုကြရမည်သာ။ မြန်မာစာပေတိုက်ကိုလည်း ချီးကျူးဂုဏ်ပြုရမည်သာ။ မြန်မာ့ရုပ်ရှင် ရေစီးကြောင်းအတွက် ဝမ်းမြောက်ကြရမည်သာ။

**ဇာဂနာ** ၁၁။ ၉။ ၂၀၀၃

**ဇာတ်ဝင်ခန်း – မောင်ခွေး၊ တဲအိမ်**
**ရိုက်ကွင်းနေရာ – ညွန့်မြန်မာခြံ**

နေ့စွဲ ။

| အခန်းစဉ် | နေ့/ည တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၂ | နေ့/ပြင် | ခွေး၊ပထွေး၊အမေ၊ကောက်၊မှုန်၊မ(၂) | ဆေး၊စာအုပ်၊တံမြက်စည်း | ခွေး၊အဝတ်ဆက်သည်။ |
| ၁၂ | နေ့/ပြင် | ခွေး၊ပထွေး၊အမေ၊ရပ်ကွက်မှကျား/မများ | မုန့်ထုပ်၊အရက်ပုလင်း၊ ပိုက်ဆံငါးသိန်း | ခွေး၊အဝတ်ဆက်သည်။ |
| ၁၃(A) | နေ့/တွင်း/ပြင် | ခွေး၊ပထွေး၊လေ၊ကောက်၊စု၊ခက်၊အခြား | အသုဘအိမ်အပြင်အဆင် တစ်သိန်းထုပ် | |
| ၁၅ | နေ့/တွင်း/ပြင် | ခွေး၊လေ၊ကောက်၊စု | | |
| ၁၅(A) | ည/ပြင် | ခွေး၊လေ၊ကောက်၊စု၊ပထွေး | | |
| ၁၆ | နေ့/ပြင် | ခွေး၊ ကောက်၊စု၊ဒေါ်ကုလားမ | | |
| ၂၀(A) | ည/ပြင် | ခွေ၊လေ၊ကောက်၊မှုန်၊စု၊ပထွေး | ရေပုံးရေခွက် | |
| ၂၂ | နေ့/ပြင် | ခွေး၊လေ၊ကောက်၊မှုန်၊စု | | အပြိုင်ပြကွက် |
| ၂၄ | နေ့/တွင်း/ပြင် | ခွေး၊စု၊လေ၊သန်းစိုး၊အခြားသူများ | ပိုက်ဆံများ | |
| ၅၀ | နေ့/တွင်း/ပြင် | ခွေး၊ကောက်ရိုး | | |

http://www.cherrythitsar.org



**ဇာတ်ဝင်ခန်း – မောင်ရွှေ၊ အိမ်အသစ်**

**ရိုက်ကွင်းနေရာ – သံလျင်၊ စမ္ဘေးတော**

နေ့စွဲ ။

| အခန်းစဉ် | နေ့/ည တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၂၆ | နေ့/တွင်း/ပြင် | ခွေး၊ခု၊ပွဲစား(၁) | | |
| ၂၈ | နေ့/တွင်း/ပြင် | ခွေး၊ခု၊ကောက်၊လေ၊မှန်၊ရွာအမျိုးများ | | |
| ၃၁ | နေ့/ပြင် | ခွေး၊ခု၊ပွဲစား(၂)၊မှန်၊ကောက် | ချက်ပလက်ကား | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

http://www.cherrythitsar.org


**ဇာတ်ဝင်ခန်း – ငွေလှိုင်ထွန်းအိမ်**
**ရိုက်ကွင်းနေရာ – ဂီတမာလာ၊ ဘောက်ထော်**

နေ့စွဲ ။

| အခန်းစဉ် | နေ့/ည<br>တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၄၀(A) | နေ့/တွင်း | ခွေး၊ငွေလှိုင်ထွန်း၊မိန်းမ | | |
| ၄၁ | နေ့/တွင်း/ပြင် | ခွေး၊ကောက်၊လေ၊ဦးစောနိုင် | ကားတစ်စင်း | |
| ၄၃ | ည/တွင်း/ပြင် | ခွေး၊ချိုသဲ၊ယောက်ျား၊ရပ်ကွက်လူကြီးများ | အရက်ပုလင်း | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

http://www.cherrythitsar.org


**ဇာတ်ဝင်ခန်း – ရပ်ကွက်အတွင်း**
**ရိုက်ကွင်းနေရာ – ညွှန့်မြန်မာခြံ**

နေ့စွဲ ။

| အခန်းစဉ် | နေ့/ည တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၂ | နေ့/ပြင် | ခွေး၊ပထွေး၊ကောက်၊မှန်၊အခြား(၂) | | |
| ၁၉ | နေ့/ပြင် | ခွေး၊ကောက်၊လူကြီး၊ကလေးများစွာ | ပိုက်ဆံ ငါးကျပ်၊ငါးဆယ် များစွာ | |
| ၂၁ | နေ့/ပြင် | ခွေး၊လေသန်း၊(မ)များ | ခွေး | |
| ၄၂(A) | ည/ပြင် | ခွေး၊လေ၊ကောက်၊စု၊မှန် | ကားတစ်စင်း | |
| ၄၆ | နေ့/ပြင် | လူစုံ | | |
| ၄၇ | နေ့/ပြင် | ခွေး၊ဆယ်ပြား၊မ(၂)ဦး | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

**ဇာတ်ဝင်ခန်း – လမ်းမပေါ်**

**ရိုက်ကွင်းနေရာ – နေရာအနှံ့** နေ့စွဲ ။

| အခန်းစဉ် | နေ့/ည တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၃ | နေ့/ပြင် | ခန့်၊ ဖော၊ ဆယ်ပြား၊ ကလေးများ | မုန့်မျိုးစုံ | |
| ၅(A) | နေ့/ပြင် | ခန့်၊ ဖော၊ ဆယ်ပြား၊ လူ(၁)၊ မ(၂) | နှစ်ရာတန် | |
| ၆ | နေ့/ပြင် | သာ၊ လေ၊ ကောက်၊ ဖြတ်သွား/လာများ | ငါးကျပ်၊ တစ်ဆယ် | |
| ၇ | ည/ပြင် | ခွေး၊ ချို | ဆိုက္ကား | |
| ၃၅ | နေ့/ပြင် | ခွေး၊ စု၊ ပွဲစား | CONTAINER | |
| ၄၉ | နေ့/ပြင် | စု၊ ဖြတ်သွား/လာများ | ငါးကျပ်၊ တစ်ဆယ် | |
| ၅၁(A) | နေ့/ပြင် | ခွေး | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

**ဇာတ်ဝင်ခန်း** – **ဟိုတယ်**

**ရိုက်ကွင်းနေရာ** – **Yangon International & Seasons of Yangon.** နေ့ခွဲ ။

| အခန်းစဉ် | နေ့/ည<br>တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေ့/တွင်း/ပြင် | ခန့်၊ဇော၊သား၊စားပွဲထိုး၊ခွေး၊အခြား | | |
| ၅ | နေ့/တွင်း/ပြင် | ခန့်၊ဇော၊ခက်၊အခြားတစ်ဦး | | အပြိုင်ပြကွက်ရှိသည်။ |
| ၁၇ | နေ့/တွင်း/ပြင် | ခန့်၊ဇော | | |
| ၂၂ | နေ့/တွင်း/ပြင် | ခန့်၊ဇော၊ခက် | | |
| ၂၇ | နေ့/တွင်း/ပြင် | ခန့်၊ဇော၊ခက် | | |
| ၃၀ | ည/တွင်း | ခန့်၊ဇော | | |
| ၃၂ | နေ့/တွင်း | ခန့်၊ဇော၊ခက် | | |
| ၃၆ | နေ့/တွင်း | ခန့်၊ဇော | | |
| ၅၂ | နေ့/တွင်း | ခန့်၊ဇော | | |
| ၅၅ | နေ့/တွင်း | ခန့်၊ဇော | | |
| | | | | |
| | | | | |

http://www.cherrythitsar.org


**ဓာတ်ဝင်ခန်း – စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်**
**ရိုက်ကွင်းနေရာ – ညွန့်မြန်မာခြံ၊ Princess၊ တော်ဝင်** နေ့စွဲ ။

| အခန်းစဉ် | နေ့/ည တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၁၈ | နေ့/ပြင် | ခွေး၊လေ၊ကောက်၊မှန် | စီးကရက်၊လက်ဖက်ရည် | TEA.S. |
| ၂၄ | နေ့/ပြင် | သာခု၊ဆယ်ပြား၊သန်းစိုး | စီးကရက်၊လက်ဖက်ရည် | TEA.S. |
| ၄၈ | နေ့/ပြင် | ခွေး၊မှန်၊လေ၊အခြား | | TEA.S. |
| ၂၀ | ည/တွင်း | ခွေး၊လေ၊ကောက်၊သာခု၊မှန်၊အခြား | | အရက်ဆိုင် |
| ၁၅ | နေ့/တွင်း | ခွေး၊သာခု၊လေ၊ပွဲစား(၂)ယောက် | အရက်ပုလင်း၊စားစရာ | PRINCE |
| ၃၇ | ည/တွင်း | ခွေး၊လေ၊ကောက်၊သာခု၊မှန်၊အေး၊တပည့် | အရက်ပုလင်း၊စားစရာ | PRINCE |
| ၄၀ | နေ့/တွင်း | ခွေး၊ဦးလေးဖေတပည့် | | |
| ၄၂ | ည/တွင်း | ခွေး၊လေ၊ကောက်၊ခု၊မှန် | အရက်ပုလင်း၊စားစရာ | တော်ဝင် |
| | | | | |
| | | | | |
| | | | | |
| | | | | |

**ဓာတ်ဝင်ခန်း – သီးခြားနေရာများ**

**ရိုက်ကွင်းနေရာ – ဆေးရုံ၊ ဂေါက်ကွင်း၊ တိုင်းရင်းသားကျေးရွာ၊ ရယကရုံး** နေ့စွဲ ။

| အခန်းစဉ် | နေ့/ည တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၈ | နေ့/ပြင် | ခန့်၊ ဇော၊ အခြား | ဂေါက်ပစ္စည်းများ | ဂေါက်ကွင်း |
| ၁၀ | နေ့/ပြင် | ခန့်၊ ဇော၊ ခွေး၊ ဘခက်၊ အခြား | ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း | ဆောက်လုပ်ရေးလုပ်ငန်းခွင် |
| ၄၄ | ည/တွင်း | ခွေး၊ ခက်၊ ငွေ၊ ချိုသဲ၊ ယောကျာ်း၊ လူကြီးများ | | ရပ်ကွက်ရုံး |
| ၅၃ | နေ့/တွင်း | ခန့်၊ ဇော၊ ဆရာဝန်၊ အရူးများ | | ဆေးရုံ |
| ၅၄ | နေ့/ပြင် | ခန့်၊ ဇော၊ ခွေး၊ အဖွားကြီးကလေးများ | | စိုက်ခင်း |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

http://www.cherrythitsar.org


**ဇာတ်ဝင်ခန်း – အကြော်တဲ၊ ဆိုက္ကားဂိတ်**
**ရိုက်ကွင်းနေရာ – ညွန့်မြန်မာ** နေ့စွဲ ။

| အခန်းစဉ် | နေ့/ည တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၄ | နေ့/ပြင် | ခွေး၊လေ၊ကောက်၊မှန်၊ဖြူ | | |
| ၉ | နေ့/ပြင် | ခွေး၊ဖြူ၊လေ၊စု၊မွန်၊ဆယ်ပြား၊အခြား | ဆားထုပ် | |
| ၁၄ | နေ့/ပြင် | ကောက်၊လေ၊မှန်၊စု၊ဖြူ | | |
| ၁၉(A) | နေ့/ပြင် | ခွေး၊ဖြူ၊လေ၊ကောက်၊အခြား၊ဆယ်ပြား | | |
| ၂၅ | နေ့/ပြင် | ကောက်၊မှန်၊ဆယ်ပြား၊အခြား | | |
| ၂၉ | နေ့/ပြင် | ဖြူ၊စု၊ပွဲစား၊မ(၂)ဦး | | |
| ၅၁ | နေ့/ပြင် | ဖြူ၊ခွေး၊အဖွားကြီး၊ထီသည် | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

http://www.cherrythitsar.org




**စာတိုက်ခန်း – ကုမ္ပဏီရုံးခန်း**

**ရိုက်ကွင်းနေရာ – IBC & Season of Yangon.** နေ့စွဲ ။

| အခန်းစဉ် | နေ့/ည<br>တွင်း/ပြင် | ပါဝင်သည့်သရုပ်ဆောင်များ | လိုအပ်သည့်ပစ္စည်း | မှတ်ချက် |
|---|---|---|---|---|
| ၁၁ | နေ့/တွင်း | ခွေး၊ခန့်၊ဇော၊ဘခက် | ငွေငါးသိန်း | |
| ၁၃ | ။ | ခန့်၊ဇော၊ဘခက် | | |
| ၃၄ | ။ | ခန့်၊ဇော၊ဘခက် | | |
| ၃၈ | ။ | ခွေး၊လေ၊ကောက်၊အေးဖေ၊အခြား | | ဦးအေးဖေရုံး |
| ၃၉ | ။ | ခန့်၊ဇော၊ဘခက် | | |
| ၄၅ | ။ | ခန့်၊ဇော၊ဘခက် | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

http://www.cherrythitsar.org


ရိုက်ကွင်းနေရာ – ဟိုတယ်တစ်ခု (တွင်း/ပြင်/နေ့)
ပါဝင်သူများ – ဦးအောင်ခန့်၊ ဦးကျော်ဇော၊ ဦးကျော်ဇော၏သား၊ မောင်ခွေး၊ ဟိုတယ်ဝန်ထမ်းတစ်ဦး။



http://www.cherrythitsar.org



- ရန်ကုန်မြို့ ရှုခင်းကို အပေါ်စီးမှ မြင်ရသော ဟိုတယ်ပြတင်းပေါက် ဘေးမှ လက်ဖက်ရည်ဝိုင်းတစ်ခု ...

- လမ်းပေါ်ရှုခင်း (Wide) မှ CRANE DOWN – F/G လက်ဖက်ရည်နှစ်ခွက် (BCU) ...

- ထိုလက်ဖက်ရည်နှစ်ခွက် (STATIC) အရုပ်တွင် ခေါင်းစီးစာတမ်းများ ရေးထိုးရန်
  – ခန့် – 'လောကမှာ အရေးကြီးဆုံးက ဘာလဲ...'

- ထိုလက်ဖက်ရည်နှစ်ခွက်အရုပ်နှင့် TITLE များရေးထိုးနေစဉ် – နောက်ခံ စကားပြောသံများ ပေးထားရန် ...
  – ဇော – 'ဟဲ–ဟဲ–ဟဲ–ငွေပေါ့ဗျာ...'
  – ခန့် – 'ခင်ဗျား–အဲဒီလိုဖြေမယ်ဆိုတာ ကျုပ်သိပြီးသားပါ–ငွေဟာ သိပ်အရေးပါတာတော့ မှန်တယ်–ဒါပေမဲ့ အရေးအကြီးဆုံးတော့ မဟုတ်သေးဘူးဗျ...'
  – ဇော – 'ကဲ–ဒါဆို အရေးကြီးဆုံးက ဘာလဲ...'
  – ခန့် – 'ဘာလဲတော့–မသိသေးဘူး–ဒါပေမယ့်–ငွေ–မဟုတ်တာတော့ သေချာတယ်...'
  – ဇော – 'ဟာ–ခင်ဗျား–ငြင်းပုံငြင်းနည်းက–မဟုတ်သေးပါဘူး–ကျုပ်ပြောတာ မှားတယ်ဆိုရင်–မှန်တာတစ်ခုကို ခင်ဗျားပြောနိုင်ရမှာပေါ့...'

- လက်ဖက်ရည်ခွက်နှစ်ခွက် (BCU) မှ Z:Out ဦးအောင်ခန့်နှင့် ဦးကျော်ဇော (စားပွဲတွင်) ထိုင်စကားပြောနေ ...
  – ခန့် – 'ခင်ဗျား–ခုနက–ကျုပ်ကို–ပြောတယ်လေ–ခင်ဗျားသားအတွက်–လုပ်ငန်းလေးတစ်ခု–လုပ်ပေးချင်တယ်–ဘာလုပ်ရရင် ကောင်းမလဲ–တဲ့–ကဲ–အဲဒီစိတ်ကူးကို–ပိုက်ဆံဘယ်လောက်နဲ့–ဘယ်နေရာမှာ သွားဝယ်မလဲ...'
  – ဇော – 'ဟာ–ဒါ–ခင်ဗျား–သက်သက်မဲ့ ကပ်ပြောတာပါ–ဒါက–ငွေနဲ့ဝယ်ရမယ့်ကိစ္စမှ မဟုတ်တာ...'
  – ခန့် – 'ဟာ–ငွေရှိရင် ဘာမဆိုဖြစ်တယ်–ဆို...'
  (ထိုစဉ်–ဦးကျော်ဇော၏ Ph: မြည်လာ၍ကောက်ကိုင်)

- 'သိန်းထောင့်ငါးရာ' – ဆိုသောနေရာတွင် ဘေးမှ စားပွဲထိုး လှည့်အကြည့် – INTER – ပြရန် ...
  – ဇော – 'အေး–ပြော–ဟင်–အေး–ဟုတ်တယ်–ဘယ်လောက်တဲ့လဲ–သိန်း–ထောင့်ငါးရာ–အင်း–မဆိုးပါဘူး–လျှော့နိုင်ဦးမလားလို့–မေးကြည့်လိုက်–မလျှော့နိုင်တော့ဘူးဆိုရင်–ယူလိုက်–အေး–ဟုတ်တယ်...'

http://www.cherrythitsar.org



(ဦးကျော်ဇော Ph: ချလိုက်ပြီး–စကားဆက်ရန်အပြင်တွင် ဦးအောင်ခန့် Ph: မြည်လာ–ကောက်ကိုင်)

– ခန့် – 'ဟဲလို–အော်–အေးပြော–ဟင်–ဘာတဲ့လဲ–(နားထောင်နေ–ရာမှ)–ဟာ–အဲဒါဆို ဆက်မလုပ်နဲ့တော့–လို့ပြောလိုက်–ရတယ်–နေပစေ–အဲဒီစရံတွေလဲ ပြန်မယူတော့ဘူးလို့ ပြောလိုက်–ဟုတ်ပြီလား' (ပြောပြီး Ph: ချလိုက်)

– ဇော – 'ဘယ်သူလဲ...'

– ခန့် – 'ဘယ်သူရှိရမလဲဗျာ–ခင်မောင်သန်းပေါ့...'

🎬 'သိန်းသုံးဆယ်–ဆုံးပစေ' – နေရာတွင် စားပွဲထိုး၏ဒုတိယ– INTER ပြရန် ...

– ဇော – 'စရံ ဘယ်လောက်ပေးထားတာလဲ...'

– ခန့် – သိန်းသုံးဆယ်–ပေးထားပြီးသား–တော်ပါပြီဗျာ–သိန်းသုံးဆယ်ဆုံးရင် ဆုံးပါစေတော့–နားပူတာကို ကျုပ်မခံနိုင်တော့ဘူး...'

🎬 ဦးကျော်ဇော–သဘောကျ ရယ်မောနေစဉ် – (ဦးကျော်ဇော၏သား–ဝင်လာ)

– သား – 'ဒယ်ဒီ Ph: ကလဲ ဆက်လို့ကိုမရဘူး–အောက်မှာ ဒယ်ဒီ့ကားတွေ့တာနဲ့–တက်လာတာ...'

– ဇော – 'ဘာတွေအရေးကြီးလို့လဲ...'

– သား – 'သား–ကားတစ်စီးလဲချင်လို့...'

– ဇော် – 'လုပ်ပြန်ပြီ–လဲထားတာမှ နှစ်လမပြည့်သေးဘူး–ဘာအသစ်တွေ့လာပြန်ပြီလဲ...'

– သား – 'အသစ်မဟုတ်ပါဘူး–သားအခုစီးနေတဲ့ ကားမျိုးပဲ–Model လဲအတူတူပဲ–နံပါတ်နဲ့ အရောင်ပဲကွဲသွားတာ...'

(ဦးအောင်ခန့် မနေနိုင်/ဝင်ပြော)

– ခန့် – 'မင်းကလဲကွာ–နံပါတ်နဲ့ အရောင်လေးကွဲတာများ ဘာထူးလို့လဲ–ဒီကားက ဒီကားပဲဥစ္စာ..."

🎬 စားပွဲထိုး–ဆင်းဒဝစ်–တစ်ပွဲ–လာချ ...

– သား – 'ဟာ–အန်ကယ်–မတူဘူး–အရောင်က သိပ်စကားပြောတယ်–ဒီအရောင်က–ဒီတစ်စီးထဲရှိတာ–ဟဲ–ဟဲ–ဒယ်ဒီ ဘယ်လိုလဲ–လဲပေးမှာလား...'

– ဇော – 'အလိုက်ဘယ်လောက် ပေးရမှာလဲ...'

– သား – 'တစ်ရာ...တဲ့...'

(ဦးအောင်ခန့်...ဝင်ပြော)

– ခန့် – 'သိန်းတစ်ရာ–ဟာ–ဘာကွာလို့လဲ'

– သား – 'အရောင်–လေ အန်ကယ်ရဲ့–အရောင်...'

http://www.cherrythitsar.org



– ခန့်   –   'မင်းက–ကားကို စီးမှာလား–အရောင်ကို–စီးမှာလား'
– သား  –   'ဟဲ–ဟဲ–အရောင်ပါ–တဲ့ ကားကို စီးမှာ...'

🎬 ဦးကျော်ဇော–ရယ်မောရင်း–ဝင်ပြော ...
– ဇော  –   'ကိုအောင်ခန့်–ကျုပ်သားကို နားချဖို့တော့ ခင်ဗျားမစဉ်းစားနဲ့–လေကုန်ရုံပဲ–ဒီကောင်လိုချင်တာ မြန်မြန်ပေးလိုက်ရင်–ကျုပ်တို့ မြန်မြန်နားအေးမယ်...'
– သား  –   'OK–ဒါဆို ဒယ်ဒီ သဘောတူပြီနော်...'
– ဇော  –   'ဟေ့ကောင်–ငါသဘောတူတာ မဟုတ်ဘူးနော် မင်းလိုချင်တယ်ဆိုလို့ ငါအလိုလိုက်ရတာ...'
– သား  –   'ဘယ်လိုပဲဖြစ်ဖြစ်လေ–ဒယ်ဒီ ခေါင်းညိတ်တယ်ဆိုပြီးပြီပေါ့–သား အခု–ကားသွားယူလိုက်တော့မယ်...'

🎬 သား–စားပွဲပေါ်မှ–ဆင်းဒဝစ်–နှစ်ခု–ကောက်ယူ(တစ်ခုကိုစားရင်း ထွက်သွား)

🎬 ဟိုတယ်–အောက်အဆင်း(ကားရှိရာသို့)အလာ ကားဘေး–ပလက်ဖောင်းပေါ်တွင်–အကြော်တစ်ခု ထိုင်စားနေသော မောင်ခွေးကို လှမ်းတွေ့ ...

🎬 အကြော်တစ်ခုကို သနားစဖွယ် ထိုင်စားနေပုံ၊ သားက–မောင်ခွေးကို လက်ထဲမှ ဆင်းဒဝစ်တစ်ခု လှမ်းပေး ...
– ခွေး  –   (ခေါင်းခါရင်း) 'ကျွန်တော်–အကြော်ပဲ ကြိုက်တယ်...'

🎬 သားက မောင်ခွေးကို အံ့သြစွာကြည့်ရင်း ကားပေါ်တက် မောင်းထွက်သွားပုံပြရန်...


🎬 Last-Cut ကားမောင်းသွားရာသို့ Z : IN ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


## အခန်း ၂

ရိုက်ကွင်းနေရာ – မောင်ခွေးအိမ်(တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ ပထွေး၊ အမေ၊ ကောက်ရိုး၊ မျက်မှန်။



🎬 CAMERA ရှေ့မှ ကားတစ်စီးမောင်းထွက်သွား ...

🎬 (ကားShutter) ဖယ်လိုက်လျှင်–လမ်းပေါ်တွင် အရက်မူး လမ်းလျှောက်လာသော ပထွေးပေါ်လာ ...

🎬 လမ်းထိပ်အုတ်ခုံတွင် စာထိုင်ဖတ်နေသော မျက်မှန်ရှေ့မှ ပထွေး(ယိုင်ထိုး၍) ဖြတ်သွားပုံ ပြ ...

🎬 အိမ်ရှေ့ကွပ်ပျစ်တွင် (နေမကောင်း၍) လှဲနေသော မောင်ခွေး၏မိခင်ရှိရာသို့ ကောက်ရိုးရောက်လာ ...

– ရိုး – 'ဒေါ်လေး–ငခွေး ပြန်မလာသေးဘူးလား ...'
– မေ – 'မလာသေးပါဘူးကွယ်...'
– ရိုး – 'ဒေါ်လေး ဘာဖြစ်နေတာလဲ–နေမကောင်းဘူးလား...'
– မေ – 'ဒီလိုပါပဲကွယ်–ခေါင်းထဲ နဲနဲမူးနေလို့ပါ...'
– ရိုး – 'ဦးလေးရော–မရှိဘူးလား...'
– မေ – 'မေးနေရသေးလားကွယ်–ဒီအချိန် ဘယ်တုန်းက အိမ်မှာရှိဖူးလို့လဲ...'

🎬 ရပ်ကွက်အတွင်း အိမ်တစ်အိမ်ရှေ့တွင် (လင်မယားနှစ်ဦးကို) ပထွေးဦးလှဖေ ရစ်နေပုံ ပြရန် ...

– ပထွေး– 'မဟုတ်သေးဘူး–ကျုပ်သိပါတယ်–လူတွေက လှဖေကို–အ,နေတယ်–ထင်နေကြတာ–လှဖေက–အ,ချင်ဟန်ဆောင်နေတာ...'
– မ–၁ – 'ကဲတော်ပါတော့ ကိုလှဖေရယ်–မူးနေရင်လဲ အိမ်ပြန်အိပ်ပါတော့...'
– ပထွေး– 'အေး–အဲ့ဒါပဲ–အရက်သောက်တာ–ကရင်ဆော်ဒါ သောက်တာ မဟုတ်ဘူး–မူးတာ–ဆန်းလား...'

(လင်မယားနှစ်ယောက် စိတ်ညစ်နေကြ)

🎬 လမ်းထိပ်အုတ်ခုံတွင် မျက်မှန်နှင့်ကောက်ရိုး ...

– မှန် – 'လူတွေက...အဲ့ဒါပဲကွ...အရက်က သူ့ဟာသူနေတာ လူတွေက–အရက်ကို နာမည်ဖျက်နေကြတာ...'
– ရိုး – 'အဲ့ဒါက ဘယ်စာအုပ်ထဲမှာ ပါတာလဲ...'
– မှန် – 'ဟာ–ဒါက ငါ့ဟာငါ ပြောတာကွ'
– ရိုး – 'မသိဘူးလေ–မင်းက တွေ့တိုင်း စာအုပ်ထဲက ဟာတွေပဲ ပြောပြောနေတာကိုး...'

(ထိုစဉ်–ငခွေးရောက်လာ)

– ရိုး – 'ဟေ့ကောင်–မင်းက ဘယ်လျှောက်သွားနေတာလဲ–အိမ်မှာ မင်းအမေက နေမကောင်းဘူး–မင်းပထွေးက မူးပြီး ရစ်နေပြီ...'
– မှန် – 'ဒါ အဆန်းမဟုတ်ပါဘူးကွာ–နေ့တိုင်း ဖြစ်နေကြကိစ္စပါ'

http://www.cherrythitsar.org



🎬 မောင်ခွေးက စိတ်ပျက်စွာ ဝင်ထိုင်ရင်း ...

– ခွေး – 'ငါ အလုပ်လိုက်ရှာနေတာကွ–ဘယ်မှာမှ အဆင်မပြေပါဘူးကွာ...'

– ရိုး – 'အေး ပြောမှသတိရတယ်–ဟိုဖက်လမ်းထိပ်မှာ အိမ်တစ်လုံးဆောက်နေတယ်–အဲဒီမှာ–နေ့စား အလုပ်သမားလိုလို့တဲ့...'

– မှန် – 'ဟော့ကောင်–အဲ့ဒါ–ငါက မင်းကို ပြောထားတာလေ'

– ခွေး – 'အေးပါကွာ–ဘယ်သူပြောပြောပေါ့–ခုချိန်မှာ–ငါကတော့–ပိုက်ဆံရရင်–ဘယ်အလုပ်မဆို လုပ်မှာပဲ...'

– မှန် – 'ဒါပေါ့ကွာ–အလုပ်ဟူသမျှ...'

(မျက်မှန်စကားမဆုံးခင် နှစ်ယောက်ဖြတ်ပြော)

– 'ဂုဏ်ရှိစွ–တဲ့–အဲဒါတော့ ငါတို့လဲ သိပြီးသား–မင်းဆရာမလုပ်နဲ့...'

– မှန် – 'ဟာ–သေချင်းဆိုးတွေ...' (နောက်ပြောင် ရယ်မောလိုက်ကြပုံ)

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# အခန်းစဉ် ၃

ရိုက်ကွင်းနေရာ – လမ်းတစ်နေရာ (ပြင်/နေ့)
ပါဝင်သူများ – ဦးအောင်ခန့်၊ ဦးကျော်ဇော၊ ဆယ်ပြား။



http://www.cherrythitsar.org



🎬 အရူးဆယ်ပြား၏ OPENING ...

🎬 ဆယ်ပြား မုန့်တစ်ခုကိုင်၍ လျှောက်လာ – လမ်းတွင်တွေ့သော ကလေးများကို 'စားမလား' – မေး – မုန့်လိုက်ကျွေး–ကလေးများက(ဆယ်ပြားပုံစံကို ကြည့်၍) ခေါင်းခါပြ – ဆယ်ပြားတို့ဘေးမှ (ခန့်+ဇော်တို့) ကား – ဖြတ်သွား ဦးအောင်ခန့်က ဆယ်ပြားကို လှည့်ကြည့် ကားရပ်ခိုင်း ...

– ဇော – 'ဘာလဲဗျာ'

– ခန့် – 'ဟိုမှာ မုန့်လိုက်ကျွေးနေတဲ့ အရူးကို တွေ့တယ်မို့လား–ခင်ဗျား သူ့ဆီကမုန့်ကို ပိုက်ဆံနဲ့ ဝယ်ကြည့်ပါလား...'

– ဇော – 'အော်–ခင်ဗျားက–ဟိုနေ့ကိစ္စကို ပြန်ဆက်တာပေါ့ ဟုတ်လား' (ဦးအောင်ခန့်–ရယ်နေ) 'စမ်းကြည့်တာပေါ့ဗျာ'

🎬 ဦးကျော်ဇော–ကားကို နောက်ပြန်ဆုတ် – (ဆယ်ပြား – ဘေးတွင် ရပ်) – ဦးကျော်ဇော နှစ်ရာတန် တစ်ရွက်ထုတ်ရင်း ကားပေါ်မှလှမ်းမေး ...

– ဇော – 'ညီလေး – အဲဒီမုန့် ငါတို့ကို ရောင်းမလား...'

– ပြား – 'NO–ဒါရောင်းတာ မဟုတ်ဘူး–အလကားကျွေးတာ'

– ဇော – 'အေးလေကွာ–မင်းက အလကားကျွေးတာကို ဘယ်သူကမှ မစားတာ–အဲဒါကို ငါက–ပိုက်ဆံပေးပြီးဝယ်မှာ ရော့'

– ပြား – 'NO–NO–NO–ဝယ်ရင် မရောင်းဘူး–တောင်းရင် ကျွေးမယ်...'

– ဇော – 'မင်း–ဒီပိုက်ဆံ မလိုချင်ဘူးလား...'

– ပြား – 'ခင်ဗျားဟာက–စားလို့ရလား...'

🎬 ဦးကျော်ဇောတို့ သဘောကျစွာ ရယ်မောရင်း ကားမောင်းထွက်၊ ကားမောင်းရင်း (ပြောသွားကြ) ...

– ခန့် – 'တွေ့တယ်မို့လား–တချို့ကိစ္စတွေက ပိုက်ဆံပေးတိုင်းမရဘူးဗျ...'

🎬 ကား L.S ပေါ်တွင် အသံ O/L ပေးရန် ...

– ဇော – 'ဟား–ဟား–ဟား–ပိုက်ဆံမကြိုက်ဘူးဆိုတာ–အရူးမို့လို့ပေါ့ဗျာ...'

▲ ▼ ▲ ▼ ▲ ▼ ▲ ▼

http://www.cherrythitsar.org



# အခန်းစဉ် ၄

ရိုက်ကွင်းနေရာ – အကြော်ဆိုင် (တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ မိဖြူ၊ လေသန်း၊ ကောက်ရိုး၊ မျက်မှန်။



http://www.cherrythitsar.org



၆၂

🎬 Blank Bound တွင်းသို့ ဝင်လာသော ငါးကျပ်တန် အနွမ်းတစ်ရွက် (မိဖြူ) လှမ်းယူလိုက်သော လက်မှ Tilt Up မိဖြူ CU– ထိုမှ မိဖြူနောက်တွင် စကား ပြောနေသော လေသန်းသို့ Focus ပြောင်း ...

– လေ – 'မန်ချက်စတာယူနိုက်တက်က ကောင်လေကွာ–နောက်ဆုံးဂိုးကို– ဂေါင်းတိုက်သွင်းသွားတာ–ဘယ်လောက်ကောင်းလဲ'

🎬 အကြော်တဲရှေ့ စားပွဲဝိုင်း Wide...

– ရိုး – 'ဘယ်သူလဲကွ...'

– လေ – 'ဟိုကောင်လေကွာ–ဘယ်သူ–လဲ–ဒူးဇစ်–ဒူးဇစ်'

– မှန် – 'ဟေ့ကောင်–ဒူးဇစ်က ထိုင်းက မဟုတ်ဘူးလား ...'

– လေ – 'မန်ယူက ဝယ်သွားပြီလေ–၁၀သန်းလား မသိဘူး ပေးလိုက်တာ...'

– မှန် – 'ဟုတ်ရဲ့လားကွာ ငါတို့လဲ မကြားမိပါဘူး ...'

– လေ – 'မင်းတို့က အဲဒါတွေ ခက်တာပေါ့ ဘောလုံးပွဲလဲ မကြည့်ဘဲနဲ့ ...'

– ရိုး – 'မင်းကရော–ကြည့်လို့လား ...'

– လေ – 'ကြည့်တဲ့လူတွေက–ငါ့ကို ပြန်ပြောတာလေကွာ ...'

🎬 မိဖြူ အကြော်ကြော်နေရာမှ ဝင်ပြော ...

– ဖြူ – 'ကဲ ကိုလေသန်း–ရှင် ဒီဆိုင်လာရင် အကြော်ဖိုးအပြင် နားငြီးခလေးပါ ပိုပေးသင့်တယ်–ရောက်လာထဲက ပြောလိုက်တဲ့စကားဆိုတာလေ...'

– ရိုး – 'အော်–မိဖြူကလဲ မောင်သန်းဆိုတဲ့ နာမည်ကနေ 'လေသန်း' ဆိုတဲ့ နာမည် အလကားပြောင်းသွားတာမှ မဟုတ်တာ ...'

🎬 လေသန်းထ, သွား – မောင်ခွေး ဝင်လာ ...

– လေ – 'တော်ပြီကွာ–မင်းတို့ ဗဟုသုတရပါစေဆိုပြီး ငါက လေကုန်ခံနေတာ –အလကားပဲ–သဲထဲ WATER သွန်ပစ်တယ်...'

– ခွေး – 'မိဖြူ ငါအကြော်တစ်ခုစားမယ်နော်–မှတ်ထားလိုက်...'

– ဖြူ – 'မှတ်မထားပါဘူး–ငခွေးရယ်–စားသွားစမ်းပါ...'

– ခွေး – 'အော် ဟေ့ကောင်–မင်းဆိုက္ကား–ညဖက် ငါ့ကို ပေးနင်းပါလား– မင်းနားတဲ့အချိန်ပေါ့...'

🎬 (မျက်မှန်ဝင်ပြော) ...

– မှန် – 'အေးလေ–ညနေ–(၆)နာရီကနေ (၉)နာရီလောက်အထိက မင်း အရက်ဆိုင်ရောက်နေတဲ့အချိန် အဲဒီအချိန်မှာ ဒီကောင့်ကို ပေးနင်း ထားရင် အလကား မဖြစ်ဘူးပေါ့'

– ခွေး – 'မင်း အုံနာကိုတော့ ကြည့်ပြောပေးပါကွာ–ငါက စဘော်တွေ ဘာ တွေမှ မပေးနိုင်တာ ...'

http://www.cherrythitsar.org



🎬 (မျက်မှန်ဝင်ပြော) ...

– မှန် – 'ရပါတယ်–ဒီကောင့် အုံနာကို ငါပြောပေးပါ့မယ် ...'

🎬 (ကောက်ရိုး ဒေါကန်) ...

– ရိုး – 'အေး–အဲဒါဆိုလဲ–မင်းပဲ ဒီကောင့်ကို ဆိုက္ကားရှာပေးလိုက်တော့ ...'

– မှန် – 'ဟာ ဆိုက္ကားက ငါ့ဆီမှာမရှိဘူးလေ–မင်းဆီမှာလေ ...'

– ရိုး – 'အဲဒါဆို မင်းက ဘာဖြစ်လို့ ဝင်ဝင်ပြောနေရတာလဲ ...'

– မှန် – 'အော်–ငါက အကြံပေးတာပါ ...'

– ခွေး – 'ကဲပါကွာ–မင်းတို့နှစ်ယောက် နောက်မှငြင်းကြ ငါ့ကိစ္စအရင်ပြောဦး–
အဆင်ပြေမှာလား ...'

– ရိုး – 'အေးပါ–ငါပြောပေးပါ့မယ် ...'

– မှန် – 'ပြောပေးလိုက်ပါကွာ ...'

– ရိုး – 'ဟော့ကောင်–မင်းဝင်မပြောနဲ့–ဆို ...'

– မှန် – 'အော်–ငါက ...'

(နှစ်ယောက် ငြင်းခုံ/ မောင်ခွေး ရယ်နေ)

▲▼▲▼▲▼▲▼

http://www.cherrythitsar.org





ရိုက်ကွင်းနေရာ – ဟိုတယ် (တွင်း/နေ့)
ပါဝင်သူများ – ဦးအောင်ခန့်၊ ဦးကျော်ဇောနှင့်အခြားတစ်ဦး ဘခက်။



http://www.cherrythitsar.org



- အခန်းစဉ် ၁ –First Cutအတိုင်း – ဟိုတယ်ပြတင်းပေါက်အနီးမှ–လက်ဖက်ရည်ဝိုင်း– (CRANE DOWN လက်ဖက်ရည်နှစ်ခွက် – ထိုမှ Z:Out ခန့်+ဇော–နှစ်ယောက်) – အရုပ်ပေါ်တွင် အသံ O/L ပေးထားရန် ...

– အခြား– ‘ဟား–ဟား–ဟား ခင်ဗျားတို့နှစ်ယောက်ကတော့ အလုပ်မရှိ အလုပ်ရှာနေကြတဲ့ လူနှစ်ယောက်ပဲ...’

– ဇော – ‘မရဘူးဗျ–ဒီလူက အငြင်းသန်တယ်...’

– သန့် – ‘အောင်မာ–ခင်ဗျားကရော–ခုထိ လျှော့သေးလို့လား’

– ဇော – ‘အို–လျှော့စရာမလိုဘူးလေ–ကျုပ်က မှန်နေတာပဲ ဟဲ–ဟဲ’

– ခန့် – ‘မှန်တဲ့အကြောင်းကို သက်သေမပြနိုင်သေးပါဘူး–ကိုကျော်ဇော–ရယ်...’

- ဦးကျော်ဇောရယ်ရင်း အခြားတစ်ဦးကို ပြော ...

– ဇော – ‘အေးဗျ– တစ်နေ့က ကျုပ်တို့နှစ်ယောက် စမ်းသပ်မှုတစ်ခု လုပ်ကြတယ်–ရယ်ရတယ်ဗျာ–နှစ်ယောက်လုံး မအောင်မြင်လိုက်ဘူး ... ’

– အခြား– ‘ဟုတ်လား–ဘယ်လိုစမ်းသပ်ကြတာလဲ...’

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


## အခန်းစဉ် ၅က

ရိုက်ကွင်းနေရာ – လမ်းတစ်နေရာ (ပြင်/နေ့)
ပါဝင်သူများ – ခန့်၊ ဇော၊ လူရည်သန့်တစ်ဦး၊ မိန်းမနှစ်ဦး၊ ဆယ်ပြား။



http://www.cherrythitsar.org



🎬 လမ်းမပေါ်(ချထားသော)တစ်ရာတန် – တစ်ရွက် – BCU မှ Z: Out(မလှမ်းမကမ်းတွင်) ရပ်ထားသော ကားပေါ်မှ ဦးအောင်ခန့် + ဦးကျော်ဇော ...

🎬 (သပ်ရပ်စွာဝတ်စားထားသော) လူရည်သန့်တစ်ဦး လျှောက်လာ – ပိုက်ဆံတစ်ရာကိုတွေ့ (ပတ်ဝန်းကျင်ကို လှည့်ကြည့်) မကောက်တော့ဘဲ – ထွက်သွား ...

– ဇော – 'တကယ်တော့ အဲဒီလူ ကောက်ချင်တာဗျ–တခြားလူမြင်သွားမှာကြောက်လို့ မကောက်တာ ...'

– ခန့် – 'ဟဲ–ဟဲ–ဒါဆို ရှက်တဲ့စိတ်က–ငွေကို ကျော်လွှားနိုင်တယ်ပေါ့...'

– ဇော – 'စောင့်ကြည့်ပါဦး ...'

🎬 နွမ်းပါးဟန် မိန်းမကြီးနှစ်ယောက်လျှောက်လာ ပိုက်ဆံကိုတွေ့ (တစ်ယောက်က လှမ်းကောက်မည်အပြု – တစ်ယောက်ကတား) ...

– 'ဟင်–ဘာဖြစ်လို့လဲ'

– 'ဒီနေ့ ထီဖွင့်မယ့်နေ့လေ–ယတြာကျေသွားမှာပေါ့...'

– 'နှမြောစရာကြီးဟယ်...'

🎬 ပြောရင်း မိန်းမနှစ်ယောက်ထွက်သွား – (ကားထဲမှာ နှစ်ယောက်ပြော) ...

– ဇော – 'တွေ့တယ်မို့လား–သူလဲ အလကားရရင် လိုချင်တာပဲ'

– ခန့် – 'ဒါပေမယ့်–သူ မကောက်သွားဘူးလေ'

– ဇော – 'ဟာ–ဒါ မလိုချင်လို့ မကောက်တာ မဟုတ်ဘူး–ပိုလိုချင်လို့ ဒါကို မကောက်တာ...'

– ခန့် – 'နေဦး–နေဦး–ဟိုမှာ တစ်ယောက်လာနေပြန်ပြီ...'

🎬 အရူးဆယ်ပြားလျှောက်လာ ပိုက်ဆံတစ်ရာကိုတွေ့ (သေသေချာချာငုံ့ကြည့်) ဘေးဘယ်ညာကို လှမ်းကြည့် (အမှိုက်ပုံး) ...

– ပြား – 'အင်း–လူတွေက စည်းကမ်းမရှိကြဘူး–အမှိုက်တွေကို လမ်းပေါ် ပစ်ထားတယ်'

🎬 ပိုက်ဆံကိုကောက်ပြီး အမှိုက်ပုံးထဲထည့်/ ထွက်သွား ...

– ပြား – 'သွား–အမှိုက်ဆိုတာ အမှိုက်ပုံးထဲမှာ–နေ...'

## အခန်းစဉ် ၅ မှ သုံးယောက်ပြန်ပြ

🎬 ဟိုတယ်ပြတင်းပေါက်ပေါ်တွင် ရယ်သံများ O/L ထိုမှ PAN(သုံးယောက်) ...

– 'ဟား–ဟား–ဟား–အဲဒီအရူးပြောတာ အမှန်ဆုံးပဲဗျို့–နေရင်း ထိုင်ရင်း–ပိုက်ဆံတစ်ရာ ဆုံးသွားတာပေါ့–ဟား–ဟား–ဟား ...'

– ဇော – (ရယ်ရင်း) 'မဟုတ်ဘူးဗျ–ဒီလူက ငွေရဲ့ စွမ်းအားကို မယုံဘူးဖြစ်နေ

လို့ ကျုပ်က သက်သေပြဖို့ ကြိုးစားနေတာ…'

– ခန့် – 'လုပ်လေ–ကျုပ်လက်ခံနိုင်အောင် သက်သေပြနိုင်ရင် ကျုပ်က ခင်ဗျားကို အရှုံးပေးမှာပေါ့…'

– ဇော – 'ဟဲ–ဟဲ–စောင့်ကြည့်ပါဦး …'

🎬 ထိုစဉ် (ဘခက်) ဝင်လာ၊ ဘခက် – ဦးအောင်ခန့်၏တပည့် …

– ခက် – 'ဆရာ–အစည်းအဝေး–စ,ဖို့ ဆယ်မိနစ်ပဲ လိုတော့တယ်…'

– ခန့် – (ယခုမှသတိရ) 'ဟာ–မင်းဘာလို့ ငါ့ကို သတိမပေးတာလဲ'

– ခက် – 'မနေ့က ဆရာမှာထားတယ်လေ–အချိန်နီးရင်သတိပေးတဲ့'

– ခန့် – 'ကဲ–တွေ့လား ကျုပ်တပည့်က အဲဒီလိုကောင်ဗျ…' (သုံးယောက်–ရယ်လိုက်ကြ)

▲▼▲▼▲▼▲▼

## အခန်းစဉ် ၄

ရိုက်ကွင်းနေရာ – လမ်းတစ်နေရာ (ပြင်/နေ့)
ပါဝင်သူများ – သာခု၊ လေသန်း၊ ကောက်ရိုး။



http://www.cherrythitsar.org



🎬 သာခု CU (BACK မှ လှည့်လာ) လမ်းဘေးမှာ ထိုင်ပြောနေ ...
– 'သာခုပါခင်ဗျာ–သာခုပါ ...'

🎬 (ဖြတ်သွားသောလူများ) သာခုကိုကြည့် ပိုက်ဆံချပေး – (သာခုပိုက်ဆံကို ချက်ချင်းမကောက်) ဆက်အော်နေ ...
'သာခုပါခင်ဗျာ–သာခုပါ ...'

🎬 (နောက်တစ်ယောက်လာ) ပိုက်ဆံထုတ်ပေး – (အိတ်ထဲကောက်ထည့်)
'သာခုပါခင်ဗျာ–သာခုပါ ...'

🎬 လေသန်း–လျှောက်လာ (သာခု–ပိုက်ဆံတောင်းနေသည်ကို) တွေ့ (ဝင်ထိုင်ပြော)
– လေ – 'ဟေ့ကောင်–မင်းမရှက်ဘူးလား ...'
– ခု – 'ဟင်–ဘာကိုရှက်ရမှာလဲ...'
– လေ – 'မင်းမှာ ခြေနှစ်ဖက်, လက်နှစ်ဖက် အကောင်းချည်းနဲ့ကွာ ဘာဖြစ်လို့ တောင်းစားနေတာလဲ ...'
– ခု – 'ဟာ–ငါတောင်းတာမဟုတ်ဘူး–ငါ့နာမည်–သာခုလေ ငါ့နာမည်ကို ငါအော်တာ–သူတို့ဟာသူတို့ ပိုက်ဆံပေးသွားတာ–ဟဲ–ဟဲ အဲဒါတော့ ငါလဲမတတ်နိုင်ဘူး ...'
– လေ – 'မင်းကတော့လေ–ပိုက်ဆံရဖို့နည်းလမ်းကို ကြံဖန်ပြီး စဉ်းစားနေတဲ့ကောင်'

🎬 ထိုစဉ် ကောက်ရိုး–ဆိုက်ကားနှင့်ရောက်လာ ...
– ရိုး – 'ဟေ့ကောင် သာခု–လာလေကွာ–ဆိုင်သွားမယ်...'
– ခု – 'ဟာ မင်းက စောစောစီးစီး သိမ်းတော့မလို့လား ...'
– ရိုး – 'ငခွေးကို ညပိုင်းပေးနင်းရဦးမယ်လေ–ဒီကောင် ခုတလော–အလုပ်မရှိဘူး ဖြစ်နေတယ် ...'
– လေ – 'အေး–မင်းပြောမှသတိရတယ်–ငခွေးကိုတွေ့ရင် ပြောလိုက်ဦး–ကန်ထရိုက်တိုက်တစ်ခုမှာ နေ့စားအလုပ် ရမယ်တဲ့–အဲဒါ ငါ့ကိုလာတွေ့ဦးလို့...'

🎬 (ဆိုက်ကားထွက်ရင်း လှမ်းပြော)
– ရိုး – 'ငခွေးကပြောတယ်–မင်းစကားနဲနဲပဲ ပြောမယ်ဆိုရင် လာတွေ့မယ်–တဲ့' (သာခု ဟား ...)
– လေ – (လှမ်းအော်) 'ဟေ့ကောင်–တွေ–နောက်မနေနဲ့–ငါ တကယ်ပြောတာ...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


## အခန်းစဉ်

ရိုက်ကွင်းနေရာ – လမ်း(ပြင်/ည)
ပါဝင်သူများ – မောင်ခွေး၊ ချိုသဲ။



http://www.cherrythitsar.org


🎬 ည SCENE မှ PAN မောင်ခွေး – ဆိုက္ကားနင်းလာပုံ ပြရန် (ဆိုက္ကားပေါ်တွင် ချိုသဲပါလာ)

🎬 ဆိုက္ကားနင်းလာပုံ Angle ၃/၄ မျိုးခန့် ပြရန် – ချိုသဲ၏ (စရိုက်ပေါ်ရန်) အပြင်အဆင် / အမူအရာကို ပြရန် ...

– ချို – 'ပျင်းစရာကောင်းလိုက်တာ–ရှင်ကလဲ စကားလေး ဘာလေး ပြောပါဦး ...'

– ခွေး – 'ဗျာ–ကျွန်တော်ဘာပြောရမှာလဲ ...'

– ချို – 'ဟင်–ဘာမှပြောစရာမရှိဘူးလား ...'

– ခွေး – (ရိုးသားစွာ) 'မရှိပါဘူးဗျာ ...'

– ချို – (ပြုံးရင်း) 'ရှင်က–အိမ်ထောင်နဲ့လား ...'

– ခွေး – 'ဟာ–မရှိပါဘူး ...'

– ချို – (ရယ်ရင်း) 'ရည်းစားတော့ရှိမှာပေါ့ ...'

– ခွေး – 'ပေါက်ပေါက်ရှာရှာဗျာ–တစ်ခါမှတောင် ရည်းစားမထားဖူးဘူး'

– ချို – 'အင်း–ရှင်က တော်တော်ရိုးတာပဲ ...'

– ခွေး – 'မရိုးပါဘူးဗျာ–ရည်းစားထားဖို့ဆိုတာ လွယ်တာမဟုတ်ဘူးဗျ–တစ်နေ့စာတစ်နေ့ ရှာနေရတာနဲ့ပဲ ကိုယ့်ဟာကိုယ်တောင်–အလျင်မှီတာ–မဟုတ်ဘူး ...'

– ချို – (ရယ်မောရင်း) 'ကဲ–ဟိုလမ်းထိပ်မှာပဲ–ရပ်တော့...' (ဆိုက္ကားပေါ်မှဆင်း) 'ကျွန်မ–နာမည်–ချိုသဲတဲ့–၊ ဒီနေ့ ဆိုက္ကားခကို နောက်တစ်ခါကျတော့မှ ပေါင်းယူတော့နော်–ကျွန်မ ဒီနေ့ ဈေးဦး မပေါက်ခဲ့ဘူးရှင် ...'

– ခွေး – 'ခင်ဗျားက–ဘာရောင်းတာလဲ ...'

– ချို – 'ဘာလဲ ရှင်က ဝယ်မလို့လား ...'

– ခွေး – 'မဝယ်နိုင်ပါဘူးဗျာ–ကျုပ်လဲဈေးဦးမပေါက်သေးဘူး'

🎬 ပြောပြီး မောင်ခွေးပြန်လှည့်သွား–မောင်ခွေးကို ငေးကြည့်နေသော ချိုသဲ၏ CU နှင့် ဆုံးရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# အခန်းစဉ် ၈

ရိုက်ကွင်းနေရာ – ဂေါက်ကွင်း (ပြင်/နေ့)
ပါဝင်သူများ – ဦးအောင်ခန့်၊ ဦးကျော်ဇောနှင့်အခြား။



http://www.cherrythitsar.org



- ဘောလုံးကို ရိုက်လိုက်ပုံ (BCU)(ဘောလုံးသွားရာ) လိုက်မျှော်ကြည့်နေသော– ခန့်+ဇော – ကယ်ဒီတစ်ဦးမှ (ဘောလုံးခြုံထဲရောက်သွားပုံ) လှမ်းပြ – ခန့်+ဇောတို့ (လမ်းလျှောက်ရင်း ပြောသွား)

– ဇော – 'ဘောလုံးတစ်လုံး လိုရာရောက်ဖို့ဆိုတာ–မလွယ်ဘူးဗျ၊ ရိုက်ချက်လဲ မှန်ရမယ်–လေတိုက်နှုန်းကိုလဲ–သိရမယ် …ကွင်းအခြေအနေကိုလဲ မှန်းတတ်ရမယ် ဟဲ–ဟဲ ဒါတောင်မှ လွဲချင်လွဲတတ်တာပဲ…'

– ခန့် – 'အဲဒါကို–ပြောတာပေါ့–အကြောင်းတစ်ခုထဲက–အရာရာကို မဖန်တီးနိုင်ပါဘူးလို့…'

– ဇော – 'ဟင်–ဘယ်အကြောင်းအရာကို ရောက်သွားတာလဲ…'

– ခန့် – 'ဟဲ–ဟဲ–ဟဲ–ပြောနေကျ အကြောင်းအရာ ခေါင်းထဲရောက်လာလို့ ပါဗျာ–ကျုပ်က ခင်ဗျားအစွဲအလန်းကို ချွတ်ချင်နေတာ…'

– ဇော – 'ဟဲ–ဟဲ ကျုပ်ရဲ့ အစွဲအလန်းမဟုတ်ဘူးဗျ–ယုံကြည်မှု – ငွေဟာ–လူကို အရာရာဖန်တီးနိုင်တယ်–ဆိုတာ ကျုပ်ရဲ့ သိပ်ကိုခိုင်မာတဲ့–ယုံကြည်မှုပဲ…'

– ခန့် – 'ကိုကျော်ဇော မဟုတ်သေးဘူးထင်တယ်…'

– ဇော – 'သိပ်ဟုတ်တာပေါ့ဗျာ…'

– ခန့် – 'အရာရာကို ဖန်တီးနိုင်တယ်–လို့ ခင်ဗျားပြောတယ်နော်–ဒါဆိုရင်–အဆိုးရော–အကောင်းရော ဖန်တီးနိုင်တာပေါ့'

– ဇော – 'ဟာ–ဒါကတော့–သုံးတဲ့လူပေါ်မှာ မူတည်တယ်လေ…'

– ခန့် – 'ကဲ–ဒါဆို–လူက–ပိုအရေးကြီးသွားပြီပေါ့…'

– ဇော – 'NO–အဲ့ဒီလူကို–ငွေနဲ့ ပြောင်းလဲလိုက်လို့ရတယ်…'

– ခန့် – 'ဟာ မဟုတ်သေးပါဘူး–ခင်ဗျားပြောပုံက–ကောင်းနေတဲ့ လူတစ်ယောက်ကို ဆိုးသွားအောင်–ဆိုးနေတဲ့လူတစ်ယောက်ကို ကောင်းသွားအောင် ငွေနဲ့ လုပ်လို့ရတယ်လို့ ဆိုလိုချင်တာလား …'

– ဇော – 'ဆိုလိုချင်တာ–မဟုတ်ဘူး ကိုအောင်ခန့် – ကျုပ်က–ယုံကြည်တာ…'

– ခန့် – 'ကဲဗျာ–အဲဒါဆို ကျုပ်ကိုသက်သေပြ…'

– ဇော – 'ဒီမယ်–ကျုပ်တစ်ခုပြောပြမယ်–ပိုက်ဆံတစ်ပြားမှ မရှိတဲ့ လူတစ်ယောက်ကို ပိုက်ဆံတွေ အများကြီးပေးလိုက်ပြီ ဆိုပါတော့–အဲဒီလူ ဘာဖြစ်သွားမလဲ…'

- ဦးအောင်ခန့် (ရုတ်တရက်မဖြေနိုင်) – ဦးကျော်ဇောကို လှည့်ကြည့် (အပြန်အလှန်အကြည့်များ ပြရန်) …

– ခန့် – (မဖြေဘဲ–ပြန်မေး) 'ခင်ဗျားက ဘယ်လိုဖြစ်မယ်ထင်လို့လဲ'

– ဇော – 'အဲဒါကျုပ်တို့ ငြင်းနေတဲ့ ပြဿနာပဲ–လူက–ငွေကို သုံးနိုင်ရင် အဲဒီ

http://www.cherrythitsar.org


လူ ချမ်းသာသွားမယ်–ငွေကလူကို လွှမ်းမိုးသွားရင်–အဲဒီလူ ပျက်စီးသွားမယ်–ဟဲ–ဟဲ–ကျုပ်အထင်ကတော့ အဲဒီလူ ဘဝပျက်သွားဖို့ များတယ်ဗျ...'

– ခန့် – 'ဟာ–ငွေကို သုံးတတ်တဲ့ လူလဲ ရှိပါသေးတယ်ဗျ... '

– ဇော – 'ဒီမယ်–ကိုအောင်ခန့်–ငွေကို သုံးတတ်တဲ့လူ–ဆိုတာ လူညံ့မဟုတ်ဘူးဗျ–ခုနက ကျွန်တော်ပြောတာ–ငွေတစ်ပြားမှ မရှိတဲ့ လူကိုပေးမှာ–ငွေတစ်ပြားမှမရှိတဲ့လူဆိုတာ–လူညံ့–ပဲ'

– ခန့် – 'အင်း–ဒီကိစ္စကတော့ စမ်းသပ်ကြည့်ဖို့ကောင်းတဲ့ ကိစ္စပဲ'

– ဇော – 'ဟင်း–ဟင်း–လက်ဖက်ရည် တစ်ခွက်ကြေးလောက်လေးပဲဖြစ်ဖြစ် အလောင်းအစားလေးတစ်ခုလောက်တော့ လုပ်လိုက်ကြရင် ကောင်းမယ်ထင်တယ်...'

– ခန့် – 'OK–ဒါမျိုးကတော့ အငြင်းဘူးဗျို့...'

'ဟား–ဟား–ဟား ...'

(နှစ်ဦးသား ရယ်မောလျှောက်သွားကြပုံ L.S ပြရန်) ...

http://www.cherrythitsar.org






ရိုက်ကွင်းနေရာ – အကြော်တဲ (ပြင်/နေ့)

ပါဝင်သူများ – မောင်ခွေး၊ မိဖြူ၊ သာရ၊ လေသန်း၊ မျက်မှန်၊ ဆယ်ပြားနှင့်အခြား။



http://www.cherrythitsar.org



🎬 ဆယ်ပြား (ဆားထုပ်တစ်ထုပ်နှင့်) လျှောက်လာ – (လမ်းတွင် Plot တစ်ခု ထည့်လိုက ထည့်ပါ) – အကြော်ဆိုင်ဝင် – (မိဖြူကို) ဆားထုပ်ပေး – မိဖြူက ပိုက်ဆံငါးကျပ် လှမ်းပေး ...

– ဖြူ – 'ဆယ်ပြား–ရော့ ...'
– ဆယ် – 'ဒါက–ဘာလုပ်ဖို့လဲ ...'
– ဖြူ – 'မုန့်ဝယ်စားပေါ့ဟ–ရော့ယူသွား ..'
– ဆယ် – 'ဟား–ဟား–ဟား–ဆယ်ပြားကို ပိုက်ဆံပေးတိုင်းရမယ်လို့ မင်းက ထင်နေတယ်ပေါ့–ဒီမှာ မေသန်းနု ခင်ဗျား ပိုက်ဆံဘယ်လောက် ပေးပေး ခင်ဗျားကို ကျုပ်မချစ်နိုင်ဘူး–လုံးဝ မချစ်နိုင်ဘူး ...' (ဘေးမှ–သာစုတို့အုပ်စု ဝိုင်းရယ်ကြ)

🎬 ဆယ်ပြား (ပိုက်ဆံမယူဘဲ) အကြော်တစ်ခုသာ ယူသွားပြီး – ထွက်သွား ... မောင်ခွေး (ဆောက်လုပ်ရေး) အလုပ်မှ ပြန်လာ – အကြော်တဲဝင် ...

– ဖြူ – 'ဟဲ့–ငခွေး–နင်က အခု ဘယ်မှာလုပ်နေတာလဲ ...'
– ခွေး – 'ကန်ထရိုက်တစ်ခုပါဟာ–အုတ်သယ်–သဲသယ်ပေါ့ ...'

🎬 (ထိုစဉ် သာစုဝင်ပြော) ...

– 'ဟေ့ကောင်–မင်းငါ့ကို ပွဲခ,မပေးရသေးဘူးနော် ...'
– ခွေး – 'ဟာ–မင်းနဲ့ဘာဆိုင်လဲ–ဒီအလုပ်က လေသန်း ပြောပေးလို့ရတာ လေ...'
– စု – 'အေးလေ–လေသန်းနဲ့ သွားတွေ့ဖို့ မင်းကို ငါက လာပြောပေးရတာ လေ ...'

🎬 (မျက်မှန်ဝင်ပြော) ...

– မှန် – 'ဟာ–မင်းကလဲ–နေရာတကာ ဖြတ်ခုတ်ဖို့ပဲ စဉ်းစားနေ ...'
– စု – 'ဟာ–ဒါဖြတ်ခုတ်တာ မဟုတ်ဘူး–ဝန်ဆောင်ခ–တောင်းတာ ဆန် အိတ်တစ်အိတ်ထမ်းပေးရင်လဲ–ဝန်ဆောင်တာပဲ–စကားတစ်လုံး ပြောပေးရင်လဲ–ဝန်ဆောင်တာပဲ–ဝန်ဆောင်လို့–ဝန်ဆောင်ခ– တောင်းတာကို–မင်းတို့က...'
– ခွေး – 'ကဲ–တော်ပါတော့ သာစုရယ်–လာပါ–မင်းနဲ့လေသန်းကို နှစ်ယောက် ပေါင်း–လက်ဖက်ရည်တစ်ခွက် တိုက်ပါ့မယ် ...'

🎬 (မောင်ခွေးတို့ အကြော်ဆိုင်ထဲမှထွက်) – မိန်းမကြီးတစ်ယောက်မှ 'ဟဲ့–ခွေး' လှမ်းအော် – မောင်ခွေး (ခေါ်သည်ထင်၍) လှည့်ကြည့် 'ဟဲ့ခွေး – သွားစမ်း'– မိန်းမကြီး – ခွေးမောင်းထုတ်နေ ... လေသန်းတို့ ဝိုင်းရယ် / ဆက်လျှောက်၊ 'ဟဲ့ – ငခွေး '– မဖြူ – လှမ်းခေါ် ...

http://www.cherrythitsar.org



– ခွေး – ‘ဟဲ–ဟဲ–ငခွေးက–နှစ်ခါတော့ မ,အ တော့ဘူးကွ ...’ (ငခွေး လှည့်မကြည့်ပဲ ဆက်လျှောက်သွား)

– ဖြူ – ‘ဟဲ့–ငခွေး–ငါခေါ်နေတာ...’

– ခွေး – ‘ဟေ ...’ (လှည့်ကြည့်)

– ဖြူ – ‘ဒီမှာ ဒေါ်လေးအတွက် အကြော်ယူသွားဦး ...’

🎬 မောင်ခွေး–ပြန်ပြေးလာ (ခွေးမောင်းသော မိန်းမကြီးရှေ့အရောက်) ...

– အခြား– ‘ဟဲ့ခွေး–အော်–ဒီခွေးကတော့ သေတော့မယ်–လာစမ်း–လာ–သတ္တိရှိရင် ရှေ့တိုးခဲ့ ...’

🎬 မောင်ခွေး (ရှေ့တိုးရခက်) – ဒုက္ခရောက်နေပုံ – မိဖြူ မျက်မှန်တို့ – ရယ်နေကြပုံပြရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org





ရိုက်ကွင်းနေရာ – ဆောက်လုပ်ရေးလုပ်ငန်း (တွင်း/ပြင်/နေ့)
ပါဝင်သူများ – ဦးအောင်ခန့်၊ ဦးကျော်ဇော၊ မောင်ချွေး၊ ဘခက် နှင့် အခြားအလုပ်သမားများ။



http://www.cherrythitsar.org



🎬 ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုဘေးမှ စားသောက်ဆိုင် (သို့) ရုံးခန်းတွင် ထမင်းစားရန် ပြင်ဆင်နေသော ဦးအောင်ခန့် + ဦးကျော်ဇော ...

🎬 (အလုပ်သမားတစ်ဦး၏) ထမင်းချိုင့်ဖွင့်လိုက်ပုံ BCU ထိုမှ F/G ရှိ (ခန့်+ဇော–၏) ထမင်းဝိုင်းသို့ FOCUS (ခန့်+ဇော) ထမင်းစားရန် ပြင်ဆင်နေရာမှ ဦးအောင်ခန့် တစ်ဖက်မှ ထမင်းစားနေသော အလုပ်သမားများကို ငေးနေ (အနားတွင် ရပ်နေသော ဘခက်ကိုပြော) ...

– ခန့် – 'ဘခက်–ဟိုအလုပ်သမားတွေကို ထမင်းကျွေးရင် ဘယ်လောက်ကျမလဲ–တွက်ကြည့်စမ်း ...'
– ဇော – (လှမ်းကြည့်ရင်း) 'ဘာလုပ်ဖို့ ကျွေးမှာလဲ ...'
– ခန့် – 'ဘာရယ်မဟုတ်ပါဘူးဗျာ–သူတို့ ထမင်းစားနေတာ ကြည့်ပြီး သနားလို့ပါ ...'
– ဇော – 'သနားရင် ပိုက်ဆံပေးလိုက်ပေါ့ဗျ ...'
– ခန့် – 'ဟာ–ကျုပ်က ထမင်းကျွေးချင်တာ ...'
– ဇော – 'ဒီမယ်–ကိုအောင်ခန့်–သူတို့က ထမင်းကောင်းကောင်း စားချင်တာမဟုတ်ဘူးဗျ–ပိုက်ဆံပဲလိုချင်တာ–မယုံရင် ခင်ဗျား ခေါ်မေးကြည့်...'

🎬 ကိုအောင်ခန့် (အလုပ်သမားများဘက်) လှမ်းကြည့် – အနားတွင် လာတောင်းနေသော ခွေးတစ်ကောင်ကို ထမင်းတစ်ဆုပ် ချကျွေးနေသော မောင်ခွေးကို ဦးအောင်ခန့် – သတိပြုမိ – (ဘခက်ကို ခေါ်ခိုင်း) – မောင်ခွေး ဘာမှန်းမသိဘဲ ရောက်လာ–

– ခန့် – 'မင်းနာမည်–ဘယ်သူလဲ ...'
– ခွေး – 'မောင်ခွေးပါ ...'
– ခန့် – 'အေး–ဒီလိုကွ ငါ မင်းတို့ကို အလျူတစ်ခုလုပ်မလို့–အဲဒါ ဒန်ပေါက်တစ်ပွဲနဲ့ ပိုက်ဆံတစ်ထောင်ဆိုရင် မင်း ဘယ်ဟာကို ရွေးမလဲ ...'
– ခွေး – 'ဟာ–ပိုက်ဆံတစ်ထောင်က–ပိုကောင်းတာပေါ့ ...'
– ခန့် – 'ဟင်–မင်း ဒန်ပေါက်ကောင်းကောင်း မစားချင်ဘူးလား ...'
– ခွေး – 'စားချင်တာပေါ့–ဦးလေးရ–ဒါပေမယ့်–ဒန်ပေါက်ဆိုရင် ကျွန်တော်တစ်ယောက်တည်း စားရမှာလေ–ငွေတစ်ထောင်ဆိုတော့–အိမ်ကလူတွေပါ စားလို့ရတာပေါ့ ...'
– ခန့် – 'အော်–အေး–ရော့–မင်းသွားတော့ ...'

🎬 ဦးအောင်ခန့် – ပိုက်ဆံတစ်ထောင်ပေး/ပြန်လွှတ် – မောင်ခွေး ပျော်ရွှင်စွာ ပြန်ထွက်သွားသည်ကို ဦးကျော်ဇော ငေးကြည့်နေရာမှ ...

– ဇော – 'ကိုအောင်ခန့် ဟိုတစ်နေ့က ကျုပ်ပြောတဲ့ကိစ္စ မှတ်မိသေးလား ...'
– ခန့် – 'ဘာလဲဗျ ...'
– ဇော – 'သိပ်ဆင်းရဲတဲ့ လူတစ်ယောက်ကို ပိုက်ဆံအများကြီးပေးရင်–ဘာဖြစ်

http://www.cherrythitsar.org



သွားမလဲ–ဆိုတာလေ ...'

– ခန့်  –  'ဟဲ–ဟဲ–အဲဒီကိစ္စက ခင်ဗျားနဲ့ ကျွန်တော်အလောင်းအစား လုပ်ရမှာလေ ...'

– ဇော  –  'အေး–အဲဒီ အလောင်းအစားကို အခုအချိန်ကနေပြီး စ,လိုက်ကြရအောင် ...'

– ခန့်  –  'ကဲ–ဆိုစမ်းပါဦး ...'

– ဇော  –  'ခုနက–မောင်ခွေးဆိုတဲ့ ကောင်လေးကို ကျုပ် သိန်းတစ်ရာ ထုတ်ပေးလိုက်မယ်ဗျာ–အဲဒီကောင်လေး ဘာဖြစ်သွားမလဲ'

– ခန့်  –  'ဒီကောင် ချမ်းသာသွားမှာပေါ့ ...'

– ဇော  –  'မဟုတ်သေးဘူးဗျ–ဒီကောင် ပျက်စီးသွားလိမ့်မယ် ...'

🎬 ဦးအောင်ခန့်နှင့် ဦးကျော်ဇောတို့ နှစ်ယောက်အကြည့်များ (အပြန်အလှန်)

– ခန့်  –  'OK လေ–လောင်းကြတာပေါ့–လောင်းကြေးက ...'

– ဇော  –  'လက်ဖက်ရည်–တစ်ခွက်ကြေး ...'

🎬 Last Cut ဦးကျော်ဇော၏ CU ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


## အခန်းစဉ် ၁၁

ရိုက်ကွင်းနေရာ – ကုမ္ပဏီရုံးခန်း (တွင်း/နေ့)
ပါဝင်သူများ – မောင်ဗွေး၊ ခန့်၊ ဇော၊ ဘခက်။



http://www.cherrythitsar.org



QUICK PAN နှင့် မောင်ခွေး CU –မောင်ခွေးမှ ဦးကျော်ဇောသို့ PAN – ဦးကျော်ဇောမှ ခန့်သို့ PAN – ထိုမှ Z: Out(၄ယောက် Wide) ...

– ခွေး – 'ဗျာ–သိန်းတစ်ရာ ...'

– ဇော – 'အေး–အဲ့ဒါ ချေးတာမဟုတ်ဘူး–အလကားပေးတာ...'

– ခန့် – 'အခုလောလောဆယ် မင်းကို–ငါးသိန်းပေးလိုက်မယ်–သိန်းတစ်ရာ မပြည့်မခြင်း–လိုတဲ့ ပိုက်ဆံကို ဟောဒီက ဘခက်ဆီမှာ ထုတ်လို့ရတယ်–ရှင်းတယ်နော်...'

– ခွေး – (အလွန်အံ့သြစွာနှင့်...) 'အဲ–အဲဒီ–ပိုက်ဆံ–သိန်းတစ်ရာကို ကျွန်–ကျွန်တော်က–ဘာ–ဘာလုပ်ရမှာလဲ...'

– ဇော – 'မင်းလုပ်ချင်ရာလုပ်ပေါ့–ငါတို့က မင်းကို အလကားပေးလိုက်တာ–မင်းသဘောပဲ...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၁၂

ရိုက်ကွင်းနေရာ – မောင်ခွေးအိမ် (တွင်း/ည)
ပါဝင်သူများ – မောင်ခွေး၊ အမေ၊ ပထွေး။



http://www.cherrythitsar.org



🎬 QUICK PAN နှင့် မောင်ခွေး CU – မောင်ခွေးသို့ PAN – ထိုမှ Z: Out...

– အမေ – 'ဘာ–သိန်းတစ်ရာ ...'

– ခွေး – 'ဟုတ်တယ်အမေ အခုလောလောဆယ် ဒီမှာ ငါးသိန်း ပေးလိုက်တယ်–ကျွန်တော်–ကျွန်တော်တို့ သူဌေးဖြစ်ပြီး အမေရ–ကျွန်တော်တို့ ချမ်းသာပြီ ...'

– အမေ – (ထိုင်နေရာမှထ) 'ဟဲ့–ငခွေး– နင် ငါ့ကို မှန်မှန်ပြောစမ်း–နင်–ဘာလုပ်လာလဲ–နင်–ဘာလုပ်လာလဲ ...'

– ခွေး – 'ဘာမှလုပ်မလာဘူး အမေ–ကျွန်တော် တကယ်ပြောတာ၊ အဲဒီသူဌေးကြီးနှစ်ယောက်က အလကားပေးလိုက်တာ ...'

– အမေ – 'ဟင် မဖြစ်နိုင်ဘူး–လုံးဝမဖြစ်နိုင်ဘူး–သိန်းတစ်ရာ–သိန်းတစ်ရာကို–မဖြစ်နိုင်ဘူး–မဖြစ်–မဖြစ်...' (ပြောရင်း အမေလဲကျ)

– ခွေး – 'အမေ–အမေ–အမေ...'

🎬 'အမေ – အမေ – အော်သံနှင့် တဲ L.S ကို High Angle မှ ပြရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


# အခန်းစဉ် ၁၇

ရိုက်ကွင်းနေရာ – ကုမ္ပဏီရုံးခန်း (တွင်း/နေ့)
ပါဝင်သူများ – ဦးအောင်ခန့် ၊ ဦးကျော်ဇော၊ ဘခက်။



http://www.cherrythitsar.org



- စားပွဲတွင် (ငြိမ်၍) ထိုင်နေကြသော ဦးအောင်ခန့်နှင့် ဦးကျော်ဇော (Wide Angle) (၄)မျိုးခန့်ပြရန် (အနီးတွင် ဘခက်ရပ်နေ) ...

- ခန့်နှင့်ဇော–နှစ်ယောက် BCU...

- (ရှေ့နောက်) Focus နှင့် တစ်ယောက်တစ်ခွန်းစီ ပြောရန် ...
  - ခန့် – 'ငါတို့ကြောင့် လူတစ်ယောက် အသက်သေရတယ်ဆိုတာ သိပ်တော့ မကောင်းဘူးကွ ...'
  - ဇော – 'အေးကွာ–ငါလဲ စိတ်မကောင်းပါဘူး–ဒါပေမယ့် ပိုက်ဆံသိန်းတစ်ရာ ဆိုတာ လူတစ်ယောက်ကို သေသွားစေနိုင်တယ်ဆိုတာတော့–ငါတို့ သိလိုက်ရပြီ ...'
  - ခန့် – 'ဘခက်–သူ့အမေက–ဆေးရုံမှာ ဆုံးသွားတာလား ...'

- ဘခက် B:IN လာ–တတိယ Focus...
  - ခက် – 'မဟုတ်ဘူးဆရာ–လမ်းမှာထဲက အသက်မရှိတော့တာ ...'
  - ဇော – 'အသုဘကိစ္စအားလုံးကို ငါတို့တာဝန်ယူလိုက် ... ဘာမှ လိုလေသေး မရှိစေနဲ့ ...'
  - ခက် – 'ဟုတ်ကဲ့ ...' (ပြောပြီး လှည့်ထွက်)
  - ခန့် – (သတိရ/လှမ်းခေါ်) 'ဘခက် ... '
    (ဘခက်လှည့်ကြည့်)
    'မင်းကို သူ့နားမှာထားတယ်ဆိုတာ–သူဘာလုပ်နေတယ်ဆိုတာ စောင့်ကြည့်ဖို့–သူတောင်းတဲ့ငွေကို ထုတ်ပေးဖို့–အဲဒါပဲနော်–မင်းသူ့ကို ဘာအကြံဉာဏ်မှ ပေးစရာမလိုဘူး–ဘာအကူအညီမှ ပေးစရာမလိုဘူး–မင်းတာဝန်က စောင့်ကြည့်ဖို့ပဲ–နားလည်တယ်–နော် ...'
  - ခက် – 'ဟုတ် ...'
  - ခန့် – 'အေး–သွားတော့ ...'

- ဘခက်ထွက်သွား–ခန့်နှင့်ဇော–တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပုံ–ပြရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၁၄

**ရိုက်ကွင်းနေရာ** – အကြော်တဲ (ပြင်/နေ့)

**ပါဝင်သူများ** – ကောက်ရိုး၊ မျက်မှန်၊ လေသန်း၊ သာခု၊ မိဖြူ



http://www.cherrythitsar.org



🎬 Wide Angle နှင့် CRANE SHOT ...

🎬 (အရုပ်ပေါ်တွင် အသံ O/L ပေး ထားရန်) ...

– ရိုး – 'အဲဒါပေါ့ကွ–လုံထမ်းလာတာ မမြင်ရဘူး–ကံထမ်းလာတာ မြင်ရတယ်–ဆိုတာ...'

– မှန် – 'ဟော့ကောင်–မင်းပြောတာ မှားနေပြီ...'

– ရိုး – 'အော်–ငွေး ကံကောင်းတယ်ဆိုတာကို ပြောတာကွာ–မင်းတို့ နားလည်ရင် ပြီးတာပဲ မှားမှား မှန်မှန်–ပေါ့...'

– လေ – 'နေရင်းထိုင်ရင်း အလကားပေးတယ်ဆိုတာ မဖြစ်နိုင်ဘူးထင်တယ် အကြောင်းတစ်ခုခုတော့ ရှိရမယ်ကွ...'

– စု – 'အဲဒီ သူဌေးကြီးမှာ သားတစ်ယောက်ရှိတယ်–ဆုံးသွားတာ သုံးနှစ်လောက်ရှိပြီ...'

'ငွေးက အဲဒီသားနဲ့ ရုပ်ချင်းတစ်ထေရာထဲ ဖြစ်နေတယ်...'

– မှန် – 'ဟင်–မင်းကို ဘယ်သူပြောတာလဲ...'

– စု – 'ဘယ်သူမှ မပြောပါဘူး–ငါ့ဘာသာ စိတ်ကူးထဲမှာ ဇာတ်လမ်းဆင်ကြည့်တာ ...'

– 'ဟား ...' (သာစုကို – ဝိုင်းဆဲကြ)

– ရိုး – 'အင်း–ဒီကောင်ချမ်းသာသွားပြီဆိုတော့–ငါတို့ ဘာလုပ်သင့်သလဲ–ဆိုတာ–စဉ်းစားရတော့မယ်...'

– မှန် – 'ဟ–ဘာဆိုင်လို့လဲ...'

– ရိုး – 'အော်–ငါတို့က ဒီကောင့် သူငယ်ချင်းလေကွာ–လိုအပ်တာရှိရင်–ကူညီရမှာပေါ့...'

– လေ – 'အဲဒါပဲကွ–လူဆိုတာ–ပိုက်ဆံချမ်းသာလာပြီဆိုရင်–ကူညီချင်တဲ့ လူတွေက များလာပြီ...'

🎬 ထိုစဉ် – မိဖြူ ဝင်ပြော...

– ဖြူ – 'ဟဲ့–ငွေးအမေဆုံးတာ မနေ့ကမှ ရက်လည်တယ်–နင်တို့ပြောနေကြတဲ့အထဲမှာ သူ့အမေအကြောင်း တစ်ခုမှမပါဘူး– နင်တို့ စိတ်ဝင်စားနေတာ–ငွေးကိုမှမဟုတ်ဘဲ–ငွေးဆီက ပိုက်ဆံတွေကိုပဲ စိတ်ဝင်စားနေကြတာမို့လား ...'

– ရိုး – 'ဟ–နေရင်းထိုင်ရင်း ဘယ်နှယ့် ငါတို့ကို ရန်လုပ်နေရတာတုန်း ...'

– ဖြူ – 'နင်တို့ ပြောနေတာတွေ နားကြားပျင်းကပ်လာလို့ဟ ...'

– လေ – 'လာကွာ–အဲဒါဆို–ငါတို့ နေရာပြောင်းပြီး ပြောကြရအောင် ...'

🎬 ရယ်မောပြောဆိုရင်း ထွက်သွားကြပုံ ပြရန် ...

http://www.cherrythitsar.org



## အခန်းစဉ် ၁၅

**ရိုက်ကွင်းနေရာ** – မောင်ခွေးအိမ် (တွင်း/ပြင်/နေ့)

**ပါဝင်သူများ** – မောင်ခွေး၊ လေသန်း၊ သာစု၊ ကောက်ရိုး



http://www.cherrythitsar.org



🎬 မောင်ခွေး (အိမ်ရှေ့တွင်) တစ်ယောက်တည်း ထိုင်/ငေါင်နေသည်ကိုပြ၊ သာခုတို့ ရောက်လာ ...

– ရိုး – 'ဟေ့ကောင်–ဘာဖြစ်နေတာလဲ...'

– ခွေး – 'အမေ့ကို သတိရလို့ပါကွာ–အမေ နေမကောင်းတုန်းက ငါဘာမှ လုပ်မပေးနိုင်ခဲ့ဘူး–အခု–ငါလဲ အဆင်ပြေပြီဆိုရော–အမေက မရှိ တော့ဘူး ...'

– လေ – 'စိတ်ညစ်စရာတွေ ပြောမနေစမ်းပါနဲ့ကွာ–ဖြစ်ပြီးတာတွေက ပြန်ပြင် လို့မှ မရတော့တဲ့ ဥစ္စာ ...'

– ခု – 'ဟုတ်တယ်ကွ–ခုချိန်မှာ ရှေ့ဆက် ဘာလုပ်မယ်ဆိုတာပဲ မင်းစဉ်းစား ရမှာ ...'

– ခွေး – 'ဘာမှ မစဉ်းစားချင်သေးဘူးကွာ–အခု ငါစိတ်ညစ်နေတာပဲ သိ တယ်...'

🎬 (ကောက်ရိုး–ထိုင်ရာမှ–ထရင်း) ...

– ရိုး – 'ကဲ–ဒါဆိုလဲ–လာကွာ...'

– ခွေး – 'ဘာလဲကွ...'

– ရိုး – 'မင်းစိတ်ညစ်တာတွေ ပျောက်သွားအောင်–ငါနဲ့ဆိုင် လိုက်ခဲ့ ...'

🎬 မောင်ခွေး–တွေနေရာမှ–ထ,ရပ်လိုက် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org






🎬 ငွေးမူးပြီး ပြန်လာ – သောင်းကျန်း – ပထွေး – စိတ်ညစ် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၁၆

ရိုက်ကွင်းနေရာ – မောင်ခွေးအိမ် (ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ အိမ်ရှင်၊ သာရ။



http://www.cherrythitsar.org



🎬 (နံနက်ခင်း) အိမ် L.Sပြ – မောင်ခွေး (အိပ်ရာကနိုး) အိမ်ပေါ်မှ ဆင်းလာ – အရက်မူးပြေစ (မကြည်မလင်) – ရေတတ် – ရေခပ်သောက်ပြီး အိမ်ရှေ့ကွပ်ပျစ်တွင် ပြန်လှဲနေ – ထိုစဉ် – အိမ်ရှင်မိန်းမကြီး ရောက်လာ ...

– မ – 'ဟဲ့–ငခွေး–အိမ်လခ,အကြွေးလေးဘာလေးပေးဖို့ မစဉ်းစားတော့ဘူးလား ...'

– ခွေး – 'ဟာဗျာ–ခင်ဗျားကလဲ–စောစောစီးစီး ...'

– မ – 'စောစောတွေ နောက်ကျတွေ–မသိဘူးဟေ့–ငါလဲ အားတဲ့အချိန်လိုက်တောင်းရတာ–ဘယ်လိုလဲ–ပေးနိုင်ပြီလား – မပေးနိုင်သေးဘူးလား – ဒါပဲပြော ...'

– ခွေး – 'ဒီမယ် ဒေါ်ကုလားမ–ခင်ဗျားအိမ် ဘယ်လောက်တန်လဲ ပြော ...'

– မ – 'အလိုတော်–ကြားသားမိုးကြိုး ...'

– ခွေး – 'မိုးကြိုးတွေ–မုန်တိုင်းတွေ လုပ်မနေနဲ့ ကျုပ်မေးတာပဲဖြေ ခင်ဗျားအိမ်က ဘယ်လောက်တန်လဲ ...'

🎬 အိမ်ရှင်က ငခွေးအကြောင်း မသိသေး ...

– မ – 'ဟဲ့–နင်က–ဘာလုပ်မလို့လဲ ...'

– ခွေး – 'ခင်ဗျားကို ကျုပ်တစ်လတစ်ခါ မပေးနိုင်တော့ဘူး–ဒီအိမ်ကို ကျုပ်အပိုင်ဝယ်မယ် ...'

– မ – 'ဗုဒ္ဓေါ–ဟဲ့–ငခွေး–နင် စိတ်တော့ မှန်ပါသေးတယ်နော် ...'

🎬 ထိုစဉ် သာစုရောက်လာ ...

– စု – 'ဘာတွေဖြစ်နေကြတာတုန်း ...'

– မ – 'ဟဲ့–သာစု–နင့်သူငယ်ချင်းလဲ နည်းနည်းပါးပါး ကြည့်ဦး–ဒီမှာ ငါ့အိမ်ကို ဝယ်မလို့တဲ့ ...'

– စု – 'ဟာ–ခင်ဗျားလို အိမ်မျိုး နောက်ထပ်ဆယ်လုံးလောက်တောင် ဝယ်နိုင်သေးတယ် ...'

– မ – 'ဟေ–နင်တို့ တကယ်ပြောနေတာလား–ဟဲ့–ငခွေး–နင် ထီပေါက်ထားလို့လား ...'

– ခွေး – 'စကားရှည်လိုက်တာဗျာ–ခင်ဗျားအိမ် ဘယ်လောက်လဲ အဲဒါပဲ ပြောစမ်းပါ...'

🎬 သာစုက အိမ်ရှင်အား ပြောလိုက်ရန် မသိမသာ အချက်ပြ (ငခွေး–မတွေ့) ...

– မ – 'နင်–တကယ် ဝယ်မှာလား ...'

– ခွေး – 'ဘယ်–လောက်–လဲ–ပြော ...' (တစ်လုံးချင်းပြောရန်)

– မ – 'ဆယ်သိန်း ...'

– ခွေး – 'ဘာ–ဆယ်သိန်း ...'

http://www.cherrythitsar.org


– မ – 'အေးလေ–ကြိုက်ရင်လဲဝယ်–မကြိုက်ရင်လဲ မဝယ်နဲ့ပေါ့ ...'
– ခွေး – 'ခင်ဗျားရဲ့ ဒီတဲစုတ်က ဆယ်သိန်းတန်လား ...'
– မ – 'အော်–မကြိုက်ရင်လဲ မဝယ်နဲ့ပေါ့ ...'

🎬 (သာစု–ငခွေးကို တိုးတိုးကပ်ကပ်ပြော) ...
– စု – 'ဟော့ကောင်–မြေကြီးတန်ဖိုးကိုလဲ ထည့်တွက်ဦးနော်–မြေက– တန်ဖိုးရှိတာ...'

🎬 (မောင်ခွေး–အနည်းငယ် စဉ်းစားပြီး) ...
– ခွေး – 'ကောင်းပြီး–ညနေကျရင်–ပိုက်ဆံလာယူ ...'
– မ – (အလွန်အံ့သြစွာ) 'ဟင်–တကယ် ...'
– ခွေး – 'အော်–ဒုက္ခပါပဲ–ညနေ မစောင့်ချင်ရင်–နေ့လည်လာယူဗျာ၊ လူကြီးတွေ သက်သေတွေပါ တစ်ခါတည်းခေါ်ခဲ့ ...'
– မ – 'အေး–အေး ...'

🎬 ဒေါ်ကုလားမ (မယုံနိုင်စွာနှင့်) – ပြန်ရန်ထ, သာစုက (ဒေါ်ကုလားမကို) ပွဲခပေးရန် လက်ဟန်ပြ – ဒေါ်ကုလားမက (မသိမသာ) ခေါင်းငြိမ့်ပြသွား – သာစု – ငခွေးဘက် – လှည့်ပြော ...
– 'မဆိုးဘူးကွ–တန်တယ် ...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၁၇

ရိုက်ကွင်းနေရာ – ဟိုတယ် (တွင်း/နေ့)

ပါဝင်သူများ – ဦးအောင်ခန့်၊ ဦးကျော်ဇော။



http://www.cherrythitsar.org



🎬 လက်ဖက်ရည်–နှစ်ခွက်မှ Z:Out– (ထိုင်နေကျနေရာ)

🎬 ခန့်+ဇော နှစ်ယောက် (ရယ်သံ O/L နှင့်စရန်) ...

– ဇော – (ရယ်ရင်း) 'အဲဒါပဲဗျ–ဒီကောင် ငွေကိုမသုံးတတ်သေးပါဘူး ...'

– ခန့် – 'အပြစ်တင် မစောပါနဲ့ဦး–အိမ်တစ်လုံး အပိုင်ဝယ်တယ်ဆိုတာတော့ သူမှန်တယ်ဗျ–ဝယ်လိုက်တဲ့ဈေးကသာ များသွားတာ ...'

– ဇော – 'ဟာ–များတာပေါ့–သိပ်ကိုများတာပေါ့ ဒီလိုရပ်ကွက်က ဒီလိုအိမ်မျိုး ကို ဒီလိုဈေးနဲ့–ဘယ်သူမှ မဝယ်ဘူး–ခင်ဗျားကောင် စ,ပြီး ရမ်းနေပြီ ...'

– ခန့် – 'စောင့်ကြည့်ပါဦး–အခုမှ အစ,ပဲရှိပါသေးတယ်'

– ဇော – 'ဟဲ–ဟဲ–ဟဲ–လက်ဖက်ရည်တစ်ခွက်တော့ သောက်ရချည်သေးရဲ့ ...'

🎬 ဦးကျော်ဇော၏အသံအား နောက် SCENE အရုပ်ပေါ်တွင် O/L ပေးရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၁၈

| | | |
|---|---|---|
| ရိုက်ကွင်းနေရာ | – | လက်ဖက်ရည် (တွင်း/ပြင်/နေ့) |
| ပါဝင်သူများ | – | မောင်ခွေး၊ လေသန်း၊ ကောက်ရိုး၊ မျက်မှန်။ |



http://www.cherrythitsar.org


🎬 (သောက်ပြီး) ပြန်ချလိုက်သော လက်ဖက်ရည်ခွက် BCU နှင့် Follow Pan (လက်ဖက်ရည်ခွက်–ချလိုက်ရာနေရာ) ဆောတွင် ငါးသုံးလုံးစီးကရက်ဗူး–စီးကရက်ဗူးကို (လေသန်းက) ကောက်ယူဖေါက်နေပုံပြ၊ ထိုစဉ်–ဆိုင်ရှေ့မှ 'ဟဲ့–ခွေး' အသံကြား၊ မောင်ခွေးက 'ဗျာ' – ဟုထူးရင်း လှည့်ကြည့် ...

– ရိုး – 'အင်း–မင်းနာမည်ကိုတော့ ပြောင်းသင့်နေပြီ...'

– လေ – 'အေး ဟုတ်တယ်–ငါလဲ အဲဒါကို ပြောမလို့–သူဌေးကြီးငခွေးဆိုတာ –သိပ်နားထောင်လို့ မကောင်းဘူးကွ...'

– ခွေး – 'မင်းတို့ကလဲကွာ–ဒီအရွယ်ကြီးရောက်မှ နာမည်ပြောင်းရမယ်လို့'

– လေ – 'ဘာဖြစ်လဲ–ပြောင်းရမှာပေါ့–မင်းဘဝက–အကုန်ပြောင်းနေပြီလေ–အရင်က ငခွေးမှ မဟုတ်တော့တာ–အဲဒီတော့–နာမည်ပါ ပြောင်းသင့်တယ်...'

– ခွေး – 'ဘယ်လိုပြောင်းရမှာလဲ ...'

– ရိုး – 'ဆင်ပေါက်–ဆိုရင်ရော ..'

– လေ – 'ဟာ–မင်းဟာကြီးက ...'

– ရိုး – 'အော်–ခွေးထက်စာရင် ဆင်က ပိုကောင်းတာပေါ့ ...'

🎬 ထိုစဉ်–မျက်မှန်ဝင်လာ ...

– မှန် – 'ဘာတွေ တိုင်ပင်နေကြတာလဲ ...'

– လေ – 'ဒီကောင့်ကို နာမည်ပြောင်းပေးမလို့ကွ–အဲဒါ နာမည်စဉ်းစားနေကြတာ ...'

– မှန် – (ဗေဒင်ဆရာ အိုက်တင်နှင့်) 'အင်း–နာမည်ဆိုတာ အရေးကြီးတယ်ကွ–မင်း ဘာနေ့သားလဲ ..'

– ခွေး – 'အင်္ဂါ ...'

– ရိုး – 'ဟင်–အင်္ဂါက ဘာဖြစ်လို့ မောင်ခွေး ဖြစ်နေရတာလဲ ...'

– ခွေး – 'ဘယ်သိမလဲကွ–သိချင်ရင်–အမေ့ကို လိုက်မေး ..'

– မှန် – 'နေဦးကွ–အင်္ဂါဆိုတော့–စ,ဆ,ဇ,ဈ, ... ည ...'

– ရိုး – 'ဆင်–ဆိုတာ–အင်္ဂါပေါ့ကွ ...'

– လေ – 'တော်စမ်းပါကွာ ...'

– ရိုး – 'ဇရက် ...'

– လေ – 'ဟော့ကောင် ...'

– မှန် – 'ဇင်ရော်–ဆိုရင်ရော ...'

– လေ – 'သိပ်မကောင်းသေးဘူးကွ–OK ငါအကြံရပြီ–ခွေးဆိုတဲ့ ဘဝတုန်းက မင်းသိပ်နိမ့်ကျခဲ့တယ်–အခု မင်းက အားလုံးရဲ့အပေါ်မှာ ပျံဝဲနေနိုင်ဖို့အတွက် ...'

– ရိုး – '(ဝမ်းသာအားရ ဝင်ပြော) 'စာကလေး ...'

http://www.cherrythitsar.org



– လေ – ‘ဟေ့ကောင်–မင်းကြီးဒေါ် စာကလေးပါလား ...’

– ခွေး – ‘ကဲ–နောက်မနေစမ်းပါနဲ့ကွာ–ပြောစမ်းပါ–အားလုံးအပေါ်မှာ ပျံနေနိုင်တာ–ဘာလဲ ...’

– မှန် – ‘လေယာဉ်ပျံလား ...’

– ရိုး – ‘ဟေ့ကောင် အဲဒါက ခါတ်ခဲကွ ...’

– လေ – ‘တော်ပြီကွာ–မင်းတို့လိုက်နောက်နေရင်–မပြောတော့ဘူး ...’

– မှန်+ရိုး– ‘အလကားနောက်တာပါကွ–ပြောစမ်းပါ–ဘာလဲ ...’

– လေ – ‘စွန်ရဲ–ကောင်းကင်မှာ ထာဝရ ပျံဝဲနေမယ့်–စွန်ရဲ...’

– ခွေး – (သဘောကျသွား) ‘ဟဲ–ဟဲ–သူဌေးကြီး ဦးစွန်ရဲ–ပေါ့ ...’
‘ဟေး ...’ (ဝမ်းသာအားရ အော်ဟစ်လိုက်ကြ)

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၁၆

ရိုက်ကွင်းနေရာ မောင်ခွေးအိမ် (ပြင်/နေ့)

**ပါဝင်သူများ** မောင်ခွေး၊ သူငယ်ချင်းများ ကလေးများနှင့်အခြား



http://www.cherrythitsar.org



- နပ်ချေးတွဲလောင်းနှင့် သွားကျိုးနေသော ကလေးငယ်တစ်ဦး B:IN လာ ...
  – ကလေး– 'ဦးချွန်ယဲ ...'

- သာခုက ပိုက်ဆံငါးကျပ် ထုတ်ပေး ...
  – ခု – 'အေး–ဟုတ်ပြီ–ရော့ ...'

- တန်းစီနေသော ကလေးများမှ တစ်ယောက် ...
  – ကလေး– 'ဦးစွန်ရဲ ...'
  – ခု – 'အေး–ဟုတ်ပြီ–နောက်လဲ အမြဲတမ်း အဲ့ဒီလိုပဲခေါ်နော် ...'

- နောက်တစ်ယောက် ရှေ့တိုးလာ ...
  – 'ဦးစွန်ရဲ–ဦးစွန်ရဲ–ဦးစွန်ရဲ ...'
  – ခု – 'အေးဟုတ်ပြီး–ရော့–ငါးကျပ် ...'
  – 'ကျွန်တော်က–သုံးခါတောင် ခေါ်တာလေ ...'
  – ခု – 'ဟာ–ဟော့ကောင်–လူလည်မကျနဲ့–ဘယ်နှစ်ခါခေါ်ခေါ် တစ်ယောက် ငါးကျပ်ပဲ ...'
  – 'အဲဒါဆို–နှစ်ခါ ပြန်လျှော့တယ် ...' (မကျေမနပ်နှင့် ထွက်သွား)

- မောင်ခွေး (အိမ်ပေါ်မှ ထိုင်ကြည့်ရင်း) သဘောကျနေ (ကောက်ရိုးက ဇက်ကြော နိပ်ပေးနေ) ထိုစဉ် မိန်းမကြီးတစ်ဦး အိမ်ရှေ့မှ ဖြတ်လာ ...
  –မ – 'ဟဲ့–ငခွေး–ဘာလုပ်နေတာလဲ...'
  – ခု – 'ငခွေး မဟုတ်တော့ဘူး–စွန်ရဲလို့ ပြောင်းလိုက်ပြီ အခုဒီမှာ ကလေးတွေကို တစ်ယောက် ငါးကျပ်ပေးပြီး နာမည်ပြောင်းနေတာ ...'
  – မ – 'အော်–ကလေးတွေ–တစ်ယောက်ငါးကျပ်ဆိုတော့ ငါတို့လူကြီးတွေ ကျတော့ရော ...'
  – ခွေး – 'စွန်ရဲလို့ ပြောင်းခေါ်ဗျာ–ငါးဆယ်ပေးမယ် ...'
  – မ – 'အောင်မယ်လေး–ခေါ်ပါတယ် မောင်စွန်ရဲရယ်–ခေါ်ပါတယ် ...'
  – ခွေး – 'သာခု ငါးဆယ်ပေးလိုက် ...'
  – မ – 'ဟယ်တော့–တကယ်ပေးတာလား–ဟီး–ဟီး–ရပ်ကွက်ထဲက လူတွေ ပြေးပြောလိုက်ဦးမယ် ...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



| | | |
|---|---|---|
| အခန်းစဉ် | – | ၁၉/က |
| **ရိုက်ကွင်းနေရာ** | **–** | **အကြော်တဲ (ပြင်/နေ့)** |
| **ပါဝင်သူများ** | **–** | **မောင်ခွေး၊ မဖြူ၊ လေသန်း၊ ကောက်ရိုးနှင့် အခြား (မ နှစ်ဦး၊ ကျားတစ်ဦး)၊ ဆယ်ပြား။** |



http://www.cherrythitsar.org



🎬 အကြော်တစ်ခု–ဆီပူအိုးထဲ ပစ်ချလိုက်ပုံမှ Z:Out– (မိဖြူအကြော်–ကြော်နေ)– နောက်မှ မောင်ခွေး–ဝင်ထိုင် ...

– ခွေး – 'မိဖြူ–ငါနာမည်ပြောင်းလိုက်ပြီဟ ...'
(မိဖြူ–ဘာမှ ပြန်မပြော)
– 'ငါ့နာမည်–ငခွေးမဟုတ်တော့ဘူးဟ–စွန်ရဲ–ဖြစ်သွားပြီ'
(ပြောရင်း–အကြော်တစ်ခု–ယူစား)
– ဖြူ – 'ငခွေး–စားပြီးရင်–ပိုက်ဆံပေးရမယ်နော် ...'
– ခွေး – 'ဟင်–ဘာဖြစ်လို့လဲ ...'
– ဖြူ – 'နင့်မှာ မရှိခင်တုန်းကသာ–ငါ–အလကားကျွေးတာ–အခု နင့်မှာ ပိုက်ဆံရှိနေပြီ–အလကားမရတော့ဘူး–တန်ရာ တန်ဖိုးပေးရမယ်'

🎬 ထိုအချိန်တွင် ဆိုင်ပြင်၌ရှိနေသော အရူးဆယ်ပြား–ထ,အော် (လက်ထဲတွင် စက္ကူစုတ်များ) အော်ဟစ်ပြောဆိုရင်း–ထွက်သွား ...

– 'အဲဒါကြောင့်–ဒီပိုက်ဆံတွေ ငါမလိုချင်တာ–ဒီကောင်တွေ သိပ်ရှုပ်တယ်–လွှင့်ပစ်ရင်လဲ အမှိုက်ပဲ–သိမ်းထားရင်လဲ အမှိုက်ပဲ–ငါလိုချင်တာ–ဒါတွေမဟုတ်ဘူး–အချစ်ကလေးရယ်–ဒါ–ဒါ–ဒါ...'

🎬 မောင်ခွေး(ဆယ်ပြားကို လှည့်ကြည့်နေရာမှ) မိဖြူဘက် ပြန်လှည့် ...

– ခွေး – 'သိလား–မိဖြူ–ငါ့နာမည်စွန်ရဲ–ဖြစ်သွားပြီ ...'
– ဖြူ – 'လုပ်မနေစမ်းပါနဲ့ဟာ–ငခွေးဟာ–ငခွေးပေါ့ ...'
– ခွေး – 'ဟာ–နင်ကလဲ ငခွေးလို့ မခေါ်စမ်းပါနဲ့–စွန်ရဲလို့ ခေါ်ပါ ...'
– ဖြူ – 'မခေါ်နိုင်ပါဘူး ...'
– ခွေး – 'လိမ္မာပါတယ်ဟာ–ခေါ်ကြည့်စမ်းပါ–ဟဲ–ဟဲ နင်တစ်ခါခေါ်ရင် ငါးဆယ်–ရမှာ ...'
– ဖြူ – 'တစ်ရာရလဲ မခေါ်ဘူးဟေ့–ငခွေးဟာ ငခွေးပဲ ...'

🎬 ငခွေး–နည်းနည်းတင်းသွား ...

– ခွေး – 'စွန်ရဲလို့ တစ်ခါပဲခေါ်–နင့်ကို ငါးရာပေးမယ် ...'
– ဖြူ – 'အိုး–မခေါ်နိုင်ပါဘူးဆို ...'
– ခွေး – 'နှစ်ထောင်ပေးမယ်–ဟာ ...'

🎬 (ဘေးမှ လူများလှည့်ကြည့် စိတ်ဝင်တစားဝိုင်းကြည့်) ...

– ဖြူ – 'ဟဲ့–ငခွေး–နင်က ငါ့ကို ပိုက်ဆံပေးပြီး ခိုင်းချင်ရာခိုင်းလို့ ရမယ်လို့ ထင်နေတာလား ...'
– ခွေး – 'မိဖြူ–နင် သိပ်ကြီးကျယ်မနေနဲ့–စွန်ရဲလို့ တစ်ခွန်းခေါ်လိုက်ရတာ ဘာဖြစ်သွားမှာမို့လို့လဲ ...'

http://www.cherrythitsar.org



– ဖြူ – 'အိုး–ငါမှ မခေါ်ချင်တာ ...'
– ခွေး – 'အေး–နင် တစ်ခါခေါ်ရင်–ငါ–ငါးထောင်ပေးမယ် ...'

🎬 (ဘေးမှ မိန်းမကြီးတစ်ဦး ဝင်ပြော) ...
– 'ဟဲ့–မိဖြူ–ခေါ်လိုက်–အလကားနေရင်း ငါးထောင်ရမှာ ...'
(မိဖြူမဲ့ပြ/အလုပ်ဆက်လုပ်နေ)

🎬 (မောင်ခွေး–အံကြိတ်/ဒေါသ)
– ခွေး – 'မိဖြူ–နင်ကြိုက်သလောက်ခေါ်–တစ်ခွန်းခေါ်တိုင်း ငါတစ်သောင်း ပေးမယ် ...'

🎬 (အံ့အားသင့်သွားသော ဘေးလူ INTER များ) ...
– ဖြူ – 'ငခွေး–နင်ပြန်တော့–ထပ်ပြောရင် ငါ–ပါးထ,ရိုက်မိလိမ့်မယ် ...'

🎬 ဘေးလူများ ငြိမ်သွားကြပုံ–ပြရန်၊ ကောက်ရိုးက (ဆက်မပြောရန်) လက်ကုပ်–သတိပေး၊ မောင်ခွေး (တောက်ခေါက်) ဒေါကန်/ထ,သွား ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၂၀

ရိုက်ကွင်းနေရာ – အရက်ဆိုင် (တွင်း/ပြင်)
ပါဝင်သူများ – မောင်ခွေး၊ လေသန်း၊ ကောက်ရိုး၊ သာစု၊
မျက်မှန်နှင့်အခြား။



http://www.cherrythitsar.org



🎬 အရက်ခွက် (ဆောင့်–ချလိုက်ပုံ) မှ Z:Out(မောင်ခွေး မူးနေ) ...

– ခွေး – ‘အဓိပ္ပါယ်မရှိဘူး–လုံးဝအဓိပ္ပါယ်မရှိဘူး–ဘာဖြစ်လို့ ဒီအရက်က ခါးနေရတာလဲ ..’

– ရှိး – ‘ဟာ စွန်ရဲကလဲ–အရက်ဆိုတာ ခါးမှာပေါ့ ...’

– မှန် – ‘ခါးနေရင်–အချိုရည် ရောလိုက်ရမလား ...’

– ခွေး – ‘ဟေ့ကောင်–ငါအချိုရည်သောက်နေတာ မဟုတ်ဘူး–အရက်သောက်နေတာ–မူးချင်လို့–အရက်သောက်နေတာ’

(ထိုစဉ် ဖြတ်သွားသော လူတစ်ယောက်ကို လှမ်းခေါ်)

– ‘ဟေ့ကောင်–ငါ့နာမည်–ဘယ်သူလဲ ...’

– ‘ကိုစွန်ရဲပါ ...’

– ခွေး – ‘အေး–မင်း တော်တယ်–ရော့–တစ်ခွက်သောက် ...’

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၂၀ က

- လဲနေသော ပုလင်းမှ Z:Out(မောင်ခွေး အိမ်ရှေ့တွင်) ပထွေး (ကွပ်ပျစ်တွင်) မူးပြီး – အိပ်ပျော်နေ ...
- မောင်ခွေးတို့အုပ်စု (မူးပြီး ပြန်လာ) – (သင်္ကြန်သီချင်းများ–ဆိုရင်းက,လာ) ...
- အိမ်ရှေ့အရောက်တွင် လေသန်းက 'သင်္ကြန်ကျပြီဟေ့' – အော်ရင်း – ရေပုံးနှင့် ပက် – (အိပ်ပျော်နေသော ပထွေးကို – ရေစို/လန့်နိုးလာ) ...
- မောင်ခွေးတို့အုပ်စု – (ပထွေးကို သတိမထားမိဘဲ) – လေသန်းလက်မှ ရေပုံးကို လိုက်လုကြ – (ပြေးလွှား–တွန်းထိုးကြရင်း) – ပထွေးကို ဝင်တိုက်မိ (ကွပ်ပျစ်ပေါ်မှ ပြုတ်ကျ) ...
- ပထွေးစိတ်ညစ် – အိမ်ပေါ်တက် (အိပ်ရန်ပြင်) ...
- (အမူးလွန်နေသော) မောင်ခွေးကို အိမ်ပေါ်တွဲခေါ်လာကြ – အိပ်နေသော – ပထွေး၏ဘေးတွင် (အန်ချ) – ပထွေး – စိတ်ညစ် – အိမ်ပေါ်မှ ဆင်းသွားပုံ – ပြရန် ...

http://www.cherrythitsar.org



## အခန်းစဉ် ၂၁

ရိုက်ကွင်းနေရာ – ရပ်ကွက်တွင်း (တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ လေသန်းနှင့် မိန်းမကြီးနှစ်ဦး ... (ရပ်ကွက်တွင်းမှလူများ)။



http://www.cherrythitsar.org



🎬 မိန်းမကြီးနှစ်ယောက် (သန်းရှာရင်း) အတင်းပြောနေကြ ...

– မ(၁) – 'ဟဲ့–မောင်ခွေးအကြောင်း ကြားပြီးပြီလား ...'

– မ(၂) – 'မောင်ခွေး မဟုတ်ပါဘူးဟဲ့–စွန်ရဲ ...'

– မ(၁) – 'အော်–အေး–စွန်ရဲရဲ့ပထွေးကြီး ရိပ်သာဝင်သွားပြီတဲ့'

– မ(၂) – 'ဟောတော်–ဘာဖြစ်လို့လဲ...'

– မ(၁) – 'စွန်ရဲတို့အုပ်စု မူးပြီးရစ်ကြတာကို မခံနိုင်တော့လို့တဲ့...'

🎬 မိန်းမကြီးနှစ်ဦး – ရယ်မောသံနှင့်အတူ – မောင်ခွေး လျှောက်လာပုံကို ပြရန် ...

🎬 ထိုစဉ် (နေလှန်းထားသော) ထမင်းခြောက်ဗန်းနား – ခွေးတစ်ကောင် – ကပ်လာ – 'ဟဲ့–ခွေး' လှည့်ကြည့် – (မိန်းမကြီးနှစ်ဦး အားနာသွား) ...

– မ(၁) – 'ရှင်ကလဲ–ဘာဖြစ်လို့သွားအော်တာလဲ...'

– မ(၂) – 'အော်–သူ့ကိုမှ သတိမထားမိတာ–ဟိုမှာ ခွေးကပ်လာလို့–မောင်းထုတ်တာ...'

– မ(၁) – 'သူ့ရှေ့မှာ–ဟဲ့ ခွေးလို့အော်ရတာ အားနာစရာကြီးတော်...'

– မ(၂) – 'ဟောတော်–ခွေးကို ခွေးလို့မအော်လို့–ဘယ်လိုအော်ရမှာလဲ...'

– မ(၁) – 'အော်–အဲဒါတော့ ဘယ်သိမလဲ–ကျုပ်က စဉ်းစားမိတာကို ပြောတာ –သူ့ကွယ်ရာဆို အကြောင်းမဟုတ်ပေမဲ့– ရှေ့တင်ကျတော့ 'ဟဲ့ခွေး' ဆိုတာ ဘယ်ကောင်းပါ့မလဲ...'

– မ(၂) – 'အံမယ်လေး–တစ်သက်လုံးခေါ်ခဲ့ ပြီးမှ...'

– မ(၁) – 'ဟဲ့–အရင်က–ငခွေးက ဘာမှမဟုတ်ဘူး–အခု ငခွေးက သူဌေးကြီး ဦးစွန်ရဲလေ...'

🎬 (ငခွေးနှင့်စွန်ရဲဆိုသော အသံကိုကြား၍ ဖြတ်သွားသော လေသန်း ဝင်လာ) ...

– လေ – 'ဘာတွေဖြစ်နေကြတာတုန်း ...'

– မ(၂) – 'ဒီမှာဟေ့...ခွေးကိုခွေးလို့ခေါ်ရတာ အားနာတယ်–တဲ့...'

– လေ – 'ဟင်–ဘယ်လို...'

– မ(၁) – 'အော်–ငခွေးရှေ့မှာ–ဟဲ့ခွေး–နဲ့ အော်ရတာ ဘယ်ကောင်းပါ့မလဲ– ဒါကြောင့် –တစ်မျိုးပြောင်းခေါ်ရင် မကောင်းဘူးလား–လို့'

– မ(၂) – 'ကဲ–နင်ပဲစဉ်းစားကြည့်–ခွေးကို ခွေးလို့မခေါ်ရင်–ဘယ်လိုခေါ်ရမှာလဲ...'

– လေ – (စဉ်းစားရင်း) 'ဟောင်ကောင်–လို့ ခေါ်...'

– မ(၁) – 'ဟင်–ဘယ်လို–'

– လေ – 'ဟောင်တဲ့အကောင်–လေဗျာ–ဟောင်ကောင်လို့ခေါ်'

– မ(၂) – 'အော်–ဒါဆို–နောက် ခွေးမောင်းချင် ရင်–ဟဲ့ခွေးလို့ မအော်ဘဲ–ဟဲ့–ဟောင်ကောင်' လို့ ခေါ်ရမှာပေါ့...'

http://www.cherrythitsar.org



– လေ – ‘ဟဲ–ဟဲ–မဆန်းဘူးလား ...’

ထိုစဉ်(ခုနက–ခွေး)ပြန်ရောက်လာ မိန်းမကြီး–မောင်းထုတ် ...
– ‘ဟဲ့–ဟောင်ကောင် ...’
(ခွေး၏နားမလည်သောအကြည့်...ပြရန်)

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၂၂

**ရိုက်ကွင်းနေရာ – ဟိုတယ် (တွင်း/နေ့)**

ပါဝင်သူများ – ဦးကျော်ဇော၊ ဦးအောင်ခန့်၊ ဘခက်



http://www.cherrythitsar.org



🎬 (ဇော + ခန့်) တို့၏ ရယ်သံ O/L နှင့် လက်ဖက်ရည်ခွက်နှစ်ခွက်မှ Z:Out (ထိုနေရာ/ ထိုဟိုတယ်) ...

– 'ဟား–ဟား–ဟား–ဘာတဲ့–ဟောင်ကောင်–ဟုတ်လား'

🎬 ခန့် + ဇော + ဘခက် – သုံးယောက် ...

– ခက် – 'ဟုတ်တယ်ဆရာ–အခု သူတို့တစ်ရပ်ကွက်လုံး ခွေးကို ခွေးလို့မခေါ်ကြတော့ဘူး–ဟောင်ကောင်လို့ပဲ ခေါ်ကြတော့တယ်...'

– ဇော – 'အဲဒါပဲဗျ–တွေ့တယ်မို့လား–ငွေက လူတွေကို ပြောင်းလဲပေးသွားတာ...'

– ခန့် – (ရယ်ရင်း) 'နေပါဦးကွ–မင်း ခုန ပြောတဲ့–ရာထူးတွေ ခန့်တယ်ဆိုတာက ဘာလဲ...'

– ခက် – 'မောင်ခွေးက သူ့သူငယ်ချင်းအားလုံးကို လခပေးပြီး–အလုပ်ခန့်လိုက်တယ် ဆရာ–လေသန်းက သူ့ရဲ့ PA တဲ့'
(ထိုနေရာတွင် လေသန်း၏ PA ပုံစံ အရုပ်ပြရန်)
'ကောက်ရိုးက–ငွေကိုင်ရတယ်'
(ကောက်ရိုးပိုက်ဆံများ ရှင်းပေးနေပုံ အရုပ်)
'မျက်မှန်က–စာရင်းကိုင်...တဲ့'
(မျက်မှန်–ဂဏန်းပေါင်းစက်နှင့် စာရင်းများ တွက်နေပုံ)
'သာခုကတော့–စီးပွားရေးအကြံပေး–တဲ့...' (သာခု၏အရုပ်)

– ခန့် – (ရယ်ရင်း) 'အင်း–သူလည်း စိတ်ကူးရှိသလို လုပ်ကြည့်တာဖြစ်မှာပေါ့–ဘခက်–အခု သူထုတ်ထားတာ ငွေဘယ်လောက်ရှိပြီလဲ...'

– ဘခက်– 'အားလုံးပေါင်း (၂၅)သိန်း ရှိပြီဆရာ...'

– ဇော – 'ဟင်း–ဟင်း–ခုချိန်ထိ သုံးကောင်းတုန်း–ဖြုန်းကောင်းတုန်းပဲမို့လား ...'

– ခက် – 'ဟုတ်တယ်ဆရာ–အရင်က အရက်လုံးဝမသောက်တတ်တဲ့ မောင်ခွေးက အခု နေ့တိုင်း အရက်ဆိုင်ထိုင်နေပြီ–အခုလဲ–အခက်အခဲရှိတဲ့ လူတွေကို ပိုက်ဆံတွေ ထုတ်ပေးနေတယ်...'

🎬 ဘခက်–စကားဆုံးသည်နှင့် SCENE CHANGE ရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# အခန်းစဉ် ၂၄

**ရိုက်ကွင်းနေရာ – လက်ဖက်ရည်ဆိုင် (ပြင်/နေ့)**
**ပါဝင်သူများ – သာခု၊ ဆယ်ပြား၊ ကိုသန်းစိုး။**

🎬 ကိုသန်းစိုး CU မှ Trolly Shot (လက်ဖက်ရည်ဆိုင်တွင်း နှစ်ယောက်) ...

– စိုး – 'ဟာ–ကျုပ်မှာမှ မယားငယ် မရှိတာ...'

– စု – 'ရှိရှိ မရှိရှိဗျာ–မောင်ခွေးရှေ့မှာ ရှိတယ်လို့သာပြော–အော် ဟော့လူ မောင်ခွေး မဟုတ်ဘူးနော်–စွန်ရဲ...'

– စိုး – 'အင်းပါ–ဆက်ပြောပါဦး–ကျွန်တော့် မှာ အားလုံးပေါင်း ကလေးက ဘယ် နှစ်ယောက်လဲ...'

– စု – 'မယားကြီးနဲ့မွေးထားတာက–ငါးယောက်–မယားငယ်နဲ့က နှစ်ယောက်–အားလုံးပေါင်း ခုနစ်ယောက်...'

– စိုး – 'မယားငယ်ယူထားတဲ့လူကို–သူက သနားပါ့မလားဗျ...'

– စု – 'အေး–အဲဒါလဲ ဟုတ်တာပဲ–အဲဒါဆို မယားငယ်လို့ မပြောနဲ့ မယားကြီးဆုံးသွားမှ ထပ်ယူတဲ့ မယားလို့ပြော–နော် –ကလေးက ခုနစ်ယောက်–ခင်ဗျားက အလုပ်မရှိ–ပြီးတော့ မိခင်အိုကြီးက မကျန်းမာဘူးဆိုတာပါ ထည့်ပြော–ဒီကောင်က အမေတွေကို သနားတတ်တယ်...'

– စိုး – 'ဖြစ်ပါ့မလားဗျ...'

– စု – 'ကျုပ်ပြောတဲ့အတိုင်းသာ လုပ်စမ်းပါ–ပိုင်ပါတယ်–ဒီဂွင်တွေက သာစု ဖန်တီးထားတာ...'

🎬 ထိုစဉ် အရှူးဆယ်ပြား ဝင်လာ ...

– ဆယ် – 'ဘော်ဒါ–မုန့်တစ်ခုစားမယ်...'

– စု – 'နေဦး–မုန့်စားချင်ရင် ငါမေးတာ အရင် ဖြေ...'

– ဆယ် – 'အော်–ပညာစမ်းချင်တယ်ပေါ့–ဟဲ–ဟဲ–လုပ်လိုက်လေ–ဆယ်ပြားကို လည်သွားအောင်–ဘယ်သူမှ မလုပ်နိုင်ပါဘူး–မေး ...'

– စု – 'မောင်ခွေး–နာမည် ဘယ်သူလဲ...'

– ဆယ် – 'စွန်ရဲ ...'

– စု – ဟုတ်ပြီ–ရပ်ကွက်ထဲမှာ ခွေးကို ဘယ် လိုခေါ်လဲ...'

– ဆယ် – 'ဟောင်ကောင်...'

– စု – 'အေး–မင်းတော်တယ်–ရော့' (မုန့် တစ်ခုလှမ်းပေး)

– ဆယ် – (လှမ်းယူရင်း) 'ခင်ဗျားတို့ မတရားဘူး ...'

– စု – 'ဟေ–ဘာဖြစ်လို့လဲ...'

– ဆယ် – 'ခွေးကို ဟောင်ကောင်လို့ခေါ်ရင် ကျီးကန်းကို ဘယ်လိုခေါ်မလဲ'

– စိုး – 'ဟာ–ကျီးကန်းက–ကျီးကန်းပေါ့ ကွ...'

– ဆယ် – 'No–No–ကျီးကန်းကို ငှက်သူခိုးလို့ ခေါ်ရမယ်...' (စု+စိုး ရယ်လိုက်ကြ) 'နွားကို–မြက်စား ...လို့ ခေါ်ရမယ်...'

http://www.cherrythitsar.org




- ကိုသန်းစိုး – ရယ်ရင်း/ မေး ...
  – စိုး – 'ကဲ–ဒါဆိုရင်–သာခုကို ဘယ်လိုခေါ်ရ မလဲ...'
  – ဆယ် – 'နွား–လို့ ခေါ်ရမယ်...'
  – ခု – 'ဟာ ...'

- သာခု – ထ,လိုက် – ဆယ်ပြား ထွက်ပြေး – လမ်းမှာတွေ့သော ခွေးများကို 'ဟေ့ – ဟောင်ကောင်' ခေါ်ရင်း မုန့်လိုက်ကျွေးနေပုံ–ပြရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org






| | | |
|---|---|---|
| ရိုက်ကွင်းနေရာ | – | မောင်ခွေးအိမ် (တွင်း/ပြင်/နေ့) |
| ပါဝင်သူများ | – | မောင်ခွေး၊ လေသန်း၊ သာစု၊ ကိုသန်းစိုးနှင့်အခြား (ဆယ်ပြား)။ |

http://www.cherrythitsar.org



🎬 (အကူအညီတောင်းရန်) ထိုင်စောင့်နေသူများ – PAN နှင့် ပြ – နောက်ဆုံးတွင် (မျက်ရည်သုတ်နေသော) ကိုသန်းစိုး ...

– စိုး – 'ခုလို–ကလေးခုနှစ်ယောက်ကို ကျောင်းအပ်ရတော့မယ့်အချိန် ရောက်လာရင် ကျွန်တော် ကိုယ့်ကိုကိုယ် သတ်သေချင်တယ်ဆရာ–ဒီကြားထဲ–ကျွန်တော့်အမေကြီးကလဲ...'

– ခွေး – 'ကဲ–တော်ပြီ–တော်ပြီ–ဒီလောက်ဆို ကျုပ်နားလည်ပြီ–နော်–လေသန်း–သူ့ကို ငါးထောင်ပေးလိုက်–ကဲ–လာ နောက်တစ်ယောက်–ဘာဖြစ်လာလဲပြော...'

🎬 (ကိုသန်းစိုး–ထ,သွားလျှင် နောက်တစ်ယောက်လာ) ...

– 'ဒီလိုပါဆရာ–ကျွန်တော့်မှာက အလုပ်မရှိ ဘူး–တဲ့...'
(မောင်ခွေး INTER)
'ကျွန်တော့်မိန်းမက–ရောဂါသည်–တဲ့...'

– ခွေး – 'ဟေ့လူ–ခင်ဗျား ဘယ်သူ့အကြောင်း ပြောနေတာလဲ...'
'ခင်ဗျာ–အော်–ဟို...'

🎬 ကိုသန်းစိုး အိမ်မှထွက်လာ(သာဓုစောင့်နေ) ပွဲခပေးရန် (အမူအရာနှင့်ပြ) ...

🎬 ကိုသန်းစိုး က ငါးရာတန် တစ်ရွက်ထုတ်ပေးသွား ...

– 'ဟေ့–နွားကြီး'

🎬 သာဓု – ပိုက်ဆံအိတ်ကြည့်/သဘောကျနေစဉ် ခေါ်သံကြား–လှည့်ကြည့် (ဆယ်ပြားဖြစ်နေ) ...

– 'ကြည့်စမ်း–ကိုယ့်နာမည်ကိုယ် မှတ်ထားတယ်...'

🎬 သာဓု – ဒေါကန် – ခဲ နှင့် ကောက်ပေါက် ... ဆယ်ပြား – နောက်ပြောင် – ထွက်ပြေး ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org





ရိုက်ကွင်းနေရာ – ဆိုက်ကားဂိတ် (ပြင်/နေ့)
ပါဝင်သူများ – ကောက်ရိုး၊ မျက်မှန်၊ ဆယ်ပြားနှင့်အခြား။

http://www.cherrythitsar.org



🎬 ဆယ်ပြား (ကောက်ရိုးတို့ရှေ့မှ) ဖြတ်ပြေးသွားပုံ ပြရန် ...

– မှန် – 'ဟော့ကောင်–ဆယ်ပြားကို ဆေးရုံပို့ဖို့ကိစ္စ မေ့နေဦးမယ်...'

– ရိုး – 'အေးကွာ–အလကား ပိုက်ဆံကုန်အောင်...'

– မှန် – 'အော်–အရူးတစ်ယောက် ကောင်းသွားတော့လဲ–ကုသိုလ်ရတာပေါ့ကွ...'

– ရိုး – 'အလကား–မောင်ခွေးက ဘာမှသိတာ မဟုတ်ဘူး–ဟိုဆရာကြီးနှစ်ကောင်–အကြံပေးတာ...'

– မှန် – 'အေး–အဲဒါတော့ ဟုတ်တယ်–ဒီနှစ်ကောင် အကြံပေးတိုင်း လျှောက်လုပ်နေရင်–မောင်ခွေး မကြာခင် ပြန်မွဲမှာပဲ...'

– ရိုး – 'အို–မွဲသွားတော့လဲ–အရင်း–ပဲပေါ့...'

(ရယ်လိုက်ကြ)

🎬 ထိုစဉ် အနီးနားအိမ်မှ – မိန်းမကြီးတစ်ယောက် – ထွက်လာ – (ခွေးကို) ထမင်းကျွေးရန် – ခေါ် – (အခြားခွေးများ ဝိုင်းလာ/ မောင်းထုတ်) ...

– 'ဟဲ့–ဟောင်ကောင်–ဟဲ့–ဟိုကောင်–ဟောင်ကောင်တွေနော်–သွား–မလာကြနဲ့ ...'

🎬 ကောက်ရိုးတို့ (ရယ်ကြ) ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# အခန်းစဉ် ၂၆

ရိုက်ကွင်းနေရာ – မောင်ခွေးအိမ်အသစ် (တွင်း/ပြင်/နေ့)

ပါဝင်သူများ – မောင်ခွေး၊ သာခု၊ ပွဲစား၊ လေသန်း၊ ဘခက်

http://www.cherrythitsar.org



🎬 မောင်ခွေး၏(ပျဉ်ထောင်)အိမ်အသစ် L.S ပြရန် – ပွဲစားနှင့် သာခုဝင်လာ/ လေသန်းနှင့်တွေ့ ( အိမ်ပေါ်မှာ ရှိကြောင်း – အမူအယာ – ပြ ) ...

🎬 စားပွဲပေါ်ချလိုက်သော (လက်ဖက်ရည်ခွက် နှင့် ငါးသုံးလုံးစီးကရက်) မှ Z:Out ဧည့်ခန်းတွင် သုံးယောက် – (ဘခက်ပါ...ရှိနေ) ...

– ခွေး – 'ခင်ဗျားပြောတာ–ကျွန်တော် စိတ်ဝင်စားပါတယ်–ဒါပေမဲ့ နေရာက နဲနဲလေးများ ချောင်ကျနေသလား–လို့...'

– ပွဲစား – 'ဟဲ–ဟဲ–ဦးစွန်ရဲတို့လို ငွေပိုနေတဲ့ သူမျိုးမှ ဒီမြေကွက်မျိုးကို ဝယ်နိုင်မှာဗျ–ဒီကောင်က ဝယ်ပြီး ပစ်ထားလိုက်–နောက် ငါးနှစ်လောက်ဆိုရင်–ရွှေပဲ...'

– ခု – 'ဟုတ်တယ်ကွ–ငါလဲ သွားကြည့်ပြီးပြီ–ချောင်ကျတယ်ဆိုပေမဲ့ အေးအေးဆေးဆေး နေချင်တဲ့ သူဌေးတွေ ကြိုက်တတ်တဲ့နေရာမျိုးကွ–မင်း–ဝယ်သင့်တယ်...'

– ခွေး – 'ကိုဘခက်ကရော ဘယ်လိုသဘောရသလဲ...'
(ဘခက် ခေါင်းခါပြ)

– ခက် – 'မသိဘူးလို့ပြောတာ...'

– ခွေး – 'လုပ်ပါဗျ–အကြံလေးဘာလေး ပေးပါဦး ...'

– ခက် – 'ကျုပ်တာဝန်က အကြံပေးဖို့ မဟုတ်ဘူး–ပိုက်ဆံထုတ်ပေးဖို့ပဲ...'

– ခွေး – 'ကျုပ်ပိုက်ဆံ ဘယ်လောက်ကျန်သေးလဲ...'

🎬 ဘခက် (စာရင်းစာအုပ်–အကြီးကြီးထုတ်) စာရင်းတွက်ကြည့်နေ – ပွဲစားက – သာခုကို လှမ်းကြည့် – သာခုက – မျက်စိမှိတ်ပြလိုက်ပုံ – ပြရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org






ရိုက်ကွင်းနေရာ – ဟိုတယ် (တွင်း/နေ့)
ပါဝင်သူများ – ဦးကျော်ဇော၊ ဦးအောင်ခနဲ့၊ ဘခက်။

http://www.cherrythitsar.org



🎬 ဦးကျော်ဇော – CU (BACK မှ လှည့်ပြော) ဟိုတယ်ခန်းတွင်း (ခန့် + ဇော + ဘခက်) သုံးယောက် ...

– ဇော – 'အင်း–ဒီကောင်တော့ အလိမ်ခံရတော့မယ် ထင်တယ်...'

– ခက် – 'သူ့တပည့် သာစုဆိုတဲ့ကောင်ကလည်း အတင်းဝယ်ခိုင်းနေတာ ဆရာရဲ့–ကြည့်ရတာ–ဒီကောင်နဲ့ ပွဲစားပေါင်းပြီး–အချဉ်လာထည့်ပုံပဲ...'

– ခန့် – 'အဲဒါ–မင်းက ဘာမှ ဝင်မပြောဘူးလား ...'

– ခက် – 'ဟင်–ဆရာပဲ–ဘာမှ မပြောရဘူးဆို...'

– ခန့် – 'အင်း မင်းကတော့ အမေ မှာ, မှာတဲ့အတိုင်းပဲ–မောင်ခွေးရဲ့ ငွေလက်ကျန်က–ဘယ်လောက်လဲ...'

– ခက် – သိန်းလေးဆယ်ပဲ ကျန်တော့တယ်ဆရာ–အခုမြေကွက်က–သုံးဆယ့်ရှစ်သိန်း–တဲ့...'

– ဇော – 'ဟိုတလောက–အိမ်တစ်အိမ် ထပ်ဝယ်တယ်ဆို...'

– ခက် – 'ဟုတ်တယ်ဆရာ–ပျဉ်ထောင်အိမ်လေးတစ်လုံး နှစ်ဆယ့်ငါးသိန်းနဲ့ ဝယ်လိုက်တယ်...'

– ဇော – 'ပထမ ဝယ်ထားတဲ့ အိမ်ကရော...'

– ခက် – 'သူ့ PA ကောက်ရိုးကို ပေးလိုက်တယ် ဆရာ...'

– ဇော – 'ကဲ–ကိုအောင်ခန့်–တွေ့တယ်မို့လား–ဒီကောင် ဦးနှောက်မရှိတော့ လုပ်ချင်ရာ လျှောက်လုပ်နေတာဗျ–အခု သိန်းတစ်ရာ ကုန်တော့မယ်–ဘာမှလဲ ဖြစ်မလာဘူး ...'

– ခန့် – 'စောင့်ကြည့်ပါဦးလေ–အဖြေထုတ်ဖို့ စောပါသေးတယ်...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org





ရိုက်ကွင်းနေရာ – မောင်ရွှေး အိမ်သစ် (တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ရွှေး၊ ကောက်ရိုး၊ လေသန်းနှင့် (ကလေးများနှင့်) ဆွေမျိုးတစ်စု။

http://www.cherrythitsar.org



🎬 ဆိုက်ကားသုံးစီးနှင့် ဆွေမျိုးတစ်စု – (မောင်ခွေး) အိမ်ရှေ့ရောက်လာ ...

– 'ငခွေးရေ–ဟေ့–ငခွေး ...'

– ရိုး – 'ဟေ့လူ–ငခွေး–မဟုတ်ဘူးဗျ–စွန်ရဲ–စွန်ရဲ ...'

– 'ဟင်–ဒါ–ငခွေးအိမ်–မဟုတ်ဘူးလား ...'

– ရိုး – 'ဟုတ်တယ်–ဒါပေမဲ့–သူ့နာမည်–ငခွေး–မဟုတ်တော့ဘူး–စွန်ရဲ ဖြစ်သွားပြီ–ဒီမှာ–ငခွေးလို့–မခေါ်ရဘူး ...'

🎬 ထိုစဉ် – မောင်ခွေးနှင့်လေသန်း အိမ်ပေါ်မှ ဆင်းလာ ...

– ခွေး – 'ဘယ်သူလဲကွ...'

(မောင်ခွေး–ဧည့်သည်တွေကို လှမ်းကြည့်/မသိ)

– 'မောင်ခွေး(ဆေားလူမှတံတောင်နှင့်တွတ်)...အဲ–မောင်စွန်ရဲ ကျုပ်တို့ကို မှတ်မိတယ်မို့လား ...'

🎬 လူကြီးများ – စကားပြောနေစဉ် – ကလေးများ – ပြေးလွှားကစားနေကြ – (ကလေးများနှင့်ကောက်ရိုး) – လေသန်း – Plot စဉ်းစားရန် ...

– ခွေး – 'မမှတ်မိဘူး ...'

– 'ဦးဘအေး–သမီးလေ–ဒါက ငါ့ယောက်ျား ...'

– ခွေး – 'ဦးဘအေး–ဘယ်က–ဦးဘအေးလဲ...'

– 'ဒေါ်လှမြိုင်–အကို ဦးဘအေးလေ–ဒေါ်လှမြိုင်နဲ့ နင့်အမေနဲ့က သူငယ်ချင်းတွေလေ...'

– 'မင်းကလဲကွာ–ဒီလောက် ဆွေမျိုးအရင်းကြီးတွေတောင် မမှတ်မိတော့ဘူးလား–မင်းငယ်ငယ်တုန်းက ငါတို့ရွာ တစ်ခေါက်ရောက်ဖူးတယ်လေ...'

– ခွေး – 'အော်–ဟို–အမေ့ရွာကနဲ့ တူတယ်...'

– 'အေးလေကွာ–ငယ်ငယ်က မင်းနဲ့ တစ်ခါဆုံပြီးကထဲက–မင်းကို ငါတို့ အရမ်းသတိရနေတာကွာ–လာမယ်–လာမယ်နဲ့ ကြိုးစားလိုက်တာ–ခုမှပဲ–လာဖြစ်တော့တယ်ဟေ့...'

– 'နင်ကတော့–ငယ်ငယ်ကအတိုင်းပဲနော်–လုံးဝရုပ်မပြောင်းဘူး–ကလေးတွေ–လျှောက်မပြေးနဲ့လေ–မောင်လေး အထုပ်တွေ အိမ်ပေါ်တင်ပေးပါဦး'(လေသန်းကို–ခိုင်း)

– 'ဟဲ့–နင့်အမေရော–နေကောင်းရဲ့လား ...'


– ခွေး – 'အမေဆုံးတာ တစ်နှစ်ပြည့်တော့မယ်...'

– 'ဟင် အောင်မလေး ဖြစ်မှဖြစ်ရလေ ကြီးတော်ရယ်–ကြီးတော်ရဲ့ မျက်နှာကို မြင်ချင်လို့ လာခဲ့တာပါတော့–အောင်မယ်လေး–ဟီး' (အောင်ကြီးဟစ်ကျယ်–အော်ငို)

🎬 မောင်ခွေးတို့ စိတ်ညစ်နေကြပုံ – ပြရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


ရိုက်ကွင်းနေရာ – အကြော်တဲ (ပြင်/နေ့)
ပါဝင်သူများ – မိဖြူ၊ သာရ၊ ပွဲစား၊ မိန်းမကြီးနှစ်ဦး။

http://www.cherrythitsar.org



🎬 ရယ်လိုက်သော – မိန်းမကြီးနှစ်ဦးမှ,စ (အကြော်တဲတွင်–သာစုတို့–ထိုင်ပြော)
– မ(၁) – (ရယ်ရင်း) 'အဲဒါနဲ့ ဆွေမျိုးတွေ–သောင်တင်နေကြရော ဆိုပါတော့...'

🎬 (မိဖြူ – အကြော်ကြော်ရင်း နားစွင့်) ...
– စု – 'အေးပေါ့–အိမ်ပေါ်မှာ တစ်ပတ်လောက် နိုပ်စက်သွားကြတာ...'
– မ(၂) – 'အဲဒီလိုပဲဟဲ့–ချမ်းသာလာပြီဆိုရင်–အမျိုးစပ်တဲ့လူတွေ များလာရော'
– စု – 'ဆွေမျိုးသာ ပြောတာပါဗျာ–ငချေးကိုယ်တိုင်က ကောင်းကောင်းကို မမှတ်မိပါဘူး ...'
– မ(၁) – 'ဟဲ့–ငချေး မခေါ်နဲ့လေ...' (မိဖြူ ကြိတ်ရယ်လိုက်ပုံ ပြရန်)

🎬 ထိုစဉ် – ပွဲစား – ပျာယီးပျာယာဖြင့် ဝင်လာ ...
– ပွဲ – 'ကိုသာစု–ကိုသာစု...'
– စု – 'ဘာလဲဗျ–အလန့်တကြားနဲ့...'
– ပွဲ – 'ခင်ဗျား ကျုပ်ကို–အာတကေ–ပြန်ပေးရမယ်...'
(သာစု မျက်နှာပျက်–ဘောဘီကြည့်ရင်း ပွဲစားကို ဆိုင်ပြင်–ဆွဲခေါ်)
– စု – 'ခင်ဗျားရောင်းချင်တဲ့ မြေကွက်–ရောင်းထွက်အောင် ကျုပ်က လျော့ပေးရတာလေ–ဘာကိစ္စ ကျုပ်က ပြန်ပေးရမှာလဲ...'
– ပွဲ – 'ခင်ဗျားဆရာ–ကံကောင်းသွားပြီဗျ–(၃၈)သိန်းတန် မြေကွက်ဟာ–အခု–ငါးဆယ်ဖြစ်နေပြီ...'
– စု – 'ဟာ–မဖြစ်နိုင်တာ–(၂၀)နဲ့ ပေးရင်တောင် ဘယ်သူမှ မယူတဲ့ မြေကွက်–ဟင်း–ဟင်း ကျုပ်ကို လာပတ်မနေနဲ့–သာစု–လူလည်ပါ...'
– ပွဲ – 'တကယ်ပြောတာ–အဲဒီ မြေကွက်ဘေးမှာ အဝေးပြေးလမ်းမကြီး ဖောက်မလို့တဲ့–ပြီးခဲ့တဲ့ အပတ်ကပဲ–ငုတ်တိုင်တွေ လာစိုက်သွားပြီ–လမ်းမကြီးဘေး–ဆိုတော့–ချက်ချင်း ဈေးတွေ တက်ကုန်တာဗျ...'
– စု – 'ခင်ဗျား–တကယ်ပြောနေတာလား ...'
– ပွဲ – 'အော်–ဟုတ်ပါတယ်–ဆို–အဲဒါ ခင်ဗျားဆရာကို ပြန်ရောင်းဖို့ နဲနဲ လျော့ပေးဦး–ကျုပ်တို့လဲ–ပိုပေးရမယ်နော်...'
– စု – 'အရင်ကထက်တော့–ပိုပေးရမယ်နော်...'
– ပွဲ – 'အော်–အရေးထဲ...'

▲▼▲▼▲▼▲▼




ရိုက်ကွင်းနေရာ – ဟိုတယ် (တွင်း/ည)
ပါဝင်သူများ – ဦးကျော်ဇော၊ ဦးအောင်ခန့်။

http://www.cherrythitsar.org



🎬 ဟိုတယ် (Night Scene) L.S နှင့် စ,ရန် (အသံ – O/L) ...

– ခန့် – 'ဟဲ–ဟဲ–ဟဲ–ကျုပ်ပြောတယ်မို့လား–စောင့်ကြည့်ပါဦးလို့'

– ဇော – ဟော့လူ–ဒါ–ဉာဏ်မဟုတ်ဘူးဗျ–ကံ–ကံကြောင့်ဖြစ်တာ'

– ခန့် – 'အဲဒါကြောင့်–ပြောတာပေါ့–လောကမှာ–မမြင်နိုင်တဲ့အရာတွေလဲ– ရှိပါသေးတယ်–ဒါလုပ်ရင်–ဒါဖြစ်မယ်လို့ တရားသေတွက်လို့ မရပါဘူး ...'

– ဇော – 'ဘာပဲဖြစ်ဖြစ်လေ–ကျုပ်ပြောခဲ့တာတွေလည်း–မှန်သင့်သလောက် တော့ မှန်နေပါတယ်...'

– ခန့် – 'ဘာတွေလဲ...'

– ဇော – 'ငွေဟာ အရာရာကို ဖန်တီးနိုင်တယ်–ဆိုတာလေ–ဟဲ–ဟဲ ငွေက ဖန်တီးလိုက်တာ–ငခွေးကလဲ–စွန်ရဲဖြစ်သွားပြီ ရပ်ကွက်ထဲက ခွေးတွေလဲ ဟောင်ကောင်တွေ ဖြစ်ကုန်ပြီ...'

– ခန့် – 'ဟဲ–ဟဲ–ဟဲ–ညာစားမယ့်လူတွေကလဲ ဝိုင်းနေပြီ–ဆွေမျိုးတော်ချင်တဲ့ လူတွေကလဲ များလာပြီ–မောင်ခွေးကလဲ ဦးနှောက်မရှိ–ဆိုတော့– မကြာခင် ဒုက္ခရောက်တော့မယ်–လို့ ခင်ဗျား ပြောချင်နေတယ်မို့ လား ...'

– ဇော – 'ဟဲ–ဟဲ–ဟဲ–ခင်ဗျားကလဲ စောင့်ကြည့်ပါဦးလို့–ပြန်ပြောမှာမို့လား'

– ခန့် – 'ဒါပေါ့–စောင့်ကြည့်လိုက်ပါဦး–လောကမှာ–ကြိုတွက်လို့မရတဲ့ ကိစ္စတွေ အများကြီးဗျ ...'

🎬 Dialogue နှင့် S. Change ရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၃၁

ရိုက်ကွင်းနေရာ – မောင်ခွေး အိမ် (ပြင်/နေ့)

ပါဝင်သူများ – မောင်ခွေး၊ သာရ၊ လေသန်း၊ ကောက်ရိုး၊ မျက်မှန်နှင့် ကားပွဲစား။



http://www.cherrythitsar.org



🎬 ကားဟောင်းကြီးတစ်စီးကို ကြည့်နေကြ (မှန်+ရိုး) ရာမှ PAN(မောင်ခွေး + စု + ပွဲစား) အသံကို ထိပ်စမှ စ,ပေးရန် ...

– ပွဲစား – ‘ဘာမှ တွက်နေစရာမလိုဘူး–ဝယ်ပြီး ဂိုဒေါင်ထဲထည့်ထားလိုက်ရုံပဲ–အချိန်တန်ရင်–ဝယ်ချင်တဲ့လူက ရှာပြီး ရောက်လာလိမ့်မယ်–အဲဒီကျရင်–ပြောချင်တဲ့ဈေးသာ ပြောလိုက်–ဝယ်မှာပဲ...’

– ခွေး – ‘ခင်ဗျားဟာက သေချာလှချည်လား ...’

– ပွဲ – ‘အော်–ဒါမျိုးက နိုင်ငံခြားသားအကြိုက်ဗျ အန်းတစ်ပစ္စည်း–ကံကောင်းရင် ဒေါ်လာနဲ့တောင် ရောင်းလို့ရမှာ...’

* * * * * * * * * *

🎬 (မျက်မှန် + စိုး – ကားနားတွင် တီးတိုးပြောနေ) ...

– ရိုး – ‘ဟေ့ကောင်–ဘာလဲကွ အန်းတိတ်ဆိုတာ...’

– မှန် – ‘ရှေးဟောင်းပစ္စည်းလို့ပြောတာ...’

– ရိုး – ‘ဒီကားကြီးက ရှေးဟောင်းဆိုတာ သေချာလို့လား ...’

– မှန် – ‘ဘယ်သိမလဲကွ–ငါမှ နားမလည်တာ...’

* * * * * * * * * *

– ခွေး – ‘ငါက သိပ်မဝယ်ချင်ဘူးကွ...’

– လေ – ‘ဘာဖြစ်လို့လဲ...’

– ခွေး – ‘ကားကြီးက တော်တော်ဟောင်းနေပြီ...’

– စု – ‘အော်–ဟောင်းလို့ဆို ဝယ်ခိုင်းတာကွ–ငါ တွက်ရင်လွဲခဲ့ပါတယ်ကွာ–မြေကွက်တုန်းကလဲ မင်း ငါ့စကားနားထောင်လို့ မြတ်လိုက်တာ–မို့လား ...’

– လေ – ‘အင်း–ဘာပဲဖြစ်ဖြစ်ကွာ–သူဌေးဆိုတာ ကားလေးတစ်စင်းတော့ ရှိသင့်တယ်ကွ...’

– ခွေး – ‘ဟဲ–ဟဲ–အဲဒါတော့ ဟုတ်တယ်ကွ...’

🎬 ‘ဦးစွန်ရဲကြီး ကားဝယ်တော့မယ်တဲ့ဟေ့’ – ကလေးများ – အော် ဝိုင်းအုံ (မျက်မှန်တို့ ကလေးများထိန်း/မောင်းထုတ်နေကြရပုံ – ပြရန်) ...

🎬 သာစု နှင့် ပွဲစား (လူမသိအောင်) မျက်ရိပ်မျက်ခြည် – ပြနေကြပုံ ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# အခန်းစဉ် ၃၂

ရိုက်ကွင်းနေရာ – ဟိုတယ် (တွင်း/နေ့)
ပါဝင်သူများ – ဦးကျော်ဇော၊ ဦးအောင်ခန့်၊ ဘခက်။

http://www.cherrythitsar.org



🎬 သုံးယောက် (STATIC) အငြိမ်ပြရန် ...

– ဇော – 'ဟော့ကောင်–သေချာရဲ့လား ...'

– ခက် – 'သေချာတယ်ဆရာ–ကျွန်တော် အားလုံးစုံစမ်းပြီးပြီ–ကား–က–ကားကြီး–အန်းတစ်လဲ မဟုတ်ဘူး–ခုနေ–ဝယ်ဈေးရဲ့တဝက်နဲ့ ပြန်ရောင်းရင်တောင် ဘယ်သူမှ ယူမှာ မဟုတ်ဘူး'

– ဇော – 'ဒါဆို ပွဲစားနဲ့ သူ့သူငယ်ချင်းတွေပေါင်းပြီး–မောင်ခွေးကို ဝိုင်းထည့်ကြတာပေါ့...'

– ခက် – 'ဒါပဲပေါ့...'

– ခန့် – 'မင်းကလဲကွာ–ဒီလောက်သိနေမှ–နဲနဲလေးတောင် ဝင်မပြောဘူးလား ...'

– ခက် – 'ဟာ–ဆရာမှာထားတယ်လေ...'

– ခန့် – (ဖြတ်ပြော) 'တော်ပြီ–ငါမေ့ပြီးမေးမိတာ...'

– ဇော – 'ဟဲ–ဟဲ–ကိုအောင်ခန့်ရေ–ကံဆိုတာ–ခဏခဏတော့ မကောင်းနိုင်ဘူးဗျ ...'

– ခန့် – 'စိတ်မပူပါနဲ့–ဒီကားကြီးတစ်စီးလုံး ရှုံးသွားလဲ–မောင်ခွေး–ဘာမှ မဖြစ်သေးပါဘူး–သူ့လက်ထဲမှာ အိမ်နှစ်လုံးတောင် ရှိသေးတာပဲ မမွဲနိုင်သေးပါဘူး ...'

– ဇော – 'ဟဲ–ဟဲ ဟဲ–ဒီတစ်ခါတော့ ကျုပ်က ခင်ဗျားပြောတဲ့စကားပဲ ပြန်ပြောရတော့မှာပဲ–စောင့်–ကြည့်–လိုက်–ပါဦး ...'

(နှစ်ဦးစလုံး – ရယ်မောလိုက်ကြ)

🎬 ရယ်သံအား ဟိုတယ် L.S အရုပ်ပေါ်တွင် O/L ပေးရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# အခန်းစဉ် ၃၃

ရိုက်ကွင်းနေရာ – မောင်ခွေး အိမ် (တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ မျက်မှန်၊ ကောက်ရိုး၊ ကိုပေါလ်။

http://www.cherrythitsar.org



🎬 မောင်ခွေး အိမ်ရှေ့ – ရပ်ထားသော ကားဟောင်း – ကိုပေါလ် B:IN(ကားကို သေသေချာချာကြည့်) – ကောက်ရိုး ထွက်လာ ...

– ရိုး – ‘ဘာကိစ္စရှိလို့လဲ...’

– ပေါလ်– ‘ကျွန်တော်–ဒီကားပိုင်ရှင်နဲ့ တွေ့ချင်လို့ပါ...’

🎬 ညှိခန်းထဲ (အားလုံးထိုင်ပြီး) ...

– ပေါလ်– ‘ကျွန်တော်နာမည်–ပေါလ်–ပါ ကိုစွန်ရဲကားကို ကျွန်တော် ပြန်ဝယ်ချင်လို့ပါ...’

🎬 (ခွေး + မှန် နှင့် ရိုး – သို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပုံကို ပြန်ရန်) ...

– မှန် – ‘ဒေါ်လာ–နဲ့ ဝယ်မှာလား ...’

– ပေါလ်– ‘ခင်ဗျာ...’

– ရိုး – ‘ခင်ဗျားက–နိုင်ငံခြားသားမို့လား ...’

– ပေါလ်– ‘ဟာ မဟုတ်ပါဘူး ကျွန်တော် မြန်မာနိုင်ငံသားပါပဲ–နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာပါ...’

– ခွေး – ‘ဒီကားက ရှေးဟောင်းပစ္စည်းဗျ–ခင်ဗျားလိုချင်ရင်တော့–ဈေးကြီးကြီး ပေးရလိမ့်မယ်...’

– ပေါလ်– ‘ဒါ–ရှေးဟောင်းပစ္စည်းလို့ ခင်ဗျားကို ဘယ်သူက ပြောတာလဲ’

– ခွေး – ‘ကျုပ်ကို ရောင်းတဲ့သူက ပြောတာပေါ့...’

– ပေါလ်– (ရယ်ရင်း) ‘ဒီလိုပါ ကိုစွန်ရဲ–ဒီကားက ကျွန်တော့်အဖေ စီးခဲ့တဲ့ကားပါ–သူ့သက်တမ်းက နှစ်(၂၀)လောက်ပဲ ရှိပါသေးတယ်–ရှေးဟောင်း မဟုတ်ပါဘူး ...’

– ခွေး – ‘ခင်ဗျားက–ဘယ်လောက်ပေးမှာလဲ...’

– ပေါလ်– ‘အဖေ့ကား ကျွန်တော့်ကိုပေးမယ်ဆိုရင် အခု ကျွန်တော်စီးလာတဲ့ကား ခင်ဗျားကို ပေးခဲ့မယ်...’

🎬 ကိုပေါလ်၏ကားကို လှမ်းကြည့်ကြ (အဖိုးတန်ကား – ပြရန်) ...

– ပေါလ်– ‘ခင်ဗျား မနာပါဘူးဗျာ–ခင်ဗျားဝယ်ထားတာ အလွန်ဆုံး (၃၀)ပေါ့ ကျွန်တော့်ကားက–(၁၅၀)လောက် တန်တာပါ...’

– ခွေး – အင်း–ကျုပ်က ဒေါ်လာနဲ့ ရောင်းချင်တာဗျ...’

– ပေါလ်– ‘ကဲဗျာ–ကျုပ်ကားအပြင် နောက်ထပ် (၁၀)သိန်းအလိုက်ပေးမယ် ဆိုရင်–ပေးမလား ...’

▲▼▲▼▲▼▲▼




ရိုက်ကွင်းနေရာ – ကုမ္ပဏီရုံးခန်း (တွင်း/နေ့)
ပါဝင်သူများ – ဦးကျော်ဇော၊ ဦးအောင်ခန့်၊ ဘခက်။

http://www.cherrythitsar.org



🎬 ဦးအောင်ခန့် CU မှ စ,ရန် (ရယ်သော ဟန်) ...

– ခန့် – 'ဟား–ဟား–ဟား–ကျုပ် မရယ်ဘူးနော်...'

– ဇော – 'သိတယ်–ခင်ဗျား ကျုပ်ကို ပြောတော့မယ်ဆိုတာသိတယ်–ဒါဟာ တော်တော် ဖြစ်နိုင်ခဲတဲ့ကိစ္စဗျ–ဒီကားမျိုးကို ဘယ်သူမှ ဒီလိုအလိုက် ပေးပြီး လဲမှာမဟုတ်ဘူး ...'

– ခန့် – 'အော်–ဟိုလူကလဲ–သူ့အဖေ–စီးခဲ့တဲ့ကားကို အမှတ်တရလိုချင်တာ ဆိုတော့–တောင်းသလောက်ပေးပြီပေါ့ဗျ...'

– ဇော – 'အဲဒါလဲ–ကံပေါ့ဗျာ–သူ့စွမ်းရည်ကြောင့်–တိုးပွားတာ မဟုတ်ပါဘူး'

– ခန့် – 'ဘာပဲဖြစ်ဖြစ်လေ–ခုချိန်ထိတော့–အိမ်နဲ့ကားနဲ့–ပိုက်ဆံနဲ့ ဖြစ်နေ တုန်းပဲ–ခင်ဗျား ပြန်တွက်ကြည့်–ခုချိန်မှာ–ဒီကောင်–ကျုပ်တို့ သိန်း တစ်ရာကို ပြန်ပေးရင်တောင် သူ့လက်ထဲမှာ အိမ်တစ်လုံးလောက် တော့ ကျန်နေသေးတယ် ...'

– ဇော – 'လူမိုက် ကံကောင်းပါဗျာ...'

🎬 (ထိုစဉ် ဘခက် ဝင်လာ) ...

– ခက် – 'ကံမကောင်းတော့ဘူးဆရာ–တော်တော်ကံဆိုးသွားပြီ...'

– ခန့် – 'ဟေ–ဘာဖြစ်လာပြန်ပြီလဲ...'

– ခက် – 'မောင်ခွေး ကားကိုပြန်ရောင်းလိုက်တာ သိန်းနှစ်ဆယ်ပဲ ရလိုက်တယ်'

– ဇော – 'ဟေ–(၁၅၀)လောက် တန်တာဆို...'

– ခက် – 'သူ့ဒရိုင်ဘာက အုတ်နံရံကို ဝင်တိုက်လိုက်တာလေ–အိမ်ကိုလဲ (၁၀)သိန်းလောက် လျော်လိုက်ရတယ်–ကားကိုလဲ ရတဲ့ဈေးနဲ့ ပြန်ရောင်းလိုက်ရတယ်...'

– ဇော – (ခန့်ဘက်လှည့်၍) 'ကဲ–တွေ့တယ်မို့လား–ကံဆိုတာ အမြဲတမ်း မကောင်းနိုင်ပါဘူး ...'

– ခန့် – 'ဘာလဲ...'

– ခက် – 'ဂျပန်က တို့ပစ္စည်းတွေ ကွန်တိန်နာတစ်လုံးစာကို နားမလည်ဘဲ ဝယ်လိုက်ပြန်ပြီ ...'

– ခန့် – 'ဟင်–ဒုက္ခပါပဲ–ဘယ်သူမြှောက်ပေးလိုက်ပြန်ပြီလဲ...'

– ခက် – 'ဘယ်သူရှိရမှာလဲ ဆရာရယ်–လူလည် သာခုပဲပေါ့...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org





ရိုက်ကွင်းနေရာ – ဆိုင်တစ်ဆိုင် (တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ သာရု၊ လေသန်း၊ ပွဲစားနှစ်ယောက်။

🎬 (ဆိုင်/စားပွဲ) ဝီစကီပုလင်းမှ Z:Out(ခု + လေ နှင့် ပွဲစားနှစ်ယောက် အရက်ဝိုင်း) ...

– ပွဲ(၂) – 'ကျေးဇူးတင်ပါတယ်–ကိုသာခုရယ်–ခင်ဗျားကို ကျွန်တော်ထိုင်တောင် ရှိခိုးချင်ပါတယ်...'

– ပွဲ(၁) – 'ဟုတ်တယ်ဗျ–အဲဒီ ကွန်တိန်နာသာ–ရောင်းမထွက်ရင် ကျုပ်တို့ဘဝပျက်ပြီ ရှိစုမဲ့စုလေး စုပြီး ဝယ်လိုက်ကြတာ ဘယ်လိုမှ ပြန်ထုတ်လို့ မရတော့ဘူး–ငါးသိန်းအရှုံးခံပြီး–ရောင်းတာတောင် ဘယ်သူမှ မဝယ်ကြဘူးဗျာ...'

– လေ – 'အခုလဲ–ခင်ဗျားတို့ ရှုံးတာပေါ့...'

– ပွဲ(၂) – 'ရှုံးတာပေါ့ဗျာ–ဒါပေမဲ့–ဒီလောက်အရှုံးလေးနဲ့ပဲ လက်ထဲက ထွက်သွားတာ–ခင်ဗျားတို့ ကျေးဇူးပါ...'

– ခု – 'ရှုံးမယ့်ပစ္စည်းကိုမှ ရွေးဝယ်ရတယ်လို့ဗျာ...'

– ပွဲ(၁) – 'အဲဒီထဲမှာက–တစ်ပတ်ရစ်ပစ္စည်းအဟောင်းတွေဗျ–ဘာတွေပါမယ်ဆိုတာ သိတာမဟုတ်ဘူး–မှန်းပြီးဝယ်ရတာ–ခု–တလော ဝင်လာတာက အစုတ်အပြတ်တွေချည်းပဲဆိုတော့ ဘယ်သူမှ မလိုချင်ကြတော့ဘူး–အဲဒါကြောင့် ကျုပ်တို့လဲ မဖွင့်ရဲပဲ ပြန်ထုတ်ပစ်လိုက်တာဖွင့်လိုက်မှ အစုတ်တွေချည်းပဲ ထွက်လာရင် ဒီထက်ပိုရှုံးမှာဗျ...'

– ခု – 'ဟင်း–ဟင်း–ကျုပ်တို့သူဌေး ဝယ်ချင်အောင် ကျုပ်အာပေါက်အောင်ပြောခဲ့ရတာဗျ...'

– လေ – 'ဟေ့ကောင်–ငါလဲ–ပါ–ပါတယ်ကွ...'

– ပွဲ(၂) – 'အေးပါဗျာ–နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ်–ကဲ–သောက်ကြပါဦး–လိုတာလဲ ထပ်မှာကြပါ...'

🎬 ထိုစဉ် ဆိုင်တွင်းသို့ မောင်ခွေးဝင်လာ – (မောင်ခွေးကိုမြင်၍) လေ + ခု လန့်သွား ...

– ခွေး – 'ဟာ–ရှာလိုက်ရတာကွာ...'

– လေ – 'ဟာ–ဟေ့ကောင်–ငါ–ဟို–ငါ မဟုတ်ဘူးနော်–ဒီကောင်'

– ခု – 'ဟေ့ကောင်–ငါ–မဟုတ်ဘူးကွ–သူ–သူလဲပါတယ်...'

– လေ – 'မဟုတ်ဘူး–ငါ က သူ့ကြောင့်ပါတာ–ဟာ မပါဘူး ...'

– ခွေး – 'ဟေ့ကောင်တွေ–ဘာဖြစ်နေကြတာလဲ–ခင်ဗျားတို့နှစ်ယောက်ပါ ရှိနေကြတော့–အတော်ပဲဗျာ–ဒီည–ခင်ဗျားတို့ဝိုင်းကို ကျွန်တော်ရှင်းပါရစေ...'(စားပွဲထိုးကိုခေါ်–ထပ်မှာ)

– လေ – (အံ့သြနေ) – 'ဟေ့ကောင်–မင်း ဘာဖြစ်လာတာလဲ...'

– ခွေး – 'မင်းတို့နှစ်ယောက်ကို ဂုဏ်ပြုချင်လို့ လိုက်ရှာနေတာကွ–ဟဲ ဟဲ မင်းတို့ကြောင့် ငါ သိန်းငါးဆယ် မြတ်လိုက်တယ်...'

http://www.cherrythitsar.org



– ခု – 'ဘာ–ဘယ်လို...'

– ခွေး – 'ခင်ဗျားတို့ ကွန်တိန်နာကြီးလဲ ဖောက်လိုက်ရော–အထဲမှာ ပစ္စည်းကောင်းတွေချည်းပဲဗျို့–ပစ္စည်းတွေကိုကြည့်ပြီး ချက်ချင်း ကျုပ်ကို ငါးဆယ် အမြတ်လာပေးတာ–ဟဲ–ဟဲ–လောဘကြီးမနေတော့ဘူးဗျို့–ကျုပ်ရောင်းလိုက်တယ်...'

– ပွဲ(၁) – 'ဗျာ–သိန်း–ငါး–ဆယ်...'

🎬 (မေ့လဲသွား) (ဝိုင်းပြုစုကြရပုံ–ပြရန်) ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


## အခန်းစဉ် ၃၆

ရိုက်ကွင်းနေရာ – ဟိုတယ် (တွင်း/နေ့)
ပါဝင်သူများ – ဦးကျော်ဇော၊ ဦးအောင်ခန့်။

http://www.cherrythitsar.org



ကျောခိုင်း၍ (အတွေးကိုယ်စီနှင့်) ရပ်နေကြသော (ခန့် + ဇော) နှစ်ယောက် Wide၄ ကဒ် ပြရန် ...

– ခန့် – 'ဒါဟာ–ကံကြောင့်ပဲလို့–ခင်ဗျား ပြောဦးမှာလား ကိုကျော်ဇော'

– ဇော – 'ဒီကောင်လေးက–စီးပွားရေးကို လုံး၀နားမလည်ဘူးဆိုတာတော့ ခင်ဗျားသိပါတယ်...'

– ခန့် – 'ဒါပေမဲ့–အခု စာရင်းတွက်ကြည့်လိုက်ရင်–သူပိုင်ဆိုင်တဲ့ ငွေကြေးဟာ သိန်း(၂၀၀)လောက် ဖြစ်နေပြီလေ–ခင်ဗျားနဲ့ကျုပ်နဲ့ လောင်းခဲ့ကြတဲ့ အငြင်းအခုန်က–ဘာလဲ...'

– ဇော – 'ဟဲ–ဟဲ ကျုပ်မှတ်မိပါတယ်–အဲဒီကောင်လေးကို သိန်းတစ်ရာ ပေးလိုက်ရင်–ဘာဖြစ်သွားမလဲ...'

– ခန့် – 'ကျုပ်က–ချမ်းသာသွားမယ်လို့ ပြောတယ်–ခင်ဗျားက ပျက်စီးသွားမယ်လို့ ပြောခဲ့တယ်လေ...'

– ဇော – 'အေးလေ–အခု သူချမ်းသာလာသလို ပျက်လဲပျက်စီးနေတာပဲဗျ ကျုပ်တို့ဘယ်သူမှ မနိုင်သေးပါဘူး–ဟဲ–ဟဲ–ဟဲ...'

(နှစ်ယောက်ပြိုင်တူပြောမိ) 'စောင့်ကြည့်လိုက်ပါဦး ...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# အခန်းစဉ် ၃၇

ရိုက်ကွင်းနေရာ – စားသောက်ဆိုင် (တွင်း/ည)
ပါဝင်သူများ – မောင်ခွေးတို့အဖွဲ့၊ ဦးအေးဖေ၊ ပွဲစား။

http://www.cherrythitsar.org



မောင်ခွေးတို့အဖွဲ့ (သောက်စားပျော်ရွှင်နေကြပုံ) ပြရန် ...

မောင်ခွေး (စားပွဲထိုးကို–တစ်ခုမှာ–မုန့်ဖိုးတစ်ခါပေး) လုပ် (စားပွဲထိုးများဝိုင်း) နေပုံပြရန် ...

မျက်မှန်က မနေနိုင် ဝင်ပြော ...

– မှန် – 'ဟော့ကောင်–အားလုံးပြီးလို့ ငွေရှင်းတဲ့ အချိန်ကြမှ မုန့်ဖိုးပေးရတာ ကွ–မင်းက နဲနဲလွန်လွန်းနေပြီ...'

– ရိုး – 'ဟာ–ဘာဖြစ်လဲကွ–သူများတွေက တစ်ခါပဲ ပေးတယ်–ငါတို့က– ခဏခဏ ပေးတယ်–ဘာဖြစ်လဲ...'

– လေ – 'သူဌေးကြီး ဦးစွန်ရဲက–သူများတွေနဲ့ မတူဘူးလေ...'

– မှန် – 'ဟင်း–မင်းတို့ကလဲ–ဝိုင်းမြှောက်နေသလိုပဲ...'

– ခွေး – 'အော်–မျက်မှန်ကလဲ–သူတို့ ဟုတ်တာပြောတာ–ပြောပါစေ'

ထိုစဉ် (မြေကွက်ပွဲစား)နှင့် ဦးအေးဖေ ဆိုသူ ဆိုင်ထဲဝင်လာ–ပွဲစားက မောင်ခွေးကို တွေ့ ...

– ပွဲ – 'ဟာ–ဦးစွန်ရဲတို့ပါလား–နေကောင်းတယ်နော်...'

– ခွေး – 'ဟုတ်ကဲ့ မတွေ့တာတောင် ကြာပြီနော်...'

(ပွဲစား ဦးအေးဖေကို ပြော) ...

– ပွဲ – 'အော်–ဆရာ–ဒါ သူဌေးကြီးဦးစွန်ရဲ တဲ့–ဦးစွန်ရဲ–ဒါ လုပ်ငန်းမျိုးစုံ လုပ်နေတဲ့–သူဌေးကြီး ဦးအေးဖေ–ပါ...'

– ဖေ – 'ဟုတ်ကဲ့–တွေ့ရတာ ဝမ်းသာပါတယ်–(လိပ်စာကဒ်ပြားပေးသော Plot ထည့်လိုက ထည့်ရန်) ကျွန်တော်ကတော့ လုပ်ငန်းမျိုးစုံပဲဗျ ဦးစွန်ရဲ–ကရော–ဘာတွေလုပ်လဲ...'

– ခွေး – 'အဲ–အို (ဘာပြောရမှန်းမသိ/ လေသန်းကိုမေး)–ဟော့ကောင်–ငါတို့ လုပ်ငန်းက ဘာလဲ...'

– လေ – (ဝင်ပြီး) 'ကျွန်တော်တို့လဲ–အဲဒါကိုပဲ စဉ်းစားနေတာ–လက်ထဲမှာ ငွေတွေက ပိုနေတယ်လေ–ဟဲ–ဟဲ အဲဒါ ဘာစ,လုပ်ရရင် ကောင်းမလဲ လို့ ကျွန်တော်တို့ ဟို ရှေ့နေတွေနဲ့ တိုင်ပင်နေတာပါ...'

– မု – (ကပ်ပြော) 'ဟဲ့ကောင်–အကြံပေးအဖွဲ့နဲ့တိုင်ပင်တာပါကွ...'

– လေ – 'ဟဲ–ဟဲ–ဟုတ်ကဲ့–ဟို ကျွန်တော်တို့အကြံပေးအဖွဲ့ထဲမှာ...ရှေ့နေတွေ ဘာတွေလဲ ပါ ပါတယ်...ဟဲ–ဟဲ...'

– ဖေ – 'အေးဗျာ လုပ်ငန်းနဲ့ပတ်သက်လို့–အကူအညီလိုရင်လည်း ပြောပါ တိုင်ပင်စရာရှိရင်လည်း လာတိုင်ပင်နိုင်ပါတယ်–ခင်ဗျားတို့လို

http://www.cherrythitsar.org


လူငယ်တွေ–လုပ်ငန်းအကြီးကြီးတွေ လုပ်ကြတာ–ကျွန်တော်တော့ သိပ်ဝမ်းသာတယ်ဗျာ–အားလဲပေးပါတယ်–ကျွန်တော့်ရုံးခန်းကိုလဲ လာခဲ့ကြပါဦး–ကျွန်တော်–ဖိတ်ခေါ်ပါတယ်...'

- ဦးအေးဖေ နှုတ်ဆက် (တစ်ဖက်ဝိုင်းသို့) ထွက်သွား – မောင်ခွေးတို့ ကျန်ခဲ့ ... (တစ်ယောက်တစ်ပေါက်ပြော) ...

– မှန် – 'မင်းကလဲ–ဘာတွေလျှောက်ရှိုးနေမှန်း မသိဘူး–ရှေ့နေတွေရော ဘာတွေရော–စုံနေတာပဲ...'

– စု – 'အေးလေ–ရှေ့နေနဲ့တိုင်ပင်ရအောင်–မင်းမှာ အမှုဖြစ်နေလို့လား'

– လေ – 'အော်–မင်းတို့ကလဲ အပြစ်တင်ဖို့ပဲ–ဟန်ကိုယ့်ဖို့ကွ ငါတို့ကို အထင်မသေးအောင် နဲနဲ ကြီးကြီးကျယ်ကျယ်တော့ ပြောရတာပေါ့...'

– ရိုး – 'အေးကွ–မင်းက သူဌေးသာပြောတယ်–ဘာလုပ်လဲ မေးတော့လဲ ဖြေစရာမရှိဘူး ...'

– ခွေး – 'အေး–ငါလဲ အဲဒါ စဉ်းစားနေတာ–ငါတို့ အလုပ်လေးတစ်ခုတော့ လုပ်ထားရင် ကောင်းမယ်...'

– စု – 'မင်းက–ဘယ်လုပ်ငန်းကို–နားလည်လို့လဲ...'

– ခွေး – 'နားလည်တဲ့လူတွေ လုပ်နေတဲ့ထဲမှာ ရှယ်ယာထည့်ထားလိုက်ရင်လဲ အလုပ်ပေါ့ကွ–ခုန ဦးအေးဖေကို ငါ စိတ်ဝင်စားတယ်ကွာ–သူနဲ့ တိုင်ပင်ကြည့်ရင် ကောင်းမယ်ထင်တယ်...'

– မှန် – 'အေး–ငါလဲ–အဲဒါ အကြံပေးမလို့ပဲ...'

– လေ – 'ဟာ မင်းကလဲ သူများပြောပြီးရင် လိုက်ပြောပြီ...'

– မှန် – 'အော်–ငါက စဉ်းစားနေတုန်း ဒီကောင်က အရင်ပြောသွားတာကိုး ဟဲ–ဟဲ...'

(ပျော်ရွှင်စွာ–တစ်ယောက်တစ်ခွန်း စ,နေကြပုံ ပြရန်) ...

- စားပြီး ပိုက်ဆံရှင်း–ဘခက်ကို ခေါ်ရှင်းခိုင်းသော Plot ထည့်လိုက ထည့်ပါ ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# အခန်းစဉ် ၃၈

| | | |
|---|---|---|
| ရိုက်ကွင်းနေရာ | – | ဦးအေးဖေ ရုံးခန်း (တွင်း/နေ့) |
| ပါဝင်သူများ | – | မောင်ခွေး၊ လေသန်း၊ ကောက်ရိုးနှင့် ဦးအေးဖေ၊ (ဦးအေးဖေ– တပည့်)။ |

http://www.cherrythitsar.org



- ခမ်းနားကြီးကျယ်သော ရုံးခန်းကြီးတွင်းသို့ (မရဲတရဲ) ဝင်လာသော (ခွေး + လေ + ရိုး) ...

- ရုံးခန်း Location အရ မောင်ခွေးတို့ အထင်ကြီးအောင် အသေးစိတ်ပြရန် ...

- ရုံးခန်းအတွင်း မောင်ခွေးတို့ထိုင်စောင့် (ပစ္စည်းကောင်း) များ မသုံးတတ်ပုံ Plot များ ထည့်ရန်) အတွင်းခန်းမှ ဦးအေးဖေ ထွက်လာ ...

– ဖေ – 'ဟာ–ကိုစွန်ရဲတို့ပါလား–ကြိုဆိုပါတယ်ဗျာ–လာမယ်ဆို–Ph: လေး ဘာလေး ကြိုဆက်လိုက်တာ မဟုတ်ဘူး'

– ရိုး – 'ဟဲ–ဟဲ–ဖုန်းမှ မရှိတာ...'

– လေ – (တံတောင်နှင့်တွတ်) 'ဖုန်းက အရောင်မကြိုက်လို့ ပြန်ရောင်းလိုက်တာလေ–ဟဲဟဲ–ပြန်ဝယ်မလို့ဟာကလည်း–စိတ်ကြိုက်မတွေ့သေးတာနဲ့–နော်...'

– ခွေး – (ဖြတ်ပြော) 'ဟို–ဒီလိုပါ ဦးအေးဖေ ကျွန်တော့်မှာ ပိုက်ဆံ.....လောက်ရှိပါတယ်–အဲဒါ–အလုပ်လေးတစ်ခုလောက် လုပ်ချင်လို့ပါ...'

– ဖေ – 'ဟာ–ကူညီရမှာပေါ့...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org






ရိုက်ကွင်းနေရာ – ကုမ္ပဏီ (တွင်း/နေ့)
ပါဝင်သူများ – ဦးကျော်ဆော၊ ဦးအောင်ခန့်၊ ဘခက်။

http://www.cherrythitsar.org



🎬 ဦးကျော်ဇော CUမှ စ,ရန် ...

– ဇော – '.....သိန်း–ရှယ်ယာထည့်လိုက်တယ်–ဟုတ်လား ...'

– ခက် – 'ဟုတ်တယ်ဆရာ–အလုပ်မရှိ အကိုင်မရှိ သူဌေးဆိုတာထက် အလုပ်နဲ့ အကိုင်နဲ့ သူဌေးဆိုတာ ပိုကောင်းတယ်–လို့ ကျွန်တော့်ကို ပြောလိုက်တယ်...'

– ခန့် – 'မောင်ခွေးက ပြောတာလား ...'

– ခက် – 'ဟုတ်ကဲ့...'

– ခန့် – 'ကဲ–တွေ့တယ်မို့လား–ကျုပ်လူက တိုးတက်ပြောင်းလဲလာပါပြီဗျ...'

– ဇော – 'ကြိုမပြောပါနဲ့ဦး–ဒီတစ်ခါလဲ–ဘေးက ဘယ်သူမြှောက်ပေးလဲမှ မသိတာ...'

– ခက် – 'ဒီတစ်ခါတော့ ဘယ်သူမှ မြှောက်ပေးတာမဟုတ်ဘူး ဆရာ–သူ့ဆုံးဖြတ်ချက်နဲ့ သူလုပ်တာ...'

– ဇော – 'အေးလေ–ထားပါတော့–နောက်ကော–ဘာတွေ ပြောင်းလဲနေသေးလဲ...'

– ခက် – 'သူတို့–အိမ် လိုက်ရှာနေကြတယ် ဆရာ...'

– ခန့် – 'အိမ်–အိမ်က ဘာအတွက်လဲ...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၄၀

ရိုက်ကွင်းနေရာ – ဆိုင်တစ်ဆိုင် (တွင်း/နေ့)
ပါဝင်သူများ – မောင်ခွေး (သူငယ်ချင်း)၊ ဦးအေးဖေ တပည့်။

http://www.cherrythitsar.org



🎬 ဦးအေးဖေတပည့် CU မှ စ,ရန် ...

– တပည့်– 'ဂုဏ်သိက္ခာအတွက်ပေါ့ဗျာ–ကျုပ်တို့ကုမ္ပဏီရဲ့ ရှယ်ယာဝင် တစ်ယောက်ဟာ–လူရိုသေ ရှင်ရိုသေဖြစ်ဖို့လိုတယ်–အဆင့်အတန်း ရှိဖို့လိုတယ်ဗျ–အဲဒါကြောင့် ခင်ဗျားကို Ph: ရှိတဲ့ အိမ်ကောင်း ကောင်းမှာ နေပါလို့ပြောတာ...'

– ခွေး – 'ဟုတ်ပါတယ်–ကျွန်တော် သဘောပေါက်ပါတယ်–ကျုပ်အတွက် ခင်ဗျားကိုယ်တိုင် အချိန်ကုန်ခံပြီး အိမ်ရှာပေးနေတာလဲ ကျေးဇူး တင်ပါတယ်ဗျာ...'

– တပည့်– 'ရပါတယ်–ဆရာဦးအေးဖေက လိုတာ အကုန်လုပ်ပေးလို့ ကျွန်တော့် ကို မှာထားလို့ပါ–ကျွန်တော်ကလဲ–အချိန်သိပ်ရတာ မဟုတ်ဘူးဗျ (ထိုစဉ် တပည့် Hand Ph: မြည်လာ)–ဟဲလို...အော်–အေး–ဟုတ်ပြီ ငါတို့ အခု လာခဲ့မယ်...'

'ကဲ အိမ်ရှင်ရောက်နေပြီတဲ့ ခင်ဗျားတို့ သွားကြည့်လို့ ရပြီ...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# အခန်းစဉ် ၄၀ က

ရိုက်ကွင်းနေရာ – ငွေလှိုင်ထွန်း အိမ် (တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး (သူငယ်ချင်း)၊ ငွေလှိုင်ထွန်း+မိန်းမ။

http://www.cherrythitsar.org



🎬 အိမ် – L.S ပေါ်တွင် အသံ O/L ကြိုပေးထားပြီးမှ အိမ်တွင်း ပြရန် ...

– ခွေး – 'အင်း–ကြိုက်ပါတယ်–ဈေးကရော ဒီအတိုင်းပဲလား ...'

– ငွေ – 'ဈေးကတော့ ဒီအတိုင်းပဲဗျ–တစ်လ နှစ်သိန်းနဲ့ ခြောက်လစာ ကြိုပေးထားရလိမ့်မယ်...'

– ခွေး – 'အင်း ဟုတ်ပြီလေ–ကျုပ်တို့ ဘယ်နေ့လောက် ပြောင်းလာလို့ ရမလဲ...'

– ငွေ – 'ကျွန်တော်တို့ မနက်ဖြန် အပြီးရှေ့လိုက်ရင် သဘက်ခါဆို ခင်ဗျားတို့ ပြောင်းလို့ ရပါပြီ...'

– ခွေး – ဟုတ်ပြီလေ–ဒါဆို ကျွန်တော်တို့ အလုပ်ဖြစ်ပြီပေါ့...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၄၇

ရိုက်ကွင်းနေရာ – ငွေလှိုင်ထွန်း အိမ် (အပြင်အဆင်အသစ်)
(တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ရွေး၊ ကောက်ရိုး၊ လေသန်း၊ ဦးစောနိုင်။



http://www.cherrythitsar.org



🎬 Ph: CU မှ Z:Out (လေသန်း) Ph: ပြောနေ ...

– လေ – 'ဟဲလို–အေး–ဘယ်သူလဲ–ဟင်–အေး ဟုတ်တယ်–ငါ လေသန်းပါ–ဟင်–ကြားလား–ဟော့ကောင်–ကျယ်ကျယ်ပြောကွ–မကြားရဘူး–ဟင်–ဘယ်သူလဲ–အေးလေ–ငါက လေသန်း–မင်းက–ဘယ်သူလဲ'

– ခွေး – 'ဟော့ကောင်–မင်း ဘယ်သူနဲ့ပြောနေတာလဲ'

– လေ – 'မသိဘူးလေ–မေးနေတာလဲ မဖြေဘူး' (Ph: ချလိုက်)

– ခွေး – 'မင်းက–ဆက်တာ မဟုတ်ဘူးလား'

– လေ – 'ဟုတ်တယ်လေ–Ph: ဆက်ချင်တာနဲ့–Ph: နံပါတ်တစ်ခု ကောက်နှိပ်လိုက်တာ–ဘယ်သူမှန်းလဲ မသိဘူး–မေးလို့မရဘူးကွ'

– ခွေး – 'ဟာ'

🎬 ထိုစဉ် ကောက်ရိုး (အတွင်းခန်းမှ) ထွက်လာ ...

– ရိုး – 'အိမ်ကြီးကတော့ ရေရေလည်လည် သားနားတယ်ကွာ–ဒီမှာ နေရရင်တော့ ဖိမ်ပဲ...'

– ခွေး – 'အေးလေ–မင်းတို့ကို လာနေပါလို့ ပြောသားပဲ...'

– လေ – 'နေချင်တာပေါ့ကွာ–ဒါပေမဲ့–ရပ်ကွက်ထဲက အိမ်ကိုလည်း ပစ်ထားလို့ မရသေးဘူးကွ...'

– ရိုး – 'ငါတို့ တစ်နေ့တစ်ခေါက်ကတော့ ရောက်နေမှာပါ–အော်–ဟော့ကောင်–မင်း ကားရော ငှားထားပြီးပြီလား–လပေးနဲ့ ငှားမယ်ဆိုတာလေ...'

– ခွေး – 'ငှားပြီးပါပြီ–ခဏနေ ရောက်လာလိမ့်မယ်...'

🎬 အဖိုးတန်ကားကြီးတစ်စီး–အိမ်ထဲဝင်လာပုံ ပြရန် ...

🎬 အိမ်ရှေ့ကားရပ်–ကားထဲမှ–ဦးစောနိုင် ဆင်းလာ (ကောက်ရိုး – အကဲခတ်) ...

– ရိုး – 'ခင်ဗျားက–ဒရိုင်ဘာလား ...'

– နိုင် – 'ဘာကွ...'

– ရိုး – 'ခင်ဗျား–ဒီကားရဲ့–ဒရိုင်ဘာလားလို့ မေးနေတာ...'

– နိုင် – 'နေစမ်းပါဦး–မင်းက ဘယ်သူလဲ...'

– ရိုး – 'My name is 'ရိုး'–ကောက်ရိုး–ဒီအိမ်ပိုင်ရှင်သူဌေးရဲ့–PA–'

– နိုင် – 'ဘယ်မှာလဲ ဒီအိမ်ပိုင်ရှင်...'

🎬 (မောင်ခွေး ထွက်လာ) ...

– ခွေး – 'ကျုပ်ပဲ"

– နိုင် – 'မင်းက ဒီအိမ်ကို ဝယ်လိုက်တာလား ...'

– ခွေး – 'မဟုတ်ပါဘူး–ငှားနေတာ...'

– နိုင် – 'ဘယ်သူ့ဆီက ငှားတာလဲ–ငွေလှိုင်ထွန်းဆီကလား ...'

http://www.cherrythitsar.org



– ခွေး – 'ဟုတ်တယ်လေ–ဘာဖြစ်လို့ပါလဲ…'
– နိုင် – 'ဒုက္ခပါပဲ–မောင်ရင်တို့ကလဲ–နဲနဲပါးပါး–မစုံစမ်းကြဘူးလား …'
– ခွေး – 'ဗျာ–ဘာ–ဘာဖြစ်လို့…'
– နိုင် – 'ဒီအိမ်ပိုင်ရှင်က ကျုပ်ဗျ–ငွေလိုင်ထွန်းက–အိမ်စောင့်–ဒီကောင် ဖဲရိုက်တယ် ကြားလို့–ကျုပ်အခု–ဒီကောင့်ကို အလုပ်ဖြုတ်မလို့လာတာ…'
– ခွေး – 'ဗျာ–အဲ–အဲဒါဆို…'
– နိုင် – 'ခင်ဗျား–ဘယ်လောက်နဲ့ငှားလိုက်တာလဲ…'
– ခွေး – 'တစ်လ–နှစ်သိန်းနဲ့ ခြောက်လစာ (၁၂)သိန်းပေးလိုက်ပြီ…'
– နိုင် – 'ကဲ–အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ…'

🎬 (တစ်ယောက်စီ အကြည့်များ SILENT – ပြရန်) …

🎬 အိမ်ဧည့်ခန်းတွင်း – ထိုင်ပြီးသား …
– နိုင် – 'မောင်ရင်တို့က ဘယ်သူ့အဆက်အသွယ်နဲ့–ဒီအိမ်ကို ငှားတာလဲ…'
– ခွေး – 'ဟို–ဦးအေးဖေရဲ့တပည့်…'
– နိုင် – 'ဦးအေးဖေ–ဟို…..က ဦးအေးဖေလား …'
– ခွေး – 'ဟုတ်–ဟုတ်ပါတယ်…'

🎬 ဦးစောနိုင် Hand Ph: ထုတ် – ခေါ် …
– နိုင် – 'ကိုအေးဖေလား–ကျုပ် စောနိုင်ပါ–ဒီမှာဗျာ–ခင်ဗျားမိတ်ဆွေ ကိုစွန်ရဲ–ဆိုတာ–ကျုပ်အိမ်ကို ငှားထားလို့–အေး–ဟုတ်တယ်–ကျုပ်ဆီက ငှားတာမဟုတ်ဘူး–ကျုပ် အိမ်စောင့် ထား,ထားတဲ့ကောင်က–သူ့ကိုယ်သူ အိမ်ရှင်ဆိုပြီး–ငှားသွားတာ–အေးဗျာ–ဟုတ်တယ်–အေးလေ–အဲဒါပြောတာပေါ့–အေးပါဗျာ–ကျုပ် အဆင်ပြေအောင်တော့ ကြည့်လုပ်ပေးလိုက်ပါ့မယ်…' (Ph: ပြန်ပိတ်)
'ဒီလိုကွ–ဦးက ဒီအိမ်ကို–ရောင်းတော့မှာ–အားလုံး ပြောပြီးဆိုပြီးနေပြီ…'
– ခွေး – 'ဟာ–ကျွန်တော်တို့လဲ–ပထမက ဝယ်ဖို့မေးတာပါ–အဲဒီလူက မရောင်းနိုင်ဘူးဆိုလို့–ငှားလိုက်ရတာ…'
– နိုင် – 'အေးပေါ့–သူက ရောင်းလို့မှ မရတာ–အစောကြီးထဲကဗျာ ကျုပ်နဲ့ ဆက်သွယ်မိရင်–ပြီးပြီ…'
– ခွေး – 'ဟို–ဒီလိုလုပ်ပါလား ဦးရယ်–တခြားလူကို ရောင်းမယ့်အစား ကျွန်တော်တို့ကို ရောင်းလိုက်လို့ မရဘူးလား …'
– နိုင် – 'ဟာ–ဟိုဘက်က ပြောပြီးဆိုပြီးနေပြီ…'
– ခွေး – 'ကူညီပါဦး ဦးရယ်–ကျွန်တော်တို့မှာလဲ–ဒီအိမ်လိပ်စာနဲ့ ဒီ Ph: နဲ့ လိပ်စာကဒ်တွေ ဘာတွေ ရိုက်ပြီးနေပြီ–လူတွေလဲ သိပြီးနေပြီဆို

http://www.cherrythitsar.org



တော့–ဒီကနေ အခြားကို မရွှေ့ချင်တော့လို့ပါ...'

– နိုင် – 'ဟင်း ဒုက္ခပါပဲ' (ဦးစောနိုင်စိတ်ရှုပ်စွာ–စဉ်းစားနေ–) (သက်ပြင်းချရင်း) 'ကဲ–ဒါဆိုရင်–မောင်ရင်တို့က–ဒီအိမ်ကို ဘယ်လောက်မှန်းလဲ...'

– ခွေး – 'ဟို–ကျွန်တော့်လက်ထဲမှာ–တစ်ရာလောက်တော့ ရှိပါတယ်'

– နိုင် – 'ဟာ–မောင်ရင်ကလဲ–ဒီအိမ်က အနည်းဆုံး–သုံးရာလောက်တန်တဲ့ဥစ္စာ...'

– ခွေး – ဒီလိုလုပ်ပါ ဦး–ခုလောလောဆယ်–ဦး ရောင်းမယ်ဆိုရင် ကျွန်တော့်မှာ–ငွေသားသိန်းတစ်ရာရယ်–သဃ်န်းကျွန်းမှာ ပျဉ်ထောင်အိမ်လေးတစ်လုံးရယ်–ရှိပါတယ်–အဲဒါကို ယူထားပါ ကျန်တဲ့ပိုက်ဆံကို–ကျွန်တော် တဖြည်းဖြည်း–ပေးသွားပါ့မယ်–ဦးအေးဖေဆီမှာလည်း–ကျွန်တော် ရှယ်ယာထည့်ထားတာ ရှိပါသေးတယ်...'
(ဦးစောနိုင် – အဖြေမပေး – စဉ်းစားနေ)

– လေ – 'ဖြစ်နိုင်ရင်–ကူညီပါ ဦးရယ်–ကျွန်တော်တို့ကိုလည်း ယုံပါ...'

– နိုင် – 'အေးလေ–ကျုပ်ကတော့–ဟိုဘက်မှာ မျက်နှာပျက်ပြီပေါ့–ကဲပါလေမထူးပါဘူး–မနက်ဖြန်ကျရင်–ဦးအေးဖေကိုပဲ သက်သေလုပ်ပြီးကျုပ်တို့–အရောင်းအဝယ်စာချုပ်ချုပ်ကြတာပေါ့...'

– ခွေး – 'ဟုတ်–ဟုတ်ကဲ့–ကျေးဇူးတင်ပါတယ် ဦးရယ်...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


# အခန်းစဉ် ၄၂

**ရိုက်ကွင်းနေရာ** – ဆိုင်တစ်ဆိုင် (တွင်း/ပြင်/နေ့)
**ပါဝင်သူများ** – မောင်ခွေး၊ သူငယ်ချင်းများ။

http://www.cherrythitsar.org



🎬 ဖန်ခွက်များ စု/ တိုက်လိုက်ကြပုံမှ Z:Out(ဆိုင်တွင်း – စားပွဲဝိုင်း)

– သူဌေးလေး ဦးစွန်ရဲ–အိုးပိုင်အိမ်ပိုင် ဖြစ်သွားခြင်း အထိမ်းအမှတ်... ချီးယား ...'

🎬 ဆိုင်အပြင်–ထွက်လာကြ/ ကားပေါ်တက် မောင်းထွက်လာကြပုံ အရှပ် (Wide) ပေါ်တွင် အသံ O/L တင်ပေးထားရန် ...

– 'ဦးစောနိုင်ကို ကျေးဇူးတင်ရမယ်ကွ–ငွေလိုင်ထွန်းလိမ်သွားတဲ့ (၁၂)သိန်းကို သူနဲ့မဆိုင်ဘဲ–လျော့ပေးသွားတာ...'

– 'ဟာ–ဦးအေးဖေမျက်နှာလဲ–ရှိနေလို့ပါကွာ...'

– 'ဟော့ကောင်တွေ–မင်းတို့က–ပြန်မှာလား ...'

– 'ပြန်မှာပေါ့–လိုက်ပို့ဦးလေကွာ...'

– 'အေးပါ–ပို့မှာပေါ့...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


| | | |
|---|---|---|
| အခန်းစဉ် | – | ၄၂/က |
| **ရိုက်ကွင်းနေရာ** | **–** | **လမ်း/ကားပေါ်/ရပ်ကွက်အဝင် (ပြင်/ည)** |
| **ပါဝင်သူများ** | **–** | **မောင်ခွေး၊ သူငယ်ချင်းများ။** |



http://www.cherrythitsar.org



🎬 (မောင်ခွေးတို့ကားပေါ်တွင် ပြောသွားကြပုံ) ...
ကားအသွား L.S အရုပ်များပေါ်တွင် အသံ O/L ပေးထားနိုင်ပါသည်။
– ခွေး – 'ဟော့ကောင်တွေ မနက် ငါ့ဆီကို Ph: ဆက်ကြဦးနော်...'
– မှန် – 'လမ်းထိပ်က စတိုးဆိုင်ကို မင်း လှမ်းဆက်လဲ ရပါတယ်–ငါတို့ နာမည်နဲ့ ခေါ်ခိုင်းလို့ရတာပဲ...'

🎬 ရပ်ကွက်ထိပ် ကားရပ် (နှုတ်ဆက်) – ကားပြန်ထွက်လာသည်အထိ ...
– ခွေး – 'မင်းတို့ပြောထားလို့လား ...'
– ဓု – 'ပြောထားတယ်–မင်းကြိုက်တဲ့အချိန် ဆက်လို့ရတယ်...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



အခန်းစဉ် – ၄၂/ခ
**ရိုက်ကွင်းနေရာ** – လမ်း (ပြင်/ည)
**ပါဝင်သူများ** – မောင်ခွေး၊ ချိုသဲ၊ ဒရိုင်ဘာ



http://www.cherrythitsar.org



🎬 လမ်းတစ်နေရာတွင် (ချိုသဲ) ကားတား – ချိုသဲ ဖြစ်နေ (မှတ်မိ) ...

– ခွေး – 'ဟင်–ချိုသဲ–ဘယ်သွားမလို့လဲ...'

– ချို – 'ဘယ်မှ မသွားဘူးလေ–အလုပ်လုပ်နေတာ...'

– ခွေး – 'ဟဲ–ဟဲ–ဈေးဦးမပေါက်သေးဘူးလား ...'

– ချို – 'ဘာရောင်းနေတာလဲဆိုတာ သိလို့လား ...'

– ခွေး – 'ဟား–ဟား–ဟား သိတယ် သိတယ်–အခုတော့ အားလုံးကို ကိုယ် သိသွားပြီ–ကဲ–ကားပေါ်တက်...'

▲▼▲▼▲▼▲▼

အခန်းစဉ်

ရိုက်ကွင်းနေရာ – အိမ်သစ် (တွင်း/ပြင်/ည)
ပါဝင်သူများ – မောင်ခွေး၊ ချိုသဲ၊ ချိုသဲယောကျာ်းနှင့်
ရပ်ကွက်လူကြီးများ။



http://www.cherrythitsar.org



- အိပ်ခန်းတွင်းထွန်းသော မီးအုပ်ဆောင်း CU – ထိုမှ Tilt Down (ပွင့်နေသော မိန်းမလက်ကိုင်အိတ်) နှင့် မိတ်ကပ်ဗူး – ထိုမှ Pan ကုတင်ပေါ်မှ တွဲလောင်းကျနေသော (မိန်းမလက်နှင့်ယောကျ်ားလက်)

- ကုလားထိုင်ပေါ်တွင် (ချွတ်ထားသော) မောင်ခွေးအင်္ကျီနှင့် စားပွဲပေါ်မှ သောက်လက်စ, အရက်ပုလင်း (နာရီ တစ်နာရီခွဲ)

- ထိုစဉ် (တံခါးထုသံများနှင့် 'အိမ်ရှင်တို့' ခေါ်သံ) မောင်ခွေး အိပ်ရာမှ လန့်နိုးလာပုံ ပြ...

* * * * * * * * * *

- မောင်ခွေး တံခါးဖွင့်လိုက်ပုံ – ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများနှင့် ယောကျ်ား ဝင်လာပုံ ...

- ချိုသဲ အခန်းထဲမှ ထွက်လာတွေ့ /စကားများကြပုံ ...

- မောင်ခွေး ကြောက်လန့်နေပုံ အရုပ်များကို PAN များဖြင့် ပြရန် ...

* * * * * * * * * *

- အားလုံး ဧည့်ခန်းတွင် ထိုင်နေကြပုံ ... (ချိုသဲ ငိုနေ) (ယောကျ်ား ဒေါသထွက်နေ) မောင်ခွေး Ph: ဆက်နေပုံ ပြရန် ...

  – ခွေး – 'ဟုတ်ကဲ့–ကျွန်တော် စွန်ရဲပါ–ကောက်ရိုးတို့ လေသန်းတို့ သာခုတို့ကို ပြောပေးပါ–ကျွန်တော့်ဆီ အမြန်လာခဲ့ပါ–လို့–ကျွန်တော် ဒီမှာ ဒုက္ခရောက်နေလို့ပါလို့–နော်–ဟုတ်ကဲ့–ကျေးဇူးပါပဲ...' (Ph: ပြန်ချ) 'ခဏလေး စောင့်ပေးကြပါခင်ဗျာ–ကျွန်တော့်သူငယ်ချင်းတွေ အခုရောက်လာပါလိမ့်မယ်–အားလုံး ကျေနပ်အောင် ဖြေရှင်းပေးပါ့မယ်...'

  – လူကြီး– 'ကဲ–ဒါဆိုလဲ ရပ်ကွက်ရုံး လိုက်ခဲ့ကြဗျာ–အဲဒီကျမှ ရှင်းကြတာပေါ့...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၄၄

ရိုက်ကွင်းနေရာ – ရပ်ကွက်ရုံး (တွင်း/ည)

ပါဝင်သူများ – မောင်ခွေး၊ ဘခက်၊ ငွေလှိုင်ထွန်း၊
ချိုသဲယောကျ်ားနှင့် လူကြီးများ။

http://www.cherrythitsar.org



🎬 (ရပ်ကွက်ရုံးတွင်–ချိုသဲယောက်ျားဆိုသူ–ဒေါပွနေ)

– ယောက်ျား– 'ကျုပ် ရှက်တယ်ဗျာ–ခင်ဗျားတို့ကိစ္စကို–တရားဥပဒေအတိုင်းပဲ ရှင်းလိုက်ကြတာ ကောင်းမယ်ထင်တယ်...'

– ခွေး – 'ကျွန်တော် တောင်းပန်ပါတယ်–အကိုရယ်–ရုံးရောက် ဂတ်ရောက်လဲ မဖြစ်ပါရစေနဲ့–အကို ကျေနပ်တဲ့အထိ–ကျွန်တော် ဖြေရှင်းပေးပါ့မယ်–ဒီမှာပဲ–ပြေလည်အောင် လုပ်ပေးပါဗျာ...'

– လူကြီး– 'အေးကွာ–မင်းကလဲ လင်ရှိမယားမှန်း မသိဘူးပြောတယ်–ဟိုမိန်းမ ကလဲ–သူ့ကို အရက်တိုက်လို့ အမူးလွန်ပြီး ဘာဖြစ်သွားမှန်း မသိ ဘူး ပြောတယ်–ယောက်ျားကလဲ မကျေနပ်ဘူး ဖြစ်နေတယ်–ဖြစ်နိုင် ရင်တော့ ဒီမှာပဲ–ပြေလည်သွားကြရင် ကောင်းမယ်ကွ–ဒီလိုအမှုမျိုး ဆိုတာ–လူသိလို့လဲ ကောင်းတာမဟုတ်ဘူး ...'

– လူကြီး– 'ကဲ ဒီလိုလုပ်ကွာ–မင်းဘက်က–နစ်နာတာ မှန်တယ်–အဲဒီတော့ လျော်ကြေးရရင် မင်းကျေနပ်မလား ...'

– ယောက်ျား– 'မင်းက ဘယ်လောက်ပေးနိုင်လို့လဲ...'

– ခွေး – 'အကို–ဘယ်လောက်လိုချင်လဲ ပြောပါ...'

– ယောက်ျား– 'ဆယ်သိန်း–ဗျ ...'

– ခွေး – 'ဗျာ–ဆယ်သိန်း ...'

– ယောက်ျား– 'မင်းက လျော်ကြေးပေးမယ်ဆိုလို့ ငါပြောတာနော်–ငါက စ, တောင်းတာ မဟုတ်ဘူး ...'

🎬 ထိုစဉ် – ဘခက်ဝင်လာ ...

– ခွေး – 'ဟာ–ကိုဘခက်–လုပ်ပါဦးဗျာ–ဒီမှာ ကျွန်တော် လျော်ကြေး ဆယ် သိန်း ပေးရမယ်တဲ့–ကျွန်တော့်လက်ထဲမှာလဲ နည်းနည်းပဲ ရှိတော့ တယ်...'

– ခက် – 'ငါ့ကို ညွှန်ကြားထားတဲ့အထဲမှာ–မင်းကို ပိုက်ဆံထပ်မပေးရဘူး ဆိုတာ–ပါတယ်ကွ...'

– ခွေး – 'ခင်ဗျားဆရာတွေဆီက ထပ်တောင်းတာ မဟုတ်ပါဘူးဗျာ–တစ်နေ ရာရာက ခဏဆွဲပေးဖို့ အကူအညီတောင်းတာပါ...'

– ခက် – 'ငါက မင်းကို ကူညီခွင့်မရှိဘူးကွ–မင်းသူငယ်ချင်းတွေကို အကူအညီ တောင်းပါလား ...'

– ခွေး – 'တော်ပါပြီဗျာ–လှမ်းခေါ်တာတောင် တစ်ကောင်မှရောက်မလာကြဘူး"

🎬 ထိုစဉ် – ငွေလှိုင်ထွန်း – ဝင်လာ ...

– ငွေ – 'အိမ်မှာ ပြဿနာဖြစ်တယ် ကြားလို့ဗျ ...'

🎬 မောင်ခွေး – တွေ့ /ဒေါကန် ...

http://www.cherrythitsar.org



– ခွေး – 'ဟာ–ဟော့လူ–လူလိမ်–ခင်ဗျားလူလိမ် ကျုပ်ကို လိမ်ပြီး ငှားတာလေ'
– ငွေ – 'အောင်မာ–ဘာပိုက်ဆံလဲ...'
– လူကြီး– 'ဟာ မောင်ရင်–ဘာတွေ ပြောနေတာလဲ...'
– ခွေး – 'အခု ကျွန်တော်နေတဲ့ အိမ်ကို ဘယ်သူပိုင်တာလဲ...'
– လူကြီး– 'ဟာ မောင်ရင်–ဘာတွေ လျှောက်ပြောနေတာလဲ...'
– ခွေး – 'အခု ကျွန်တော်နေတဲ့ အိမ်ကို ဘယ်သူပိုင်တာလဲ...'
– လူကြီး– 'သူပိုင်တာလေ'
– ခွေး – 'ဟာ–မဟုတ်ဘူး–သူက အိမ်စောင့်...'
– လူကြီး– 'ဟော့ကောင် ဘာတွေလျှောက်ပြောနေတာလဲ–ဒီရပ်ကွက် စ,တည် ကထဲက ငါနေလာတာ–ငါ အကုန်သိတယ်'
– ခွေး – 'ဗျာ–ခင်ဗျားက ပိုင်ရှင် ဒါဆို–ဦးစောနိုင်ကရော'
– ငွေ – 'ဘယ်က စောနိုင်လဲ–ငါမသိဘူး–မင်း ဒီလို ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်မယ်ဆိုရင်တော့ ငါ့အိမ်မှာ လက်မခံနိုင်တော့ဘူးကွ–ရော့–မင်း ပေးထားတဲ့ ပိုက်ဆံတွေ ပြန်ယူ မင်း ဆင်းတော့...'

🎬 မောင်ခွေး အံ့အားသင့် – ထို့နောက် တင်းသွား ...

– ခွေး – 'ဒီ ပိုက်ဆံက–ဘယ်လောက်လဲ'
– ငွေ – 'ဆယ်သိန်း'

🎬 မောင်ခွေး ပိုက်ဆံထုပ်ကို ယောက်ျားဘက် ထိုးပေး ...

– ခွေး – 'ကဲ–ရော့–အဲဒီမှာ ဆယ်သိန်း ကျေနပ်ပြီလား ...'
– ငွေ – 'ဟော့ကောင်–မင်း–ဒီပိုက်ဆံယူလိုက်ပြီဆိုရင်တော့ အိမ်ပေါ်က ချက်ချင်းဆင်းပေးရမယ်နော်...'
– ခွေး – 'ဆင်းမယ်ဗျာ–မနက်မိုးလင်းတာနဲ့ကို အိမ်ပေါ်က ဆင်းမယ်...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org






ရိုက်ကွင်းနေရာ – ကုမ္ဘဏီ (တွင်း/နေ့)

ပါဝင်သူများ – ဦးကျော်ဇော၊ ဦးအောင်ခန့်၊ ဘခက်။

http://www.cherrythitsar.org



🎬 ခန့် + ဇော + ခက် တို့ သုံးဦး ပြောဆိုနေကြပုံများကို PAN to PAN ဖြင့် ပြရန် ...

– ခန့် – 'ဟင်–ဒါဆို တကယ်ညာသွားတဲ့လူက ဦးစောနိုင်ပေါ့...'

– ခက် – 'ဟုတ်တယ်ဆရာ–ဦးအေးဖေနဲ့ ဦးစောနိုင် နှစ်ယောက်ပေါင်းပြီး ရိုက်သွားကြတာ...'

– ဇော – 'အခု–ဦးအေးဖေ–ကရော...'

– ခက် – 'ဘယ်ရှိတော့မလဲ ဆရာရဲ့–ရုံးခန်းပါ ပိတ်ပြီး လစ်ပြီပေါ့ ...'

– ခန့် – 'ဒါဆိုရင် အခု မောင်ခွေး လက်ထဲမှာ ဘာမှ မကျန်တော့ဘူးပေါ့...'

– ခက် – 'ဒါပေါ့ဆရာရယ်–အိမ်ပေါ်ကလဲ ဆင်းပေးရတယ်–ဦးအေးဖေဆီ ထည့်ထားတဲ့–ရှယ်ယာတွေလဲ ဆုံးတယ်–ဦးစောနိုင်ဆီမှာလဲ သိန်းတရာနဲ့ အိမ်တစ်လုံးပါ ပါသွားပြီဆိုမှတော့ ကုန်ပြီပေါ့...'

🎬 ဦးအောင်ခန့် CU (တစ်စုံတစ်ခုကို စဉ်းစားနေ)

🎬 ဦးကျော်ဇော CU (တစ်စုံတစ်ခုကို စဉ်းစားနေ)

🎬 နှစ်ယောက် (ငြိမ်နေကြပုံ) Wide Angle နှစ်ကဒ် ပြရန် ...

– ခန့် – 'အခု–မောင်ခွေး ဘယ်ရောက်နေလဲ...'

– ခက် – 'မသိဘူး ...ဆရာ...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org






ရိုက်ကွင်းနေရာ – ရုပ်ကွက်တွင်း (တွင်း/ပြင်/နေ့)
ပါဝင်သူများ – ရုပ်ကွက်တွင်းမှ လူစုံ။

http://www.cherrythitsar.org



- ရပ်ကွက်တွင်း တစ်ယောက်တစ်ပေါက် ပြောနေကြပုံများကို CUT BY CUT များဖြင့် ဖြစ်အောင် Dynamic ပြန်ရန် ...

– ‘ဟဲ့–မောင်ခွေး သတင်းကြားပြီးပြီလား ...’

– ‘လူလိမ်ခံရလို့ ရှိသမျှ အကုန်ပြောင်သွားပြီတဲ့...’

– ‘မိန်းမတစ်ယောက်နဲ့ရှုပ်လို့ လျော်ကြေးတွေ ပေးလိုက်ရတာဆို...’

– ‘ဟုတ်ချင်မှ ဟုတ်မှာပါအေ–ဖဲရှုံးတာလား–ဂျင်ရှုံးတာလားမှ မသိတာ...’

– ‘ငခွေး–သနားပါတယ်နော်...’

– ‘မသနားပါဘူးကွာ–ကိုယ်ညံ့လို့ ကိုယ်ခံရတာ ခံပေါ့...’

– ‘ဟဲ့–ဒါဆို–သူ့ငွေးလေး ဦးစွန်ရဲ–မဟုတ်တော့ဘူးပေါ့...’

– ‘လုပ်မနေစမ်းပါနဲ့ကွာ–ငခွေးဟာ–ငခွေးပေါ့...’

– ‘အဲဒါပြောတာပေါ့ကွ–လေထဲက လာတဲ့ ပိုက်ဆံဟာ လေထဲမှာပဲ ပြန်ပျောက်သွားတယ်...ဆိုတာ...’

– ‘နောက်ဆုံးတော့–ဒုံရင်းပဲ ဆိုပါတော့...’

– ‘ဟဲ့–ဒါဆို–ငါတို့ ခွေးကို ဟောင်ကောင်မခေါ်ရတော့ဘူးပေါ့...’

– ‘ဟား–ဟား–ဟား’ (လှောင်ရယ်သံများ) ...

- ရယ်သံများ နောက် SCENE မှ မောင်ခွေး လမ်းပေါ်လျှောက်လာပုံ အရုပ်ပေါ်တွင် O/L ပေးရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


# အခန်းစဉ် ၄၇

ရိုက်ကွင်းနေရာ – ရပ်ကွက်/လမ်း (ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ ဆယ်ပြား၊ မိန်းမကြီးနှစ်ဦး။

http://www.cherrythitsar.org



🎬 မောင်ခွေးလျှောက်လာပုံ (သနားစဖွယ်ဖြစ်အောင်) CAMERAANGLE ရွေး၍ပြပါ ...

'ဟဲ့ – ခွေး' ဆိုသော အသံကြား/ မောင်ခွေး လှည့်ကြည့် ... မိန်းမကြီးနှစ်ဦး – ခွေးမောင်းရာမှ မောင်ခွေးကို လှည့်ကြည့် (မဲ့ရွဲ့ပြီး ထွက်သွားကြ) ... မောင်ခွေး ဆက်လျှောက်လာ ဆယ်ပြား နှင့် တွေ့ ...

– ခွေး – 'ဟာ–ဟော့ကောင်–ဆယ်ပြား မင်း နေကောင်းသွားပြီလား'

– ပြား – 'ကျုပ် ဆေးရုံက ဆင်းလာတာ တစ်လလောက်ရှိပြီဗျ–ခင်ဗျားက သူဌေးဖြစ်နေပြီဆို...'

🎬 ထိုစဉ် ဈေးပြန်လာသော မိန်းမတစ်ဦး ဝင်လာ ...

– 'ဟဲ့–ဆယ်ပြား ဒီဈေးခြင်း–အိမ်ပို့ပေးစမ်းပါ...'

– ပြား – 'ငါးကျပ်ကျမယ်...'

– 'အောင်မလေးဟယ်–ငွေစကားကလဲ ပြောလိုက်တာ...'

– ပြား – 'ပြောရမယ် ကြီးဒေါ်ရေ–ဆယ်ပြား အရူးမဟုတ်တော့ဘူးဗျ–ဆယ်ပြား အကောင်းဖြစ်သွားပြီ–လူမှန်ရင် ငွေလိုတယ် လောကမှာ ဘာမှ အလကားမရဘူးဗျ–ဟဲ–ဟဲ–ဟဲ...'

– 'ဟင်း–ဆယ်ပြားမို့လို့ပဲ တမတ်လောက်ဆို အားလုံးကို ရောင်းစားသွားမှာ–ကဲ–ရော့–ရော့' (ပိုက်ဆံပေး ထွက်သွား)

– ခွေး – (ရယ်ရင်း) 'မင်းကလဲ–ဟုတ်သားပဲ အရင်တုန်းကတော့ ပိုက်ဆံဆိုတာ အမှိုက်...ဆို...'

– ပြား – 'ဟာ–အဲဒါက ရူးလို့ပြောတာ–ငွေမလိုဘူးဆိုတဲ့ကောင်ဟာ အရူးပဲ...'

🎬 ဆယ်ပြား–ပြောဆိုထွက်သွား ... မောင်ခွေး – ငေး–ကျန်နေရာမှ–ဆက်လျှောက်...'

▲▼▲▼▲▼▲▼

http://www.cherrythitsar.org






ရိုက်ကွင်းနေရာ – လက်ဖက်ရည်ဆိုင် (တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ မျက်မှန်၊ လေသန်း (အခြား)။

http://www.cherrythitsar.org



🎬 မောင်ခွေး လျှောက်လာ/ လက်ဖက်ရည်ဆိုင်ရှေ့ဖြတ် (မျက်မှန်နှင့်လေသန်းကို) တွေ့–ဝမ်းသာအားရ နှုတ်ဆက်မည်–ပြုစဉ်–လေသန်းတို့ထိုင်ရာမှ–ထ,ထွက် ...

– ခွေး – 'ဟေ့ကောင်တွေ...'

– လေ – (ယခုမှတွေ့ဟန်နှင့်) 'အော်–ဟေ့ကောင်–ဘယ်လာတာလဲ'

– ခွေး – 'ဟင်...'

– မှန် – 'မင်း–အမှုကိစ္စရော ပြီးသွားပြီလား ...'

– ခွေး – 'အေး ငါ–ငါ လျော်ကြေးပေးလိုက်ရတယ်...မင်းတို့ကလဲကွာ ငါ့ဆီကို...'

– လေ – 'အဲဒါမျိုးကိစ္စကျတော့ ငါတို့လဲ မလာချင်ဘူးကွ–သွားမယ်ကွာ–ငါတို့လဲ–သိပ်အားတာ မဟုတ်ဘူး ...'

🎬 ပြောပြီးထွက်သွားကြ – မောင်ခွေး အံ့ဩစွာကျန်ခဲ့ရာမှ–သတိရ–လှမ်းမေး ...

– ခွေး – 'ဟေ့ကောင်–တွေ–သာခု–ရော...'

– မှန် – 'ထုံးစံအတိုင်းပေါ့ကွာ–ဟိုဘက်လမ်းထိပ်မှာ...'

🎬 စကားဆုံးသည်နှင့် SCENE CHANGE ရန် ...

# အခန်းစဉ် ၄၉

ရိုက်ကွင်းနေရာ – လမ်း (ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ သာခု။

http://www.cherrythitsar.org



🎬 သာစု CU မှ Z:Out (Wide) မောင်ခွေး အနားရောက်လာတွင် သာစု (ပိုက်ဆံများ သိမ်း) ထိုင်ရာမှထ, ...

– စု – 'သာစုပါခင်ဗျာ–သာစုပါ...'

– ခွေး – 'ဟော့ကောင်...'
'မင်း ဒီအလုပ် ပြန်လုပ်နေပြန်ပြီလား ...'

– စု – 'ဟင်း–ဟင်း ဘဝဆိုတာ အစစ်ပဲ ကောင်းတယ်ကွ အတုက မကောင်းဘူး–မင်းရော အခု ဘာလုပ်နေလဲ...'

– ခွေး – 'ဘာလုပ်ရမှန်း မသိပါဘူးကွာ–အလုပ်လုပ်ဖို့ မပြောနဲ့–နေဖို့တောင် ဘယ်မှာနေရမှန်း မသိသေးဘူး ...'

– စု – 'ဟင်း–ဟင်း မင်းက သူများပြောတိုင်း ယုံလွယ်တာကိုး ...သွားပြီ ဟေ့–ငါတို့တော့ ဘာမှ မတတ်နိုင်သေးဘူး ...'

🎬 သာစု – ထွက်သွား – မောင်ခွေး ငေး/ ကျန်ခဲ့ ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org






ရိုက်ကွင်းနေရာ – မူလအိမ် (တွင်း/ပြင်/နေ့)
ပါဝင်သူများ – မောင်ခွေး၊ ကောက်ရိုး။

http://www.cherrythitsar.org



🎬 မောင်ခွေး၏မူလအိမ် L.S နှင့် CRANE DOWN (F/G မှ) မောင်ခွေး ဝင်လာ – အိမ်ရှေ့ရောက် – အထဲမှ – ကောက်ရိုးထွက်လာ ...

– ရိုး – 'ဟင်–မင်း ပြန်လွတ်လာပြီလား ...'

– ခွေး – 'ငါ–ထောင်မကျပါဘူး–လျော်ကြေးပေးလိုက်ရတာပါ...'

– ရိုး – 'မင်း အခု ဘယ်မှာနေ–တာလဲ...'

– ခွေး – 'ဘယ်မှာမှ နေစရာမရှိဘူးလေကွာ–အဲဒါကြောင့် ငါ မင်းဆီ လာတာ'

– ရိုး – (မျက်နှာပျက်သွား) 'အေးလေ–တစ်ရက်လောက်တော့ မင်းနေလို့ ရပါသေးတယ်...'

– ခွေး – 'ဟင်–ဘာ–ဘာဖြစ်လို့လဲ...'

– ရိုး – 'ငါက ဒီအိမ်ကို ရောင်းတော့မှာ...'

– ခွေး – 'ဟာ–မင်းကလဲကွာ–ငါ့ကိုတောင်...'

– ရိုး – 'ဟော့ကောင် ဒီအိမ်က ငါ့အိမ်လေ–ငါ့အိမ် ငါရောင်းတာ–ဘာဖြစ်လဲ– မရောင်းရဘူးလား ...'

🎬 မောင်ခွေး – ကောက်ရိုးကို အံ့အားသင့်စွာ ငေးကြည့်နေ (ကောက်ရိုး – ဂရုမစိုက် ဟန်ဖြင့်) ...

– ရိုး – 'မင်း–ထမင်းစားပြီးပြီလား ...'

– ခွေး – 'မစားတော့ပါဘူးကွာ–ငါသွားတော့မယ်...'

🎬 မောင်ခွေး လှည့်ထွက်လာ – ရပ်ကွက်တွင်း (စဉ်းစားရင်း) လျှောက်လာပုံကို Angle မျိုးစုံ (SLOW MOTION) ပြရန် – (ဘေးမှ ဖြတ်သွားသူများ၏ အကြည့်ပါ – ထည့်ပြရန်) ...

🎬 မောင်ခွေး – လျှောက်လာရာမှ – ရပ်လိုက် (High Angle မှ CRANE ဆင်း) မောင်ခွေး မျက်နှာ BCU သို့ SLOW Z:IN

🎬 မောင်ခွေး BCU နှင့် – အားပါးတရ – အော်ရယ်လိုက်ပုံ ပြရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၅၁

| | | |
|---|---|---|
| ရိုက်ကွင်းနေရာ | – | အကြော်တဲ (တွင်း/ပြင်/နေ့) |
| ပါဝင်သူများ | – | မောင်ခွေး၊ မိဖြူ၊ အဖွားကြီး၊ ထီသည်။ |

http://www.cherrythitsar.org



🎬 အကြော်တဲ (WIDE) မှ PAN မောင်ခွေး လျှောက်လာ/ဝင်ထိုင် (မောင်ခွေးနှင့် မိဖြူ) အကြည့်များ အပြန်အလှန်ပြရန် ...

– ခွေး – 'မိဖြူ–ငါ–အကြော်စားမယ်နော်...'

– ဖြူ – 'ပိုက်ဆံပေးစားတာပဲ–ခွင့်တောင်းနေစရာ မလိုပါဘူး ...'

🎬 မောင်ခွေး အိတ်ထဲမှ ပိုက်ဆံထုတ်ကြည့် (၇ဝိ/–) ... မောင်ခွေး အကြော်ယူစားရင်း ပြော ...

– ခွေး – 'မိဖြူ–နင် ငါ့အကြောင်းတွေ ကြားလား ...'

– ဖြူ – 'မကြားဘူး–ကြားလဲ စိတ်မဝင်စားပါဘူးဟာ–ငါက ကိုယ့်ဘဝကိုပဲ ကိုယ်စိတ်ဝင်စားတယ်–အချိန်တွေပိုနေမှ သူများအကြောင်း စိတ်ဝင် စားနိုင်တာဟဲ့...'

ထိုစဉ် – 'သားရယ်–အမေ တောင်းပန်ပါတယ်–အမေ့မှာ ဒါပဲ ပါလို့ပါ...' ဟူသော အသံကို ကြား – မောင်ခွေး လှည့်ကြည့် ...

🎬 အဖွားကြီးတစ်ယောက် ထီသည်အား တောင်းပန်ပြောကြားနေ ...

– ထီ – 'ကျွန်တော်ကလဲ ဖြုတ်ရောင်းလို့ မရဘူး အမေရဲ့–မင်္ဂလာမောင်နှံ ဆိုတာက နှစ်စောင်တွဲပြီးသား ...'

– မေ – 'အမေ့မှာကလည်း တစ်စောင်ဖိုးပဲပါလို့ အမေ ညက အိပ်မက်မက် တယ် သားရဲ့–ဘိုးတော်တစ်ပါးက ၁၂၀၀ နာရီတိတိမှာ ထီထိုးပါလို့ ပြောသွားတာ အခု ထိုးမှ ဖြစ်မှာမို့လို့ပါ သားရယ်–အမေ တောင်းပန် ပါတယ်...'

– ထီ – 'ဒုက္ခပါပဲဗျာ–ကျွန်တော်ကလဲ ဖြုတ်ရောင်းလို့ မရဘူးဗျ...'

🎬 မောင်ခွေး ထ, သွားမေး ...

– ခွေး – 'ထီ–နှစ်စောင်က–ဘယ်လောက်လဲ...'

– ထီ – 'တစ်ရာ့ငါးဆယ်...'

– ခွေး – 'အမေ့မှာ ဘယ်လောက်ပါလဲ...'

– မေ – 'ရှစ်ဆယ်ပဲပါတယ် သားရဲ့ ...'

– ခွေး – 'ကဲ–ရော့ အမေ ဒီမှာ ခွန်နှစ်ဆယ်–ဒါ အမေ့ကို ကျွန်တော် လှူတာ'

– မေ – (အလွန်အံ့သြ/ဝမ်းသာသွား) 'သာဓုပါ သားရယ် သာဓုပါ သား နာမည် ဘယ်သူလဲ–သား ဘယ်မှာနေလဲ...'

– ခွေး – 'ကျွန်တော့်နာမည်–ငခွေးပါ–ဒီရပ်ကွက်မှာ ငခွေးလို့မေးရင် လူတိုင်း သိပါတယ်...'

– မေ – 'အေးကွယ်–အေး–ငါ့သားလေး ကျန်းမာပါစေ ချမ်းသာပါစေ'

🎬 မောင်ခွေး ဆိုင်တွင်းပြန်ဝင်လာ (စားလက်စ,အကြော်ကို ကုန်အောင်စားပြီး) ...

http://www.cherrythitsar.org



– ခွေး – 'မိဖြူ ငါ့မှာ ပိုက်ဆံမရှိတော့ဘူးဟာ–ခုန–အဖွားကြီးကို ငါပေးလိုက်တာ–ငါ့မှာ ချမ်းသာသမျှ အကုန်ပဲ...'

– ဖြူ – 'ဟဲ့–ငါက စီးပွားရေးလုပ်နေတာနော်–အလှူလုပ်နေတာ မဟုတ်ဘူး'

– ခွေး – 'အေးပါ–ငါသိပါတယ်'(ပြောပြီး အင်္ကျီချွတ်ပေး)

– 'ရော့–အဲဒါ ငါ့အကြွေးဖိုး ...'

🎬 အင်္ကျီချွတ်ပေးပြီး မောင်ခွေးလှည့်ထွက်သွား ... မိဖြူ ငေးမောရင်း ကျန်ခဲ့ ... ဆီပူအိုးထဲမှ အကြော်များ ပြရန် ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org

http://www.cherrythitsar.org



- မောင်ခွေး တစ်ယောက်ထဲ (အင်္ကျီချွတ်နှင့်) လျှောက်သွားနေပုံ ...
- လူများက (အရူးထင်) အထင်သေးစွာ ကြည့်ကြပုံ ...
- မြို့ထဲ ပလက်ဖေါင်းပေါ်တွင် (အင်္ကျီချွတ်နှင့်) ထိုင်နေပုံ ...
- တစ်ယောက်ထဲ စကားပြော လျှောက်သွားနေပုံ ... တို့ကို – သီချင်း B/G ဖြင့် ပြလိုက ပြနိုင်ပါသည်။

  – လောကကြီးမှာ အရေးကြီးဆုံးက ဘာလဲ ...
  – ချမ်းသာခြင်း ... ဆိုတာ ဘာလဲ ...
  – လူတစ်ယောက်အဖြစ် ရည်တည်ဖို့ လိုအပ်တာ ... ဘာလဲ ...
  – ဘာလဲ ... ဆိုတာ ... ဘာလဲ ... ?




ရိုက်ကွင်းနေရာ – ဟိုတယ်တစ်ခု (တွင်း/နေ့)
ပါဝင်သူများ – ဦးကျော်ဇော၊ ဦးအောင်ခန့်။

http://www.cherrythitsar.org



🎬 ရန်ကုန်မြို့ SCENE မှ PAN – ဟိုတယ်ပြတင်းပေါက်အနီး (လက်ဖက်ရည်ဝိုင်း) မှ ဦးကျော်ဇော နှင့် ဦးခန့် ...

– ခန့် – 'အခု–မောင်ခွေး–ဘယ်ရောက်နေလဲ...'

– ဇော – 'မသိဘူးဗျ–အဲဒီထဲက သူ့ကို မတွေ့တော့တာတဲ့...'

– ခန့် – 'အဲဒီတော့–ခင်ဗျားနဲ့ ကျုပ် ဘယ်သူက နိုင်တာလဲ...'

🎬 ခန့် + ဇော တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် (အဖြေမပေးနိုင်ဖြစ်နေရာမှ) ပြိုင်တူ – ရယ်လိုက်ကြ ...

– ဇော – (ရယ်ရင်း) 'ဘယ်သူမှ မနိုင်ဘူးဗျ–သရေပဲ...'

– ခန့် – 'မဟုတ်သေးဘူးဗျ–အဖြေတစ်ခုတော့ ရှိရမှာပေါ့–ကဲ–ကျုပ်ထပ်မေးမယ်ဗျာ–လောကမှာ ဘာအရေးကြီးဆုံးလဲ...'

– ဇော – 'ဟား–ဟား ကျုပ်အတွက်ကတော့–ငွေ–ပေါ့...'

– ခန့် – 'အဲဒီငွေက မောင်ခွေးဘဝကို ဘာတွေပြောင်းလဲပေးနိုင်လဲ...'

– ဇော – 'ဟာ–ခင်ဗျား မျက်မြင်ပဲလေ–အများကြီးပြောင်းလဲသွားတာပဲ'

– ခန့် – 'အဲဒီအပြောင်းအလဲတွေဟာ ငွေကြောင့်လား လူကြောင့်လား'

– ဇော – 'ဟာ–ခင်ဗျားက နှစ်လုံးထဲနဲ့ ကပ်ရှုပ်နေပြန်ပြီ...'

– ခန့် – 'ဟုတ်တယ်လေဗျာ ကျုပ်ပြောတာက...' (ထိုစဉ် Ph: မြည်လာ) 'ဟုတ်ကဲ့–ဟုတ်ပါတယ်–ခင်ဗျာ–ဟုတ်ပါတယ် ဦးကျော်ဇောလဲ ဒီမှာ ရှိပါတယ်–ဗျာ–ကျွန်တော်တို့က–မဟုတ်သေးဘူးထင်တယ်–အော်–ဟုတ်ကဲ့–ဟုတ်ကဲ့–အဲဒါဆိုလဲ–ကျွန်တော်တို့–အခုပဲ–လာခဲ့ပါ့မယ်...'

– ဇော – 'ဟေ့လူ–ဘာတွေဖြစ်နေတာလဲ...'

– ခန့် – (ထိုင်ရာမှ ထ,ရင်း) 'လာဗျာ–စိတ်ရောဂါကုဆေးရုံကို သွားကြရအောင်...'

– ဇော – 'ဘာ–ဘယ်လို–ဘယ်လို...'

– ခန့် – 'လာပါ...'


▲▼▲▼▲▼▲▼

http://www.cherrythitsar.org



## အခန်းစဉ် ၅၃

| | | |
|---|---|---|
| ရိုက်ကွင်းနေရာ | – | ဆေးရုံ (တွင်း/ပြင်/နေ့) |
| ပါဝင်သူများ | – | ဦးကျော်ဇော၊ ဦးအောင်ခန့်၊ ဆရာဝန်၊ |
| | | ... နှင့် ... အရှုးများ။ |



http://www.cherrythitsar.org



🎬 ပုံစံမျိုးစုံနှင့် အရူးများ (တစ်ဦးစီ) Trolly Shot – Trolly အဆုံးတွင် ဆရာဝန် အခန်း ...

– Dr – 'မောင်ခွေးဆိုတဲ့လူက–ခင်ဗျားတို့နှစ်ယောက်နာမည်နဲ့–သိန်းတစ်ရာ တန် ပဒေသာပင်တစ်ခုကို လှူထားတယ်ဗျ–အဲဒါကြောင့် ခင်ဗျား တို့ကို ဂုဏ်ပြုလက်မှတ်ပေးချင်လို့ပါ...'

🎬 ခန့် + ဇော – အလွန်အံ့ဩသွားကြပုံ ...

– ဇော – 'မောင်ခွေးက–ကျွန်တော်တို့နာမည်နဲ့–သိန်း–တစ်ရာ–ဟုတ်ရဲ့လား– ဆရာရယ်...'

– Dr – (ရယ်ရင်း) 'မောင်ခွေးက ကြားလူကတစ်ဆင့် လှူလိုက်တာဗျ– ကျွန်တော်တို့က ဂုဏ်ပြုမှတ်တမ်းပေးချင်လို့–ဆက်သွယ်တော့–သူ့ အတွက် မလိုပါဘူးတဲ့–ဦးအောင်ခန့်တို့ကိုပဲ ပေးလိုက်ပါတဲ့–အဲဒါ ကြောင့်–ခင်ဗျားတို့ကို ကျွန်တော်ဆက်သွယ်ရတာပါ...'

– ခန့် – 'အဲဒါဆို–အခု မောင်ခွေးက ဘယ်မှာလဲ...'

– Dr – 'သူ့လိပ်စာကတော့–ကျွန်တော်တို့ဆီမှာ–ရှိပါတယ်...'

🎬 ခန့် + ဇော တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပုံ ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org


# အခန်းစဉ် ၅၄

ရိုက်ကွင်းနေရာ – စိုက်ခင်း/အိမ် (ပြင်/နေ့)

ပါဝင်သူများ – မောင်ခွေး၊ ဦးအောင်ခန့်၊ ဦးကျော်ဇော၊ အမေ/ကလေးများ။

http://www.cherrythitsar.org



- စိုက်ခင်းနှင့်အိမ် (L.S) မှ Pan – ဦးကျော်ဇောတို့အား ဝင်လာပုံ – ပြ ...

- (ဇော + ခန့်) ကားပေါ်မှ ဆင်း – (ကစားနေသော ကလေးများဘေးမှ) ဖြတ်လာ ...

- အသျှောင့်ထွက်ခါစ – စိုက်ခင်းကို ရေလောင်းနေပုံ CU မှ Tilt Up (မောင်ခွေး) ရေလောင်းနေရာမှ လှည့်ကြည့် ...

- ခန့် + ဇော ခြံထဲဝင်လာ – မောင်ခွေး နှင့် ဆုံ ...

– ခွေး – ‘ဦးတို့ ဒီရောက်လာမယ်ဆိုတာ ကျွန်တော်သိပါတယ်–ဒါပေမဲ့–ဒီလောက်မြန်လိမ့်မယ်လို့ မထင်ဘူး ...’

– ခန့် – ‘မောင်ခွေး–ဒီခြံနဲ့ ဒီအိမ်–က...’

– ခွေး – ‘ဟုတ်ကဲ့ ဒါ ကျွန်တော့်ခြံနဲ့ ကျွန်တော့်အိမ်ပါ...’

– ဇော – ‘ဟို–ဆေးရုံက–ပဒေသာပင်က ...’

– ခွေး – ‘ဟုတ်ပါတယ် ဦး–အဲဒါလဲ ဦးတို့နာမည်နဲ့ ကျွန်တော်လှူလိုက်တာပါ...’

– ခန့် – ‘ငါတို့တော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူးကွာ...’

– ခွေး – (ပြုံးရင်း) ‘လာပါ–ထိုင်ကြပါဦး’

- အိမ်ရှေ့ကွပ်ပျစ် (ထိုင်ပြီး) အိမ်ရှေ့ သောက်ရေအိုးစင်မှ Pan နှင့် ပြ – (ခန့်+ဇော) ကို မောင်ခွေး ပြောပြနေပုံ – SILENT အရုပ်ကြားတွင် ...

– * – အမေကြီးကို ထီလက်မှတ်ဖိုး ကူညီလိုက်ပုံ ...

– * – အမေကြီး ထီတိုက်/ဝမ်းသာနေပုံ ...

– * – အမေကြီး မောင်ခွေးကို လာတွေ့ပုံ ... Short Cut များကို B & W ဖြင့် ပြရန် ...

– ခွေး – ‘ဘာရယ်မဟုတ်ဘဲ–ကျွန်တော်ကူညီလိုက်တဲ့ ထီလက်မှတ်တစ်စောင်ဖိုးက ကျွန်တော့်ဘဝကို ပြောင်းပေးလိုက်တာပဲ–အဲဒီအမေကြီးက သိန်း(၃၀၀)ဆုလဲ ပေါက်ရော ကျွန်တော့်ကို မရမကလိုက်ရှာပြီး ငွေတစ်ဝက်ကို လာပေးတယ်လေ–ကျွန်တော် ဘယ်လိုမှ မမျှော်လင့်ခဲ့ပါဘူး–ကျွန်တော် အရမ်းအံ့ဩတယ်–တစ်ချိန်ထဲမှာပဲ–လူ့ဘဝမှာ ဘာအရေးကြီးဆုံးလဲဆိုတာကို ကျွန်တော် နားလည်လိုက်ပါတယ်...’

– ‘အဲဒီပိုက်ဆံတွေ ကျွန်တော်မလိုချင်ဘူးလို့–ပြန်ပြောလိုက်တယ်–အမေကြီးကလဲ သူ့အတွက် ငွေတွေအများကြီး မလိုဘူးတဲ့–အဲဒီမှာ ကျွန်တော်တို့နှစ်ယောက် သားအမိတွေလို ဖြစ်သွားကြတာပါပဲ–ကျွန်တော့်အတွက်လဲ အမေတစ်ယောက် အစားပြန်ရလိုက်တာပေါ့–အဲဒါနဲ့–ကျွန်တော်တို့သားအမိနှစ်ယောက် ဒီနေရာလေးမှာ–

http://www.cherrythitsar.org



အေးအေးချမ်းချမ်း–လာနေခဲ့ကြတာပါ...'

🎬 အိမ်ပေါ်မှ အမေကြီး၏ (မေတ္တာပို့ ကြေးစည်သံ) ... ဦးကျော်ဇော ရေအိုးစင်မှ ရေခပ်သောက် ...

– ခန့် – 'ဟို သိန်းတစ်ရာကို ဘာဖြစ်လို့ ဆေးရုံမှာ...'

– ခွေး – 'ဟုတ်ပါတယ် ဦး–တကယ်တော့ သိန်းတစ်ရာဆိုတဲ့ ငွေဟာ–ကျွန်တော့်လိုလူတစ်ယောက်ကို ရူးသွားစေနိုင်ပါတယ်–တကယ်လဲ ကျွန်တော် ရူးမတတ်ဖြစ်ခဲ့ပါတယ်–အမှန်တကယ် အဲဒီငွေတွေကို–စ,ကတည်းက ကျွန်တော့်ကိုမပေးဘဲ ဆေးရုံကိုလှူလိုက်ရင် ပိုအကျိုးရှိမှာပါ–အဲဒါလေးကို ဦးတို့ သိစေချင်လို့–ပြီးတော့–ကျွန်တော်တို့ သားအမိအတွက်လဲ ပိုနေလို့–အဲဒီငွေတွေကို ဦးတို့နာမည်နဲ့ လှူလိုက်တာပါ...'

🎬 အိမ်ပေါ်တွင် အမေကြီး မေတ္တာပို့ဘုရားရှိခိုးနေပုံ ပြရန် ...

🎬 ခန့် + ဇော (ပြန်ရန်) ကားပေါ်တက် ... မောင်ခွေး ပန်းပင်များ ဆက်ရေလောင်းနေ ...

🎬 ခန့် + ဇော (ကစားနေသော ကလေးများဘေးမှ) ကားမောင်းထွက်သွား ...

🎬 (မေတ္တာပို့သံ B/G နှင့် တဖြည်းဖြည်း ဝေးသွားသော ကား) ...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org





ရိုက်ကွင်းနေရာ – ဟိုတယ် (တွင်း/နေ့)
ပါဝင်သူများ – ဦးကျော်ဇော၊ ဦးအောင်ခန့်။

http://www.cherrythitsar.org



🎬 ရန်ကုန်မြို့ (High Angle)မှ ဟိုတယ်သို့ Z:IN(ပြူတင်းပေါက်ဘေး) စားပွဲတွင် ထိုင်နေသော နှစ်ယောက် စကားမပြောဘဲ (အတွေးကိုယ်စီနှင့်) ငြိမ်နေ ...

– ခန့် – 'ခင်ဗျားနဲ့ ကျုပ်–ဘယ်သူနိုင်လဲ...'

– ဇော – 'အေး–ကျုပ်လဲ အဲဒါပဲ စဉ်းစားနေတာ...'

– ခန့် – 'ကျုပ်တို့ရဲ့ သိန်းတစ်ရာကြောင့် ဒီကောင်လေး–ချမ်းလဲမချမ်းသာ လာဘူး–ပျက်လဲမပျက်စီးသွားဘူးဗျ...'

– ဇော – 'အင်း–ဒါပေမဲ့ သူ့အတွက် အသိတစ်ခုတော့ ရသွားတယ်လို့ ကျွန်တော် ထင်တယ်...'

– ခန့် – 'သူပြောတဲ့အထဲမှာ ပါတယ်လေ–ဘာအရေးကြီးဆုံးလဲ...ဆိုတာ သူသိသွားတယ်...တဲ့...'

– ဇော – 'အေး–အဲဒါကို ကျွန်တော် သိပ်မရှင်းဘူး ဖြစ်နေတယ်...ဘဝတစ်ခုမှာ အရေးကြီးဆုံးက ဘာလဲ–ဘာအရေးကြီးဆုံးလဲ...'

– ခန့် – 'မောင်ခွေး ဖြစ်သွားတာကို မေးတာလား ...'

– ဇော – 'အင်း ...'

– ခန့် – 'လောဘမကြီးဖို့–အရေးကြီးတယ်လို့ သူမြင်သွားတာဗျ'

– ဇော – 'ဟုတ်ပါ့မလား ...'

– ခန့် – 'ခင်ဗျားက ဘယ်လိုထင်လို့လဲ...'

– ဇော – 'နေတတ်ဖို့ အရေးကြီးတယ်လို့ သူမြင်သွားတာဗျ...'

– ခန့် – 'နေတတ်ပေမယ့်လဲ လောဘရှိရင် ဆင်းရဲနေရဦးမှာပဲဗျ...'

– ဇော – 'မဟုတ်ဘူးလေ–နေတတ်သွားပြီဆိုမှတော့ လောဘဘယ်ရှိတော့ မလဲဗျ...'

– ခန့် – 'NO–NO–လူဆိုတာ မသေမချင်း လောဘဆိုတာ ရှိနေတာပဲ– အဲဒီတော့ လောဘမရှိမှ အေးချမ်းမှာပေါ့ဗျ...'

– ဇော – 'မဟုတ်သေးဘူး ထင်တယ်...'

🎬 S.t.Cut.tကဲ့သို့ နှစ်ယောက်မှ လက်ဖက်ရည်နှစ်ခွက်သို့ Z:IN လက်ဖက်ရည် ခွက်–နှစ်ခွက်ပေါ်တွင် စကားသံများ O/L ...

– ခန့် – 'အင်း–ခင်ဗျားနဲ့ကျုပ်ကတော့ ဆက်ငြင်းရဦးမယ်နဲ့တူတယ်'

– ဇော – 'ငြင်းတာမဟုတ်ပါဘူး–ခင်ဗျား မြင်အောင် ကျုပ်က ရှင်းပြတာပါ...'

– ခန့် – 'ဟာ–ကျုပ်မြင်တာက–တစ်မျိုးဗျ...'

– ဇော – 'ကဲ–ဟုတ်ပြီ အဲဒါဆိုရင် အစ,က ပြန်စမယ်–ခင်ဗျားက လောဘမရှိမှ အေးချမ်းမယ်လို့ပြောတယ်–ဟုတ်တယ်နော်–ကျွန်တော်က နေတတ်ရင် ငြိမ်းချမ်းတယ်လို့ ပြောတယ်...အဲဒီတော့...'
(အသံ တဖြည်းဖြည်းနှင့် – Fade Out)


http://www.cherrythitsar.org



- ခွက်နှစ်ခွက်အရုပ် FREEZE ပေါ်တွင် စကားသံများ ပျောက်သွားလျှင် ‘ဘာအရေးကြီးဆုံးလဲ’ စာတန်း Fade In နှင့် ပေါ်လာ ...
- ဇာတ်သိမ်းစာတန်းများ ရေးထိုး၍ အဆုံးသတ်ရန်...

▲▼▲▼▲▼▲▼

http://www.cherrythitsar.org



# ရိုက်ကွင်းနှင့် ဇာတ်ဝင်ခန်း ဓါတ်ပုံများ